စိတ်ကူးချိုချိုအနုပညာ

# မြန်မာ့ဂန္ထဝင် လျှို့ဝှက်ဆန်းကြယ် ဝတ္ထုတိုများ

ရွေးချယ်စီစဉ်သည်။



mgyoe.com

# မြန်မာ့ဂန္ထဝင် လျှို့ဝှက်ဆန်းကြယ် ဝတ္ထုတိုများ

ပီမိုးနင်း

သန်းဆွေ

ဒီးဒုတ်ဦးဘချို

ဒဂုန်တာရာ

ဇဝန

ဦးသန့်

မိုးဝေ

ပုလိပ်အရာရှိတစ်ဦး

ငွေဥဒေါင်း

သော်တာဆွေ

သာဂရစိုး

ဒဂုန်ရွှေမျှား

ကိုကို

ဓူဝံ

မဟာဆွေ

ရွှေဥဒေါင်း

ရုံးအမှုလိုက်ဦးဘညွန့်(မော်လိုက်)

KLS0107
2,700.00 KS

mgyoe.com

mgyoe.com

မြန်မာ့ဂန္ထဝင်လျှို့ဝှက်ဆန်းကြယ်ဝတ္ထုတိုများ။ ဗိုမိုးနှင်းနှင့်အခြား
စာမျက်နှာ ၂၆၅ မျက်နှာ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းညို၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဒီဇင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မြန်မာ့ဂန္ထဝင် လှျို့ဝှက်ဆန်းကြယ် ဝတ္ထုတိုများ

ခွန်းချိုဆွေရည်

ရွေးချယ်စီစဉ်သည်။

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | | |
|---|---|---|---|
| – | မြန်မာဂန္ထဝင်လျှို့ဝှက်ဆန်းကြယ် ဝတ္ထုတိုများနှင့်ပတ်သက်၍ | | (က) |
| – | ဂန္ထဝင်မြန်မာလျှို့ဝှက်သည်းဖို ဝတ္ထုများနှင့်ပတ်သက်၍ | | (ခ) |
| ၁။ | ရွှေလိပ်ပြာ | ပီမိုးနင်း | ၁ |
| ၂။ | မိုး | သန်းဆွေ | ၂၃ |
| ၃။ | ထမင်းလုံးတစ္ဆေ | စပယ် (ဒီးဒုတ်ဦးဘချို) | ၄၀ |
| ၄။ | နေရစ်တော့ သက်လယ်ရယ် | အဂ္ဂနိတာရာ | ၄၇ |
| ၅။ | မိန်းမမိုက် | ဇဝန | ၅၉ |
| ၆။ | ထူးဆန်းသော ကိုရွှေအုပ်၏ အတ္ထုပ္ပတ္တိ | ဦးသန့် | ၆၉ |
| ၇။ | အိမ်ဦးနတ် | မိုးဝေ | ၇၇ |
| ၈။ | ထန်းပင်ရှည်ရွာ လူသတ်မှု | ပုလိပ်အရာရှိတစ်ဦး | ၉၁ |
| ၉။ | ကျွန်းသုံးပင် ဗိုလ်တဲ | ငွေဥဒေါင်း | ၁၁၇ |
| ၁၀။ | သည်နှစ်လမ်း | သော်တာဆွေ | ၁၄၁ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၁။ နှတ်မစွမ်း လူမ | သာဂရ-ငစိုး | ၁၆၀ |
| ၁၂။ မ သတ္တိ | ဒဂုန်ရွှေမှူး | ၁၆၉ |
| ၁၃။ ဦးဖြူစင် | ကိုကို | ၁၈၉ |
| ၁၄။ သူ့အမြစ် | ရွှံ | ၂၁၆ |
| ၁၅။ လက်ဆောင်ထူး | မဟာဆွေ | ၂၂၅ |
| ၁၆။ ကြမ်းလိုက်တဲ့တော | ရွှေဥဒေါင်း | ၂၄၃ |
| ၁၇။ ထမံကျား | ရှုံးအမှုလိုက် ဦးဘညွန့်(မော်လိုက်) | ၂၅၆ |


❐

mgyoe.com

mgyoe.com

# မြန်မာဂန္ထဝင်လျှို့ဝှက်ဆန်းကြယ် ဝတ္ထုတိုများနှင့် ပတ်သက်၍

"မြန်မာ့ဂန္ထဝင်လျှို့ဝှက်ဆန်းကြယ်ဝတ္ထုတိုများ" မှာ ကွယ်လွန်သွားရှာပြီဖြစ်သော သမီးကြီး ခွန်းချိုဆွေရည် ရွေးချယ်စုဆောင်းစီစဉ်ခဲ့ခြင်း ဖြစ်သည်။

မြန်မာစာပေလောကတွင် "လျှို့ဝှက်ဆန်းကြယ်" ဝတ္ထုများကို မြန်မာစာရေးဆရာအများစုက အခွင့်သင့်လျှင် သင့်လို ရေးသားခဲ့ကြသည်။ ယခုတစ်ခုတွင် မြန်မာစာရေးဆရာများရေးဖွဲ့ခဲ့သော လျှို့ဝှက်ဆန်းကြယ်ဝတ္ထုတိုများကို တင်ပြထားခြင်း ဖြစ်သည်။

သမီးကြီး ခွန်းချိုဆွေရည်သည် ဆရာကြီးရွှေဥဒေါင်း၏စုံထောက်ဟောင်းစံရှားဝတ္ထုများကို စိတ်ဝင်တစားဖတ်ရှုခဲ့ရာမှ ဆရာကြီးရွှေဥဒေါင်း၏ လျှို့ဝှက်ဆန်းကြယ်ဝတ္ထုများကိုပါ ရှာဖွေဖတ်ရှုခဲ့သည်။ ဤသို့နှင့် အခြားသော မြန်မာစာရေးဆရာများ၏ လျှို့ဝှက်ဆန်းကြယ်ဝတ္ထုတိုများ ဖတ်ရှုမိရာမှ ယခုစာစုကို ရွေးချယ်စီစဉ်ခဲ့ခြင်း ဖြစ်သည်။

ကွယ်လွန်သွားပြီဖြစ်သော သမီးကြီးခွန်းချိုဆွေရည်ရွေးချယ်ခဲ့သော လျှို့ဝှက်ဆန်းကြယ်ဝတ္ထုတိုစာစုတို့အား ကွယ်လွန်ခြင်းတစ်နှစ်ပြည့် အမှတ်တရအဖြစ် ထုတ်ဝေခြင်း ဖြစ်သည်။ ယခုကဲ့သို့ ထုတ်ဝေနိုင်အောင် တာဝန်ယူထုတ်ဝေပေးသော ဦးစန်းဦး(စိတ်ကူးချိုချို)စာအုပ်တိုက်အား ကျေးဇူးတင်မှတ်တမ်းတင်အပ်ပါသည်။

မြင့်ဆွေဦး



mgyoe.com

mgyoe.com

## ဂန္ထဝင်မြန်မာလျှို့ဝှက်သည်းဖိုဝတ္ထုများနှင့်ပတ်သက်၍

ကမ္ဘာစာပေလောကတွင် တစ္ဆေဝတ္ထုများသည် နာမည်အမျိုးမျိုးနှင့် တွင် လျက်ရှိလေသည်။ Ghost Story ဟု ခေါ်ကြသည်။ သို့သော် စာပေ အဘိဓာန်များ၌ Gothic Novel, Supernatural Story ဟု လည်းကောင်း အမည်တွင်လေသည်။ ထိုဝတ္ထုများမှာ ၁၇ ရာစုနှစ်လောက်ကစ၍ ပေါ်ပေါက် လာသည်ဟု ဆိုသည်။

ကမ္ဘာစာပေလောကတွင် ထိုသို့သော ဝတ္ထုများသည် ရှေးခေတ်ဟောင်း အီဂျစ်၊ ဂရိ၊ ရောမခေတ်ကပင် ပေါ်ပေါက်ခဲ့သည်ဟု ဆိုသည်။ ထို့အတူပင် အရှေ့တိုင်း၌လည်း တရုတ်၊ အာရပ်စာပေများတွင်လည်း ထိုဝတ္ထုအမျိုး အစားများကို တွေ့ရသည်ဟု ဆိုသည်။

ယင်းတို့အနက် ရောမခေတ်က ပလီနီ အငယ်ဆိုသူက တစ္ဆေခြောက် သော အိမ်ကြီးတစ်ဆောင်အကြောင်းကို မှတ်တမ်းတင်ခဲ့ရာ ထိုကဲ့သို့ စာပေ အမျိုးအစားတွင် အစောဆုံးဖြစ်သည်ဟု ဆိုကြသည်။ အလယ်ခေတ်သို့ ရောက်လာသောအခါတွင် သွေးစုပ်ကောင်များ၊ သွေးစုပ်ဝံပုလွေများနှင့် နတ် ဆိုးများအကြောင်းကို ရေးသားလာခဲ့ကြလေသည်။

ရှိနေးဆင့်ခေတ်တွင် ရှိတ်စပီးယား၏ မက်ကဘက်ပြဇာတ်ကို နမူနာ ပြကြသည်။

mgyoe.com

mgyoe.com



မြန်မာစာပေလောကတွင် ဝတ္ထုတိုများမှာ အစောဆုံး မဂ္ဂဇင်းဖြစ်သည့် မြန်မာ့မဂ္ဂဇိန်မဂ္ဂဇင်းထွက်သည့်အချိန် ၁၉၀၅ ခုနှစ်မှစ၍ ပေါ်ပေါက်ခဲ့သည် ဟု ဆိုပါသည်။ သို့သော် ထိုမဂ္ဂဇင်းများကို ရှာဖွေ၍ မတွေ့နိုင်တော့သဖြင့် မည်သို့သောဝတ္ထုများ ပါဝင်ခဲ့သည်ကို ပြောမပြနိုင်တော့ပါ။ ၁၀၁၇ ခုနှစ် တွင် သူရိယမဂ္ဂဇင်း စတင်၍ ထုတ်ဝေသည့်အခါ ဝတ္ထုများကို ထည့်သွင်း ဖော်ပြခဲ့ပါသည်။ ထိုအခါ ဆရာကြီး ရွှေဥဒေါင်းက သူရိယမဂ္ဂဇင်း အမှတ် ၁ တွင် "မောင်သိန်းရှင်မသိန်းတင် ဝတ္ထု" ကို စတင်ရေးသားခဲ့ပါသည်။ ထို့ နောက်တွင်မှ စုံထောက်မောင်စံရှားဝတ္ထုများကို ဆက်လက်၍ ရေးသားခဲ့ ပါသည်။ ထိုစဉ်က သူရိယမဂ္ဂဇင်းတွင် ဝတ္ထုများကို ထည့်သွင်းဖော်ပြခဲ့ရာ စုံထောက်ဝတ္ထုများ၊ ရာဇဝင်ဝတ္ထုများနှင့် သည်းထိတ်ဖိုဝတ္ထုများကို ထည့် သွင်းဖော်ပြခဲ့လေသည်။

ထို့နောက် ၁၉၂၀ တွင် ဒဂုန်မဂ္ဂဇင်းထွက်လာခဲ့ပြီး ဝတ္ထုများကို ဖော်ပြ ခဲ့ရာ အကြောင်းအရာမျိုးစုံကို ရေးသားဖော်ပြပါသည်။ စုန်းတစ္ဆေဝတ္ထုများ ကိုလည်း ရေးသားခဲ့သည်ကို တွေ့ရှိရပါသည်။ ဤသို့ဖြင့် မြန်မာစာပေ လောကတွင် သည်းထိတ်ဖိုဝတ္ထုများ တစစနှင့် ပေါ်ပေါက်လာခဲ့လေသည်။

အများအားဖြင့် ထိုဝတ္ထုများကို အများဆုံး ရေးသားခဲ့သူမှာ ဆရာကြီး ရွှေဥဒေါင်းဖြစ်လေသည်။ ထို့နောက်တွင် စတင်ရေးသားပြီး နောက်ပိုင်းတွင် ဒဂုန်ရွှေမျှားသည်လည်း ထိုကဲ့သို့ ဝတ္ထုများကို ပြည်မောင်တင် အမည်ဖြင့် အများအပြားရေးသားခဲ့သည်ကို တွေ့ရလေသည်။ ထို့နောက်ပိုင်းတွင် မြန်မာ မဂ္ဂဇင်းများ အများအပြားပေါ်ထွက်လာခဲ့ရာ လျှို့ဝှက်သည်းဖိုဝတ္ထုများကို လည်း စာရေးဆရာများက ရေးသားလာခဲ့ကြလေသည်။ ဤသို့ဖြင့် မြန်မာ စာပေလောကတွင် လျှို့ဝှက်သည်းဖိုဝတ္ထုများ ထွန်းကားလာခဲ့လေသည်။



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ရွှေလိပ်ပြာ

ပီမိုးနင်း

ပီမိုးနင်း ရေးသားခဲ့သော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ယင်းကို ကဝိမျက်မှန်မဂ္ဂဇင်း၊ အတွဲ– အမှတ်–၁၊ [ ဇူလိုင်၊ ၁၉၃၁ ] တွင် ရေးသားခဲ့သည်။

လွန်ခဲ့သောအခါတွင်း၌ ကျွန်ုပ်သည် များစွာ စိတ်လက်မငြိမ်မသက်ဖြစ်ခဲ့၏။ သို့ မငြိမ်မသက်ဖြစ်ခြင်းမှာ အခြားကြောင့်မဟုတ်။ သားဖြစ်သူ မောင်ကျော်စိုးသည် မျက်စိအောက်မှ လောလောဆယ် ပျောက်ကွယ်သွားသော လရာသီ နှစ်လည်အခါဖြစ်သည့် ဖြစ်သည့်ပြင် ၎င်း၏မိခင်လည်း ထိုအခါနှင့် မဝေး သားနောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါ၍ သွားခဲ့လေရာ ရာသီအပြောင်း မိုးသံလေသံတို့က မီးပြန်၍ မွေးကြသောကြောင့် ဖြစ်လေ၏။

သို့ဖြစ်လေရာ ပူပြင်းခြောက်သွေ့ လူသတ္တဝါတို့ လက်မြောက်တိုင်း ဆောက်လုပ်စီမံကာ ပင်ကိုခမ်းနားလှပခြင်းနှင့် ပြည့်စုံသော သယံဇာတ လောကဓာတ်သဘာဝအလှ၏ မြုပ်နှံရာ သင်္ချိုင်းနှင့်တူသော ရန်ကုန်မြို့ကြီးကို မရှုဆိတ် မကြည်သာသဖြင့် မြေလတ်မီးရထားလမ်း မြို့တစ်မြို့သို့

mgyoe.com

mgyoe.com

ရောက်သွားလေ၏။ ရောက်သွားပြီး နောက်တစ်နေ့တွင် မြို့၏အစွန်အဖျား ရွာငယ်တစ်ခုသို့ မိတ်ဆွေတစ်ယောက်နှင့်အတူ မြင်းလှည်းဖြင့်ရောက်၍ သွားပြီးလျှင် ထန်းတောတစ်ခုနှင့် မနီးမဝေး ထိုရွာရှိ ထန်းသမားတစ်ယောက်၏ အောက်ထပ်မရှိသော အိပ်အပေါ်ထပ် နောက်ဖေးကြမ်းပြင်၌ ညနေချမ်းလေညင်းကိုခံကာ ချိုမြအေးကြည် ဝိစကိ ဆိုဒါ မမီသော ပင်ကျရည် စိမ်းဖန့်ဖန့်ကလေးဖြင့် ဒူးနှန့်ကာ အာကိုဆွတ်ရင်း ဇာတ်လမ်းဇာတ်ကွက်ကလေး တစ်ခု စကင်းချရန် ကြံစည်၍နေလေ၏။ သို့ ကြံစည်ရာ၌ ဉာဏ်နီဉာဏ်ဝါ တို့ကို ထွက်ပေါ်ပြန့်ပြူး အထူးဝေဆာအောင် ကူညီထောက်ပံ့သော အရာ တစ်ခုသည်ကား အနီး၌ ကပ်လျက်ရှိသော မီးဖိုချောင်မှ ရှဲခနဲ ရှဲခနဲ မြည်ကာ ခံတွင်းကို စွတ်စိုစေလျက် နှုတ်ခမ်းကြော၊ လျှာကြောများကို ရှိုးရှိုးရွရွဖြစ်စေ သော မွှေးကြိုင်သင်းပျံ့ ချိုမြိန်သောရနံ့ဖြစ်လေ၏။ ထိုရနံ့သည်ကား ကတောက် ကတက် ကော့ကော်ကက်ဟူ၍ မြည်ရာမှ သခါရသသော ရွှေ့လျှောဖောက်ပြန်ကာ ရှဲခနဲ ရှဲခနဲ မြည်ရသောအဖြစ်သို့ ပြောင်းလဲဆိုက်ရောက်ရှာသော မွှီးကောင် ပေါက်စ၊ ဗျောက်မကညာကလေး၏အသံဖြစ်လေသတည်း။

ထိုအခါ ဤလောကကြီးဟာ လွန်စွာမှ ကြောက်မက်ဖွယ်ရာကောင်း လှသော ငရဲအိုးကြီးပေတကား၊ တစ်ကောင်ကိုတစ်ကောင် မျိုစားခြင်းဖြင့် တည်နေသော လောကဓာတ်ကြီးပေတကား၊ များစွာသော ပိုးမွှားတိရစ္ဆာန် တို့ကို ကြက်က စား၊ စားသော ကြက်ကို လူကမျို၊ မျိုသော လူမှာ ပိုးလောက် စား၊ ပိုးလောက်တွေမှာ ပုရွက်စာဖြစ်၊ ဖြစ်ကပျက်ပြန် လန်ကဓာဆိုသည့် လောကဓံဟာ အင်မတန်မှ စက်ဆုပ်ရွံရှာ ကြောက်စရာကောင်းပါကလားဟု တွေးတော၍နေခိုက်တွင် ဆီနှင့် ဝင်းပြောင်ရွှေဒင်္ဂါးရောင် ပေါက်သော ကြက် ပေါင်ကြော်ဝဝ နှစ်ချောင်းကို အမယ်အိုတစ်ယောက်သည် ပန်းကန်ပြားငယ် တစ်ခု၌ တင်ကာ ယူလာ ကျွန်တော်တို့ ရှေ့ချပြီး အနီး၌ ပုဆစ်တုပ်ထိုင်ကာ "အဘွားအိုတို့အရပ်မှာတော့ မောင်ရင်တို့ ရန်ကုန်မြို့မှာလို ဆန်းဆန်းပြားပြား တော့ မရှိဘူး၊ ဒါမျိုးကို အကောင်းဆုံးထားရတာပဲ" ဟု ပြောပါသည်။

ကျွန်တော်က "ဒါထက်ကောင်းတာ ဘယ်မှာရှိမလဲ ဘွားရယ်၊ ရန်ကုန် မြို့မှာ ဒီလိုလတ်လတ်ဆတ်ဆတ်ကို လွယ်လွယ်ကူကူရဖို့ရာ အင်မတန်မှ ခက်တာပဲ။ ဒါထက် အားနာစရာ ဘွားရယ် ဘွားကိုယ်တိုင် လုပ်နေသလား"

mgyoe.com

mgyoe.com

ထိုအခါ ကျွန်ုပ်သူငယ်ချင်းက "ဘွားမှာတော့ ဒါမျိုးတွေ ရိုးနေပြီ၊ ဘွားကိုယ်တိုင်တော့ မလုပ်ပါဘူး။ အခုကြော်နေတာ မြေးပေါ့။ မြေး တစ်ယောက် အဘွားတစ်ယောက်မို့ မြေးပျော်တတ်သလိုနေတာကို ကြည့်နေ ရတာပဲ၊ ကြာတော့ ရိုးနေတာပေါ့ ဆရာရယ်"

အဘွားကြီးသည်ကား ဆံပင်ဖွေးဖွေးဖြူသော်လည်း ပါးရေမလိပ်၊ အသားလတ်လတ် သွားတစ်ချောင်းမျှ ချွတ်ယွင်းခြင်း မရှိသဖြင့် အလွန်ဆုံး ရှိလှရင် အသက် ငါးဆယ်ကျော် ခြောက်ဆယ်ထက်ပိုမှာ မဟုတ်ဟု မှတ်ထင် ၍ နေခိုက်မှာ ကျွန်ုပ်မိတ်ဆွေက "ဆရာ အဘွားအသက် ဘယ်လောက်ရှိပြီ ထင်သလဲ" ဟု မေးသဖြင့် ထင်မြင်သည့်အရွယ်ကို ပြောလိုက်ရာ

အမယ်အိုက "ဒီလိုပဲ အများက ထင်ကြတာပဲ။ အဘွားအမေ အသက် တစ်ရာနဲ့ ငါးနှစ်၊ သွားတစ်ချောင်းမှ မကျိုးဘူး၊ အဘွား အခု ကိုးဆယ်ပြည့် ဖို့ သုံးနှစ်လိုတော့တယ်"

ထိုအခါ ကျွန်ုပ်မှာ များစွာ အံ့သြ၍နေပါကြောင်း။

"အဘွား အသက်ရှည်မှာပေါ့။ အသက်ရှည်တဲ့ မျိုးရိုးအပြင် နဂိုက ပျော်ပျော်ပါးပါးနေတတ်တာကိုး၊ ပျော်ပျော်နေ သေခဲဆိုတာလိုပေါ့၊ ဒါထက် မောင်ရင်က ရန်ကုန်မြို့မှာ ဘယ်လိုရာထူးနဲ့လဲ" ဟု မေးရာ ကျွန်ုပ်၏ မိတ်ဆွေက ကျွန်ုပ်လုပ်ကိုင်သော ဝတ္ထုသတင်းစာ အလုပ်အကြောင်းကို ပြော၍ပြရာ အဘွားကြီးက "သြော်... အဘွားသိပြီ၊ ဒါးပိန်ယိမ်းဆရာ ဦးမောင်ကြီးတို့၊ ဆရာခတို့၊ ဆရာသင်တို့၊ တောင်လုံးပြန် ဆရာ ဘယ်သူ ဆိုလား မောင်ရယ်၊ ဒီလိုဇာတ်စာအုပ်များ ရေးသကိုး။ အဘွားတို့ ဟိုအခါက အင်မတန်ဖတ်တာပဲ၊ အဘွားစာပေ အင်မတန်ဝါသနာပါတယ်။ ဒို့အရင် ငယ်ငယ်ကတော့ နန်းတွင်းဇာတ်တော်ကြီးတွေ၊ နိပါတ်တော်ဇာတ်ကြီး ဆယ်ဘွဲ့ ဒီလိုစာကြီးတွေ ဖတ်တာပဲ။ ဒို့နောက် ကာလဇာတ်တွေ ပေါ်လာကြ တယ်။ အခု မောင်တို့ကာလမှာ ရေးသားစိကုံးကြတဲ့ ဇာတ်များတော့ အဘွား မဖတ်ဖူးဘူး။ မျက်စိကလည်း ရှေးကလို မကောင်းဘဲကိုး၊ ဆင်းရဲပြီး ဖြစ်ချင် တိုင်းဖြစ်နေတဲ့ဘဝရောက်တော့ စာဖတ်ခန်းလည်း မရှိပါဘူး မောင်ရင်ရဲ့။ ဒါထက် မောင် စာရေးဆရာဖြစ်ရင် အဘွား ပြောပြချင်တယ်၊ တကယ့် အဖြစ်ပဲ။ ရေးနိုင်ပါ့မလား" ဟု မေးလေ၏။

mgyoe.com

mgyoe.com


ထိုအခိုက်တွင် "ဟုတ်တယ်အမေ၊ အမေပြောတဲ့ အမေ့မောင် အတ္ထုပ္ပတ္တိဟာ ဝတ္ထုရေးရရင် အင်မတန်ကောင်းမှာပဲ" ဟု ပြောရင်း ၎င်း၏ မြေးသည် ပန်းကန်ပြားတစ်ချပ်နှင့် ကြက်ကြော်များကို အပြည့်ယူ၍ လာပြီး နံရံ၌ ထောင်ထားသော ဝါးကျည်ထောက်ကို ယူကာ ဖန်ခွက်ထဲသို့ ထန်းရည်ကို လောင်းထည့်၍ တစ်ခွက်ကို လျင်မြန်စွာ မော့လိုက်ပြီး ကြက်ခေါင်းကို ယူကာ ကျွန်ုပ်အား ပေးပြီးလျှင် အတောင်ပံတစ်ခုကို ယူ၍ ကိုက်လေ၏။ ၎င်း၏အသွင်မှာ ခံ့ညားဖြူစင်လျက် အသက်သုံးဆယ်ကျော် လေးဆယ်နီးနီး ရှိလေ၏။ ပျော်ပျော်ပါးပါးနေတတ်သော အသွင်ရှိလေ၏။ အသွင်နှင့် လျော်ညီစွာ စိတ်နေသဘောထား ရှုပ်ကြွပ်သူဖြစ်သောကြောင့် မိဘနှစ်ပါး သေဆုံးပြီး အဘွားကြီးနှင့်သာ လူပျိုကြီးလုပ်၍နေခဲ့သူဖြစ်လေ၏။

အဘွားကြီးက ကျွန်ုပ်၏မျက်နှာကို စိုက်ကာကြည့်ပြီး "မောင်တကယ် ရေးမလား၊ ပုံမဟုတ်ဘူး၊ တကယ့်အဖြစ်မောင်ရဲ့။ မောင်ရင် ယုံမှာတော့ မဟုတ်ဘူး"

"ကောင်းရင်ရေးပေါ့ အဘွားရယ်။ ထူးထူးဆန်းဆန်းဆိုရင် တကယ်ပဲ ဖြစ်ဖြစ်၊ ပုံပြင်ပဲဖြစ်ဖြစ် ယုတ္တိရှိရင် ရေးကောင်းတာပါပဲ။ ထူးဆန်းတာဖြစ်ရင် နားထောင်စမ်းပါရစေ အဘွားရယ် ပြောစမ်းပါ" ဟု ကျွန်ုပ်က ပြောလေရာ အဘွားကြီးသည် အောက်ပါအတ္ထုပ္ပတ္တိကို ပြော၍ ပြပါသည်။ သို့သော် လည်း မြန်မာစာမှာ တစ်စုံတစ်ယောက်ပြောသော အတ္ထုပ္ပတ္တိကို စကား အတိုင်း တိုက်ရိုက်ရေးရခြင်း၌ အတော်ခက်ခဲသည့်ပြင် ဖတ်သူများအတွက် လည်း မချောမမော အထစ်အဖုများသော လမ်း၌ သွားရသကဲ့သို့ဖြစ်သော ကြောင့် ကျွန်ုပ်မှတ်ကြားရသမျှကို အသေးအဖွဲ့အမူအရာ အပြောအဆိုတို့ ၌ ဓမ္မတာသဘောတရား၏ ညွှန်ကြားချက်ကို လိုက်ကာအထင်အမြင်ဉာဏ် ကို သုံးရခြင်းမှတစ်ပါး အမှန်အတိုင်းရေးသားလိုက်ပေကြောင်း။

* * *

## (အခန်း ၁)

ထိုအခါသည်ကား ဒုတိယကုလားကြီးတက်ပြီး၍ ရန်ကုန်မြို့ကို အင်္ဂလိပ်မင်းများ သိမ်းယူပြီးနောက် ကိုးနှစ် ဆယ်နှစ်ခန့်အခါ ဖြစ်လေ၏။

mgyoe.com

ထိုအခါ၌ လှိုင်မြစ်မှာ အလွန်စည်ကားသော ရေလမ်းဖြစ်လေရာ စံရွှေးမြို့သည် လှေကြီး လှေငယ်တို့ဖြင့် ပြည့်နှက်လျက် ကြက်တောင်စိုက် စည်ကားသော ဆိပ်ကမ်းမြို့ ဖြစ်လေ၏။ ယခုအခါ၌ပင် စံရွှေးသည် မြစ်စောင်းတောရပ်အဖြစ်သို့ရောက်၍နေသော်လည်း ၎င်းအရပ်မှ ရန်ကုန်နှင့် ပြည်သွားမီးရထားလမ်းမြို့များကို တောရပ် တောနယ်အနေဖြင့် ခေါ်ဝေါ်အသုံးပြုကာ မီးရထားလမ်း မြို့တစ်မြို့သို့ မိမိတို့အရပ်မှ တစ်စုံတစ်ယောက်သွားသည်ကို တောတက်သည်ဟု ပြောစမှတ်ပြုကြလေသည်။ ထိုမြို့၌ ကုန်သည်ပွဲစား သူဌေးသူကြွယ် အတော်များပြားလေရာ လူစွမ်းလူစ ထက်မြက်သောလူကုံထံသားများလည်း အတော်ထင်ရှားကြလျက် ပတ်ဝန်းကျင်ရပ်ရွာများအပေါ်၌ ကျော်ကြားထင်ရှား သူရသတ္တိအရာ၌လည်း ဂုဏ်သတင်းကြွားခဲ့လေသည်။

၎င်းမြို့၌ မောင်မင်းဒင်ခေါ်သူမှာ မိဘနှစ်ပါးကလည်း စည်းစိမ်ဥစ္စာနှင့် ကုံလုံကြွယ်ဝသည့်ပြင် နဂိုက_ရဲစွမ်းသတ္တိနှင့် ပြည့်ဝသဖြင့် ထင်ရှားသောကာလသားခေါင်းတစ်ယောက် ဖြစ်လေ၏။ ရပ်ရည်မှာလည်း ပီသသူဖြစ်လေရာ အဆိုပါ အဘွားကြီး၏မြေး ထန်းရည်သမားရပ်မျိုးဖြစ်သဖြင့် ၎င်းအဘွားကြီးသည် ထိုမြေးကို မိမိ၏မောင်ကြီး ကိုမင်းဒင်နှင့်တူသောကြောင့် ဤမျှလောက် ချစ်ခင်လျက် ထန်းသမားအလေ့ဖြင့် ထင်သလို နေထိုင်သည်ကို အလိုလိုက်ကာနေခဲ့ခြင်း ဖြစ်လေ၏။

မောင်မင်းဒင်မှာ ပွဲလမ်းသဘင်ဟူသမျှ၌လည်းကောင်း၊ မင်္ဂလာဆောင်အလှူအတန်းဟူသမျှ၌လည်းကောင်း ကြီးကြပ်စောင့်ရှောက်သူအနေဖြင့် အများလူတို့၏ ဆည်းကပ်ခယခြင်းကို ခံရလေ၏။ ဗိုလ်ကို ချိုးရန် ပေါ်လာသော လူမိုက် ဂုဏ်ယူလိုသူဟူသမျှသည် ညနေချမ်းအခါ အပျိုပေါင်းစုံရေခပ်လာသည့် ရေတွင်းများအနီး အပျိုတို့၏မျက်မှောက်၌လည်းကောင်း၊ လူစည်သော ဈေးထိပ်၌လည်းကောင်း မောင်မင်းဒင်၏ တံတောင်နှင့် ဖနောင့်ကို ကျောအောင့်အောင် ခံယူကြရလေ၏။

– မောင်မင်းဒင်မှာ လူပုံက ကြီးမားသန်မာထွားကျိုင်းဖြိုးစင်လျက် စိမ်းလဲ့သော မင်ကြောင်နှင့် နီဝင်းသော ဆေးနီတို့၏ကျက်သရေကြောင့် အင်္ကျီကိုများစွာ မလို၊ ပင်ကိုချောဖြစ်၍ ခြေတံလက်တံမှာ တွင်ခံထားသလို ခုံညားလှပ

mgyoe.com

mgyoe.com

လေရာ လွန်းပုဆိုးကို ခါးပုံထိုးလျက် ခါးတောင်းမြောက်မီးနှင့် ထိုးကွင်းဒူးကျ မပေါ့တပေါ်နှင့် သျှောင်တစောင်း ဆံမြိတ်တွဲ ထုံးလျက် အင်္ကျီအစား ဆေးနီဖြင့်သာ ဆင်သသော ကိုယ်နှင့် ညနေချမ်း နေခြည်ရောင်တွင် ဝင်းခနဲ ဝင်းခနဲ နေအောင် မောင်မင်းဒင် ခြင်းလုံးခတ်သည့်အခါ အဝေးမှ မြင်ရသော အပျိုတို့၏ရင်ဝမှာ ဖိုလှိုက်ကာ နေကြလေ၏။

၎င်းအပျိုများနှင့်ပတ်သက်၍ ပေါ်လာသော ရန်သူများကိုလည်း အခါများစွာ လမ်းဆုံလမ်းခွ၌ မင်းသားကြီး ရာဇဂုဏ်ရောက်သလို ယိုးဒယားဟန်ပါပါနှင့် ဖနောင့်စာကျွေးရလေ၏။ သို့ ဖနောင့်စာကျွေးပြီးနောက် ၎င်းရန်သူများအား ဆေးဖိုးဝါးခငွေ အသပြာကို နေရာတွင် ရက်ရောစွာ ပေးလေ့ရှိလေ၏။ အခါများစွာမှာလည်း မလောက်လေး မလောက်စား အသေးအမွှားရန်သူများကိုမူ လက်ညှိုးညွှန်ရာ ရေဖြစ်သည့်အလား မျက်ရိပ်မျက်ခ လက်ညှိုးကို ထိုးရုံမျှနှင့် နောက်ပါ တပည့်သူရဲကောင်းများ၏ ရိုက်နှက်ဆွဲထောင်းမှုကြောင့် ထောင်းထောင်းညက်ကြေ မွမွကြေမတတ် ရှိကြလေ၏။ စံရွေး၌ှာနာ၌ နာရစ်၊ ခေါင်းချုပ်၊ အပေါဒန်၊ စာသင်၊ ရာဇဝတ် အုပ် စသည်တို့မှာလည်း မောင်မင်းဒင်၏ ကျေးဇူးနှင့်မကင်းကြဘဲ ပျော်ပါးစားသောက်ဘက် ဖြစ်ကြလေရာ မင်းပေါက်စိုးပေါက် သတ္တိဂုဏ် အမျိုးမျိုး ရောက်သူဖြစ်လေ၏။

မောင်မင်းဒင်မှာ ချစ်ကြိုက်သူ အပျိုများသလောက် မျက်နှာများသူဖြစ်သဖြင့် အဘယ်အပျိုကို ယူရမည်ဟု ဆုံးဖြတ်၍မရသဖြင့် တစ်သက်လုံး ကြိုက်ရုံသာ ကြိုက်၍ ယူရသူမရှိဘဲ အသက်တမ်းကုန်ရမည့်အလားကဲ့သို့ ဖြစ်၍နေလေ၏။ သို့သော်လည်း နှစ်နှစ်ကာကာ အစစ်အမှန် အဟုတ်တကယ် ချစ်သူတစ်ဦးတစ်ယောက်နှင့်မျှ မတွေ့ရသေးကြောင့်သာ ဤကဲ့သို့ လွတ်လပ်စွာ နေနိုင်ကြောင်းကို မမင်းခိုဟုခေါ်သော မိန်းမပျိုကလေးတစ်ဦး တစ်ယောက်ပေါ်ပေါက်၍ လာခြင်းဖြင့် သိရလေ၏။

မမင်းခိုမှာ တစ်နယ်မှ ပြောင်းရွှေ့၍လာသော ဆေးဆရာကြီး ဦးမြတ်သာ၏တစ်ဦးတည်းသော သမီးကလေးဖြစ်လေရာ စံရွေးမြို့သို့ရောက်လျှင် ရောက်ချင်း ရှိရင်းစွဲ အချောအလှတို့သည် သက်လျော့၍ ကျလျက် မမင်းခိုမှာ ဆက်ရက်ပေါင်းများစွာတို့၏အလယ်၌ ခိုဖြူကလေးပမာ တောက်လင်းထင်ပေါ်

mgyoe.com


တစ်နယ်လုံး ကျော်၍သွားလေသတည်း။ ၎င်း၏ မောင်ဖြစ်သူ မောင်ထွန်းအောင်သည်ကား နှမချောကလေး၏ ဂုဏ်ကြောင့် အသိမိတ်ဆွေပေါ်များ၍ လာလေရာ မောင်မင်းဒင်မှာ အရင်းနှီးဆုံးသော မိတ်ဆွေဖြစ်၍သွားလေ၏။

မမင်းခိုသည်လည်း စံရွှေးသို့ရောက်ပြီး နောက်များမကြာမီ ထွန်းနွားတိုက်နွားများစွာတို့အနက် နွားသိုးဘို့ထောင် နွားလား ဥသဘဖမည်သူဖြစ်သည်ကို ခက်ခဲစွာ စုံစမ်းခြင်း မပြုရဘဲ မြင်ရုံနှင့် သိရလေ၏။ မောင်မင်းဒင်၏ စိတ်နှလုံးသည်ကား အခြားများစွာသော ရူပါရုံလက်နက်တို့၏ ရန်ကို သံတံတိုင်းကြီးနှင့် ခုခံသလို ခုခံခဲ့သော်လည်း မမင်းခို၏ ရူပါရုံ စက်လက်နက်ကိုမူကား ခံနိုင်ရည်မရှိဘဲ မမင်းခို၏ မျက်လုံးအရှိန်အောက်တွင် သံမဏိနှင့်တူသော ခံတပ်သည် အရည်ပျော်၍ ကျလေ၏။ မမင်းခို၏ မျက်ခုံးမွေးတည်းဟူသော လေးဖြင့် ပစ်လွှတ်အပ်သော မမင်းခို၏ မြားတည်းဟူသော မျက်တောင်ကလေးများ၏ စဉ်းသွားများသည် မင်းဒင်၏ နှလုံးသားကို မွမွကြေအောင် စူးထောက်စပြုကြလေ၏။ မမင်းခို၏ နီမြန်းသော နှုတ်ခမ်းကလေးများ၏ ပြုံးခြင်းနှင့် တောက်ပဖြူဝင်းသော သွားကလေးများသည် မိုးကြိုးလျှပ်စစ် လက်နက်ပမာ မင်းဒင်နှလုံးကို ရှစ်စိတ်ရှစ်မွှာစိတ်ဖြာခြင်းပြုကြလေ၏။ မမင်းခို၏ ကြော့ရှင်းသော ကိုယ်ခန္ဓာနှင့် ပျောင်းပျော့ဖြောင့်စင်းသော ခြေလက်တို့သည် ရိပ်ငြိမ်ဝေဆာသော နတ်ပန်းပင်ပမာ အချစ်ဖြင့် ပူလောင်သော မင်းဒင်အား အရိပ်၌ ခိုလာချင်သော စိတ်အားကို နှိုးဆွခြင်း ပြုကြလေ၏။ မမင်းခို၏ ညင်သာသော သွားလာလှုပ်ရှားခြင်းသည် လေဟုန်ကစားသည့် ပန်းလိပ်ပြာကလေးပမာ လိုက်လံ၍ ဖမ်းချင်စရာဖြစ်လေ၏။

သို့ဖြစ်သောကြောင့် မင်းဒင်သည် ညဉ့်အခါများ၌လည်းကောင်း၊ နေ့ နံနက်အခါများ၌လည်းကောင်း မမင်းခို၏ အိမ်ပြတင်းပေါက်ကို တော်ရာမှ မျှော်ကာ အရိပ်အရောင်ကို မြင်ရနိုးနိုး၊ မျှော်ကိုးတောင့်တစပြုလေ၏။ မိမိ၏ အချစ်ကို သာယာသော တေးသံတည်းဟူသော စေတမန်ဖြင့် ညဉ့်အခါများ၌ မနီးမဝေးမှ လွှတ်စပြုလေ၏။ နေ့အခါများ၌ ဝမ်းနည်းပုံ မျက်နှာထားဖြင့် ပြလေ၏။ သို့ ကြိုးစားရာ တစ်ခါတစ်ခါ မမင်းခိုနှင့် မျက်နှာချင်းဆိုင်မိသည့်အခါ မမင်းခို၏ မျက်နှာမှာလည်း မိမိနှင့်အလားတူ ဝမ်းနည်းသည့်

mgyoe.com

အမူအရာကိုမြင်ရသဖြင့် အားတက်စပြုသော်လည်း အချစ်တို့သဘာဝမှာ တော်ရုံမျှသော တုံ့ပြန်ခြင်းအမှတ်ဖြင့် ကျေနပ်ခြင်းမရှိဖြစ်လေရာ အချစ်ကို တုံ့ပြန်ကြောင်းသာ အလွန်ထင်ရှားသော အမှတ်လက္ခဏာတို့၌ သိသာအောင် ကြိုးစားရာလေသတည်း။ မောင်မင်းဒင်မှာ ရှေးအခါကကဲ့သို့ ခြင်းလုံးပွဲ၌ အခြား အပျိုများစွာတို့အား ဝင့်ဝါ၍ မပြတော့ချေ။ ရေတွင်း၌ ညနေချမ်းအခါ ဆေးနီရောင် မပြအားတော့ချေ။ အိမ်တွင်းပုန်း မမင်းခိုကလေးနှင့် မဝေးသော နေရာ၌သာ ညှိုးငယ်သောမျက်နှာဖြင့် ရှေးမာန်တွေ လုံးလုံးကြေလျက် မိမိကို အဟုတ်တကယ် အစိုးရလွှမ်းမိုးသော ရူပါရုံအား ဦးနှိမ်ညွတ်တွားရသော အခြေအနေတစ်မျိုးသို့ရောက်၍ နေရာလေတော့သတည်း။

အိပ်ပျက်သော မျက်နှာ၊ အစားအသောက်၌ လစ်ဟင်းသည့်လက္ခဏာ တို့သည် မသိမသာ ထင်ရှား၍လာသည့်ပြင် အဖော်အပေါင်း နောက်ပါတို့ ကိုပင် ကွင်းရှားကာ တစ်ကိုယ်တည်း တွေးတောလျက် မမင်းခိုကလေး၏ မျက်နှာကိုသာ ထင်မြင်ရင်း ကျိတ်ကာ အတွေးနှင့် အဆွေးပို၍သာ နေရပေ တော့သတည်း။ မမင်းခိုသည်ကား မောင်မင်းဒင် မျက်နှာများသူတစ်ယောက် ဖြစ်ကြောင်းကို ကြားသိရသဖြင့် ၎င်းကို ချစ်ရမှာ ကြိုက်ရမှာ ကြောက်ရွံ့ လေ၏။ သို့သော်လည်း မျက်နှာများသူဖြစ်သောကြောင့် ပိုမို၍ အစွဲသန် လေရာ အချစ်နှင့် ငြင်းဆန်ခြင်းစိတ်သည် သူမသာ ငါမသာ ဖြစ်၍ နေလေ သည်။ သို့သော်လည်း အနီးကပ်တွေ့ရမှ မည်သည့်ဘက်က လုံးလုံးလျားလျား သာမည်ကို သိသာဖို့ ရှိလေ၏။

မင်းဒင်သည် ထိုကဲ့သို့ တရစ်ဝဲဝဲ အချစ်မီး စွဲလောင်၍ နေရခြင်းကို ကြာသည်ဟု မှတ်ယူကာ သည်းညည်းမခံနိုင်သော နောက်ဆုံး၌ ကြီးစွာသော အမှားကို ပြုမိလေ၏။

လရောင်ကလေး မှေးမှေးမျှသာ၍ နေလေ၏။ မင်းဒင်သည် အိမ် အနီးတွင် ရစ်ဝဲရစ်ဝဲ၍နေရာမှ အိမ်ခေါင်းရင်း၌ရှိသော မန်ကျည်းပင်ကို တက်ပြီးလျှင် မန်ကျည်းကိုင်းမှ ဒန်းလွဲကာ ပွင့်လျက်ရှိသော ပြတင်းပေါက် ကို တက်ရောက်လေ၏။ မမင်းခိုသည် ထိုအခိုက်တွင် ခုတင်ပေါ်၌ တစောင်း အိပ်၍နေရာမှ ဝင်လာသူကို မြင်သဖြင့် ထိတ်လန့်၍ အော်မည်ပြုပြီးမှ ဝင်လာ သူ၏ပုံသဏ္ဌာန်ကိုကြည့်ကာ ကြက်သေသေ၍နေလေ၏။

mgyoe.com

mgyoe.com

ပြတင်းပေါက်မှ ဝင်လာသော လရောင်မှေးမှေးအထဲတွင် ဆံပင်ကို ကပိုကရိုနှင့်ရပ်ကာ ကြည့်၍နေသည်ကို မြင်ရသော မောင်မင်းဒင်မှာ အတင်း ပြေး၍ ပွေ့ယူကာ မယ်အုကို ကျားချီသလို ချီ၍ ပြတင်းပေါက်မှ ခုန်၍ စိုင်းပြေးချင်လေ၏။ သို့သော်လည်း စိတ်ကိုချုပ်ကာ မမင်းခိုအား အပြစ် ရှိသော သူ၏မျက်နှာထားနှင့် ပြတင်းပေါက်ကိုပင် တစောင်းမှီကာ အသနား ခံသည့်အမူအရာဖြင့် မမင်းခိုကို ကြည့်၍နေလေ၏။

မင်းခိုသည် ၎င်းကို မြင်ရုံနှင့် နှလုံးသား တုန်လှုပ်၍နေသော်လည်း မသိဟန်ဆောင်လျက် "ရှင် ဘယ်သူလဲ" ဟု မေးလိုက်လေ၏။

"မကြောက်ပါနဲ့ မမင်းခို၊ ကျုပ်ရန်သူ မဟုတ်ပါဘူး"

"ရှင် ဘယ်သူလဲလို့ ကျွန်မ မေးတာ ပြန်ပြောစမ်းပါ"

"မသိဟန် မဆောင်ပါနဲ့ မမင်းခို၊ ဘယ်သူဆိုတာ မမင်းခို သိပါတယ်၊ ဘယ်သူရယ်လို့ သိရင် ဘယ်အတွက်လာတယ်ဆိုတာလည်း သိမှာပါပဲ"

"ကမ္ဘာပေါ်မှာ ရှိသမျှ လူတွေကို စာရင်းနဲ့မှတ်နေစရာ ကျွန်မမှာ ဘာတာဝန်မှ မရှိပါဘူး"

'စာရင်းမမှတ်ဘဲနဲ့ သိတာတွေလည်း ရှိနိုင်ပါတယ်'

"ကျွန်မ အော်လိုက်ရမလား"

"အော်ချင်ရင် ကျွန်တော့်ကို မေးနေစရာ မရှိပါဘူး။ လက်ထဲမှာလည်း မမင်းခိုမအော်ဝံ့စရာ လက်နက်ဆိုလို့ ဒါပဲ ရှိပါတယ်။ မမင်းခို ယူပါ" ဟု ပြောကာ ခါးထဲက ဓားမြှောင်ကို ဆွဲနုတ်ပြီး မမင်းခို၏အိပ်ရာပေါ်သို့ ပစ်၍ ပေးလိုက်လေ၏။

မမင်းခိုသည် စဉ်းစားကာ ကြည့်၍ နေလေ၏။

ထိုအခါ မင်းဒင်သည် အနားသို့ကပ်၍ လာပြီး "မမင်းခိုကို မတွေ့ရ ရင် မနေနိုင်လို့ အသက်ကိုစွန့်ပြီးလာတာပဲ၊ မမင်းခိုရဲ့ဖခင်ဟာ အင်မတန် စွမ်းတဲ့ဆရာကြီးပါ။ ကျုပ်ကို အတတ်နဲ့ လတ်တလော သေအောင်တောင် လုပ်နိုင်တယ်ဆိုတာ သိရက်နဲ့ စွန့်ပြီးလာရတာပါ။ သိရက်သားနဲ့ဖြင့် ဟန်ဆောင်ပြီး တစ်ဖက်သားစိတ်ကို ညှဉ်းဆဲပြီး မနေပါနဲ့ မမင်းခိုရယ်" ဟု ပြောကာ လက်ကိုကိုင်ဆွဲလိုက်လေ၏။

မမင်းခိုသည် လက်ကို ရုပ်သိမ်းလိုက်လေ၏။

mgyoe.com

mgyoe.com


ထိုအခိုက်တွင် အခန်းအပြင်၌ ခြေသံကို ကြားရသဖြင့် မမင်းခိုသည် ထိတ်လန့်တကြားဖြစ်ကာ "အမယ်လေး သိကုန်တော့မယ်၊ ပြန်ပါတော့မယ်" ဟု ပြောကာ မင်းဒင်၏ရင်ဘတ်ကို ကြောက်အား လန့်အားနှင့် တွန်းဖယ် ရုန်းကန်ရင်း တံခါးရှိရာသို့ ခေါင်းငဲ့ကာ ကြည့်လေ၏။

ထိုအခါ အကြောက်ကို နားမလည်သော မင်းဒင်သည် မမင်းခိုကို အတင်းပွေ့ယူကာ နမ်းရှုပ်လိုက်လေ၏။

မမင်းခိုသည် ဆူညံနေမှာစိုးသောကြောင့် ငြိမ်၍နေရာ၌ တစ်ကိုယ်လုံး မှာ ဆတ်ဆတ်တုန်၍သွားလေသတည်း။

ခြေသံသည် ပျောက်၍ သွားလေ၏။ မင်းဒင်သည် မမင်းခိုကို မလွှတ် ဘဲ ခါးကိုကိုင်ဖက်ကာ ခုတင်သို့ တွဲခေါ်၍လာလေ၏။

"ပြန်ပါ ကိုမင်းဒင်– ဘာလုပ်ဦးမှာတုံး တွေ့သွားလိမ့်မယ်"

"မမင်းခို ကျုပ်ကို ချစ်တယ်ဆိုတာ သိရရင် ပြန်ပါ့မယ်၊ ချစ်ရဲ့လား"

"ချစ်ပါတယ်တဲ့ရှင်။ ကဲ ပြန်တော်မူပါတော့။ ဩော် ဒုက္ခ ဒုက္ခ၊ ဘယ့်နှယ် လူပါလိမ့်မလဲ၊ ကြောက်ရမှန်း လန့်ရမှန်းလည်း မသိဘူး" ဟု ပြောလေ၏။

"ချစ်ပါတယ်တဲ့ဆိုတာ နားမလည်ဘူး။ ချစ်ပါတယ်လို့ ပြောစမ်းပါ"

"ချစ်ပါတယ်ရှင်၊ ချစ်ပါတယ်၊ ကိုင်း ပြန်ပါ မြန်မြန်"

"ချစ်ရင် ဘာပြန်စရာရှိသေးသလဲ။ လာ မိုးလင်းမှ ပြန်မယ်" ဟု ပြောရင်း နှစ်ယောက်သား ခုတင်ပေါ်၌ ထိုင်မိကြလေ၏။

တစ်အိမ်လုံးမှာ တိတ်ဆိတ်၍ နေလေ၏။ မမင်းခိုမှာ အတော် ကလေး စိတ်ချ၍ သွားသဖြင့် ငြိမ်သက်စွာ နေလေ၏။ နှစ်ယောက်သားတို့မှာ ရင်ချင်း မျက်နှာချင်းကပ်ကာ အချစ်၏ တော်နာဒို လေမုန်တိုင်းကြီးအထဲတွင် သိမ့်သိမ့်တုန်၍နေကြလေသတည်း။

* * *

## (အခန်း ၂)

လင်းအားကြီးအချိန်၌ အိမ်ပြတင်းပေါက်မှပင် ပြန်၍ ဆင်းလေရာ အောက်သို့ ရောက်လျှင်ရောက်ချင်း မမင်းခို၏ ဖခင်ဆေးဆရာကြီးနှင့် တွေ့၍ နေလေ၏။ ဆရာကြီးသည်ကား ညဥ့်အခါများစွာ အိပ်သူ မဟုတ်၊ မိမိ၏

mgyoe.com

mgyoe.com

အထင်နှင့် ပျော့်ရွှင်ကာ အများပြောစကားအရ ညဥ့်အခါများ၌ နတ်များနှင့် နှီးနှောပြောဆို၍ နေသည်ဟု အယူရှိကြလေ၏။

"မောင်ရင် တယ်စော်ကားပါကလား။ စောစောက ဒီမန်ကျည်းပင်ကို လူတက်သလိုလို မှတ်ထင်လိုက်မိတယ်၊ သို့သော်လည်းပဲ မြင်နေကျ နာနာဘာဝများလားလို့ အောက်မေ့လို့ ဂရုမစိုက်လိုက်မိဘူး။ အခုမှ သိရတော့တာပဲ၊ မောင်ရင် ဘာလုပ်အိမ်ပေါ်ကို တက်သလဲ"

"ဦးမေးနေစရာ မရှိပါဘူး၊ ဆင်းတဲ့နေရာကို ကြည့်ရင် သိရမှာပဲ"

"မောင်ရင့်ကို ကျုပ်သမီးက ချိန်းလို့လား"

"မချိန်းပါဘူး၊ ကျွန်တော် ချစ်လို့ စွန့်စားတာပါ"

"မောင်ရင်ဟာ သူများ သားပျို သမီးပျိုများကို ဒီလိုပဲ ဖျက်ဆီးနေတယ်လို့ ဦးကြားရတယ်၊ ဦးသမီးကို မောင်ရင်လို လူက ချစ်တယ်ဆိုတာ စော်ကားရာ ရောက်တာပဲ" ဟု ဒေါသနှင့် ပြောလေ၏။

ဆရာကြီးသည်ကား ပညာဂုဏ်အစွမ်းကြောင့်လည်းကောင်း၊ စည်းစိမ်ဂုဏ်အားဖြင့်လည်းကောင်း အတော်ပင် ခက်ထန်သူ ဖြစ်လေ၏။

မင်းဒင်သည်ကား လူကြမ်းကို နတ်ကြမ်းမနိုင်ဟူသော စကားကဲ့သို့ လူဆိုးလူမိုက်ကိုသာ မကြောက်သူ မဟုတ်၊ နတ်ဆိုးနတ်ကြမ်း သရဲသဘက်ကိုလည်း မကြောက်။ အင်းအိုင်ဆရာတို့ကိုလည်း လေးစားသူ မဟုတ်ဖြစ်လေရာ မာန်မာန်ချင်းခံ၍တင်းလေ၏။ ၎င်းစကားပြောရင်း မင်းဒင်သည် အိမ်နောက်ဖေးမှ ဆုတ်ခွာ၍သွားလေရာ ဆရာကြီးသည် မင်းဒင်ကို ကြိမ်းမောင်းရင်း အိမ်နှင့်ဝါးနှစ်ရိုက် သုံးရိုက်ကွာ တောနက်ထဲသို့ရောက်၍ သွားလေ၏။

"မင်းအိမ်ကို တက်တာကို အခြားလူတွေလည်း မြင်ကြမှာပဲ၊ မြင်ရင် ငါ့သမီးနာမည်ပျက်မှာပဲ၊ မိုးလင်းရင် တစ်ရပ်လုံး ငါ့သမီး၏ဂုဏ်အရေကို အမျိုးမျိုးကျိုးအောင် ချိုးဖဲ့ကြတော့မယ်။ ငါ မင်းကို ချမ်းသာမပေးနိုင်ဘူး"

"ချမ်းသာမပေးရင် ဦးဘယ့်နှယ်လုပ်မလဲ"

"ဦး လုပ်နိုင်တဲ့ နည်းနဲ့ လုပ်ရမှာပေါ့၊ ဦးသမီး နာမည်ပျက်မှာကို ခေါင်းငုံ့ပြီး ခံမနေနိုင်ဘူး"

"ဦးသမီးအကြောင်းကို တစ်စုံတစ်ယောက်သောသူက ပြောရင် ကျွန်တော်သတ်ပစ်မယ်"

mgyoe.com

mgyoe.com


ထိုအခါ ဆရာကြီးသည် တိုး၍ဒေါသထွက်လေ၏။ "ငါတို့ ဂုဏ်သရေကို မပျက်ရအောင် ငါတို့အစွမ်းနဲ့ စောင့်ထိန်းနိုင်တယ်။ မင်းလို လူယုတ်မာ တစ်ယောက်ကို အားကိုးဖို့ မလိုပါဘူး" ဟု တုန်လှုပ်လျက် ပြောလေ၏။

"ဆရာကြီး ကျွန်တော့်ကို လူယုတ်မာလို့ မဆိုနဲ့၊ ကျွန်တော် ဆရာကြီး သမီးကို ရိုးရိုးကြံတာပါ"

"မင်း လူယုတ်မာ၊ ဘာစကားပြောနေသေးသလဲ" ဟု ပြောကာ မင်းဒင်၏သျှောင်ကို အတင်းဆွဲ၍ နှိမ်ပြီး ဒူးနှင့် တိုက်လေ၏။ မင်းဒင်လည်း အဘယ်ပုံပြန်၍ လုပ်လိုက်မိမှန်းမသိ၊ မြေပေါ်၌ ဆရာကြီးမှာ ဆန့်ငင်ဆန့်ငင်ဖြစ်၍နေသည်ကိုသာ မြင်ရပြီး ငြိမ်သက်၍ သွားသောအခါ ကပ်၍ သေချာစွာ ကြည့်နေလျှင် အသက်မရှိတော့မှန်းကို သိရလေတော့သတည်း။ လက္ခဏာအားဖြင့် သျှောင်ကို အဆွဲခံရခိုက်တွင် အဘိုးကြီး၏အရိုက်ကို လက်သီးနှင့် တအားကျုံး၍ ထိုးလိုက်မိဟန်တူလေ၏။

မင်းဒင်သည် ဆရာကြီး သေသည်ကို သိရသောအခါ လျင်မြန်စွာ ထွက်ခွာ၍ သွားလေ၏။

နောက်တစ်နေ့ မြို့ထဲ၌ အုတ်အုတ်ကျက်ကျက် ဖြစ်သွားလေ၏။ မမင်းခိုသည်ကား မင်းဒင်သတ်ကြောင်းကို အနည်းငယ်မျှ မတွေးမိချေ။ မင်းခို၏မောင်မှာလည်း မင်းဒင်နှင့် သူငယ်ချင်းဖြစ်၍နေသောကြောင့် မင်းဒင်နာမည်ရ လူဆိုးတစ်ယောက်ဖြစ်သော်လည်း မိမိ၏ဖခင်ကို အကြောင်းမဲ့ သတ်မည်ဟု အနည်းငယ်မျှ တွေးတောခြင်း မရှိချေ။ သို့ဖြစ်သောကြောင့် မင်းဒင်မှာ မမင်းခို၏အိမ်သို့ ရှေ့ကထက် အဝင်အထွက် လွယ်၍ နေလေ၏။ ဆရာကြီးကို သတ်သောသူကိုမူကား မည်သူဖြစ်သည်ဟု စုံထောက်၍ မရ၊ အချို့ကလည်း ဆရာကြီးမှာ သရဲမွေးသူဖြစ်သဖြင့် ဒဏ်ရာမရဘဲ သေဆုံးရခြင်း၌ သူမွေးသော သရဲက သူ့ကိုပြန်၍ သတ်တာပဲဟု အယူရှိကြလေ၏။

ဆရာကြီး၏သားသည်ကား မိမိ၏ဖခင်ကို သတ်သောသူကို သိလျှင် ကလဲ့စားချေမည်ဟု အမြဲကြုံးဝါးကာ နေလေ၏။ မမင်းခိုနှင့် မိခင် ဆရာကတော် ဒေါ်အေးပွင့်မှာ နေ့စဉ် ခေါင်းချင်းဆိုင်လျက် ငိုကြွေး၍သာ နေကြရလေသတည်း။ မင်းဒင်မှာ ၎င်းတို့၏ သောကပူလောင်ခြင်းအထဲ၌ စိတ်ကို

mgyoe.com

mgyoe.com

ဖျော်ဖြေအားပေးသောအနေဖြင့် နေ့စဉ်သွားရောက်လေရာ နောက်ဆုံး၌ မင်းခို၏ မိခင်ရော မောင်ဖြစ်သူရော မင်းဒင်ကို ချစ်ခင်ကြည်ဖြူကြသဖြင့် မမင်းခိုနှင့် လွတ်လပ်စွာ ပြောခွင့်ဆိုခွင့် တွေ့ကြုံခွင့်ကို ရ၍နေလေ၏။ အကြောင်းမှာလည်း အားကိုးရာမဲ့ဖြစ်၍ နေကြလေရာ မိခင်ဖြစ်သူမှာ မင်းဒင်ကို မြင်ရလျှင် တအားတက်၍ နေလေ၏။

မင်းခို၏စိတ်၌ကား ဖခင် သေဆုံးသဖြင့် ကြီးစွာသော သောကမီး တောက်၍နေလေရာ နဂိုက အတွေးအခေါ် လွန်စွာအားကြီးသူတစ်ယောက် ဖြစ်လေရကား ဖခင်သေသည်အတွက်ကို ဒီမျှလောက် ပူပင်သောကရောက် ရလျှင် ချစ်သူလင်သား မတော်တဆ မင်းပြစ် မင်းဒဏ် သေကံကြုံရောက် ယခုလို မျက်စိအောက်မှ လတ်တလော ပျောက်ချေက အဘယ်မျှလောက် သောကမီးတောက်ရမည်ကို တွေးတောမိလေ၏။ သို့တွေးတောရာ၌ ဆက် ကာ ကိုမင်းဒင်ဟာ အလွန်တရာမှ စိတ်ခက်ထန်သူတစ်ယောက်ဖြစ်တာပဲ၊ ရန်သူလည်း များမှာပဲ၊ လူဆိုးတို့ မည်သည်မှာ အမြဲ ဗိုလ်ချည်းဖြစ်၍မနေ။ ဗိုလ်ကို ချိုးပြီး ဗိုလ်လုပ်ချင်သူတွေက အမြဲ ကြံရက် စည်ရက်နေကြမှာပဲ။ အခုလိုသာ ဆက်ကာ ဆက်ကာ မိုက်ကဲကို ပြနေရင် တစ်နေ့နေ့မှာ ဧကန် ဒုက္ခတွေ့ရတော့ ငါ့မှ အခုမီးထက် အဆရာထောင်မက ပိုမိုတောက်လောင်တဲ့ မီးနဲ့ တွေ့ရလိမ့်မယ်။ ကိုမင်းဒင်ကို နောင် မဆိုးမမိုက်ရအောင် ငါ အဘယ်ပုံ ကြံရပါ့မလဲဟု တွေးကြံလေ၏။

တစ်နေ့သ၌ မင်းဒင်နှင့် စကားပြောကြရာတွင် မင်းခိုက "ကိုမင်းဒင် ကျွန်မကို အဟုတ်ချစ်ရင် ကတိတစ်ခုကို ထားပါ" ဟု ပြောလေ၏။

"ဘယ်လို ကတိလဲ မမင်းခို၊ ကိုယ်တတ်နိုင်တဲ့အရာဖြစ်ရင် ဆောင်ရွက် နိုင်ပါတယ်"

"မဆောင်ရွက်နိုင်တာကို ဆောင်ရွက်ဖို့ မဟုတ်ပါဘူး၊ ရှင် ကျွန်မကို ချစ်ရင် ကာလသားခေါင်း လူဆိုးဆိုတဲ့ နာမည်ပျောက်အောင် လုပ်မယ်လို့ ကတိထားပါ"

"ဘယ်လိုပျောက်အောင် လုပ်ရမလဲ"

"နောင် ဘယ်သူနဲ့မှ ရန်မဖြစ်ပါဘူး။ ဘယ်သူ့ကိုမှလည်း မနှိပ်စက် ပါဘူး။ သူတစ်ပါး ရန်စရင် ခေါင်းငုံ့ပြီး သည်းညည်းခံမယ်ဆိုတဲ့ ကတိ

mgyoe.com

mgyoe.com


ကိုထားပါ။ ဒီကတိကိုထားမှ ကိုမင်းဒင်ကို ကျွန်မ ယူနိုင်မယ်" ဟု ပြောလေ၏။

မင်းဒင်သည် မျက်နှာပျက်၍ သွားလေ၏။ မိမိမှာ ထိုသတ္တိဂုဏ်ကို အကြီးဆုံး၊ အမြတ်ဆုံးဟု မှတ်ယူထားလေရာ ထိုကတိကို ထားရန် လွန်စွာမှ ခက်၍နေလေ၏။

'ဒီကတိမထားရင် ကျွန်မ ကိုမင်းဒင်ကို မယူနိုင်ဘူး။ ကျွန်မအိမ်ရိပ်ကိုလည်း ကိုမင်းဒင် မနင်းရတော့ဘူး။ ဒီကတိကို မထားနိုင်စရာလည်း မရှိပါဘူး။ ကိုမင်းဒင်ဟာ အမြဲ လူတွေကို အစုလိုချည်းနိုင်နေမှာ မဟုတ်ဘူး၊ တစ်နေ့နေ့မှာ ဝင့်လည်ပြီး ကိုမင်းဒင်ကိုနိုင်တဲ့လူ ပေါ်လာပါလိမ့်မယ်'

မင်းဒင်သည် မျက်နှာပျက်လျက် အတန်ကြာ စဉ်းစား၍ နေပြီးမှ သက်မကြီးချပြီး "မမင်းခို ကတိထားဖို့တော့ မခက်ပါဘူး၊ သို့သော်လည်း ဒီကတိကို ထားမှန်း အများလူတွေ သိကြရင် ကျုပ်ကိုမုန်းတဲ့ လူအချို့က လူထဲသူထဲမှာ အရှက်ကွဲအောင် ပြောဆိုရန်စကြလိမ့်မယ်၊ သည်အတွက် ဒီကတိကိုထားကြောင်း ဘယ်သူ့ကိုမှ မပြောပါဘူးလို့ မမင်းခိုက တစ်ဖန် ကတိထားရင် မမင်းခို ထားစေချင်တဲ့ ကတိကို ထားပါ့မယ်" ဟု ပြောကြားလေ၏။

"ကျွန်မ ဘယ်သူ့ကိုမှ မပြောပါဘူး။ ပြောရင် ကိုမင်းဒင်နှင့် ကွဲရပါစေ"

"ဒီလိုဖြင့် ယနေ့ကစ၍ နောင်သေသည့်တိုင်အောင် အဘယ်သူနဲ့မှ ခိုက်ရန်မဖြစ်၊ တစ်ပါးသူက ရန်လာစရင် ခေါင်းငုံ့၍ ခံပါ့မည်၊ ဤကတိအတိုင်း တည်ရင် မမင်းခိုနဲ့ အိုအောင်မင်းအောင် ပေါင်းရပါစေ၊ မတည်ရင် တစ်ပါး သူ၏လက်နက်နှင့် သေချင်းဆိုးသေပါစေသား" ဟူ၍ ကတိကို ထားလိုက်လေ၏။

* * *

## (အခန်း ၃)

ထိုကတိအရ မောင်မင်းဒင်နှင့် မမင်းခိုတို့မှာ စိတ်ချလက်ချ ချောမောစွာ ပေါင်းကြရဖို့ရှိလေ၏။ သို့သော်လည်း သေဆုံးသူ ဆရာကြီး၏ဝိညာဉ်သည်ကား မင်းဒင်အပေါ်၌ ကလဲ့စားချေရန်ကြံ၍နေလေ၏။

mgyoe.com

mgyoe.com

ဆရာကြီး၏ သားသည်လည်း မိမိ၏ဖခင်ကို သတ်သောသူကို သိရလျှင် ကလဲ့စားချေမည်ဟု အမြဲသာ ကြံ၍ နေလေရာ ညတစ်ည၌ မမင်းခိုင်၏မောင်သည် အိပ်ရာမှ လန့်၍နိုးလေ၏။ ကြက်သီးတွေ တဖြန်းဖြန်းထသဖြင့် ငေါက်ခနဲ ထ၍ထိုင်လေရာ မိမိ၏ရှေ့၌ မတ်တတ်ရပ်၍နေသော သဏ္ဍာန်ကို မထင်မရှားမြင်ရလေ၏။ သေချာစွာ ကြည့်လိုက်သောအခါ မိမိ၏ဖခင်ကိုယ်တိုင်ဖြစ်၍နေသဖြင့် ပြေး၍ ဖက်လေ၏။

ဖခင်၏ဝိညာဉ်သည် နောက်သို့ ဆုတ်ကာ သင်္ချိုင်းဂူထဲမှ ထွက်ပေါ်သော အသံကဲ့သို့ နက်လှစွာသော အသံဖြင့် "ငါ့သား၊ ဖေဖေ့ကို သတ်သူဟာ အခြားမဟုတ်။ ငါ့သားရဲ့ သူငယ်ချင်း မင်းဒင်ပဲ၊ ငါ့သား ကလဲ့စားမချေလျှင် ဖေဖေ မကျွတ်တော့ဘူး" ဟု ပြောပြီးလျှင် ပျောက်ကွယ်၍ သွားလေ၏။

ကြက်သေသေလျက် မတ်တတ်ကြီး မိန်းမောကာ ကျန်ရစ်လေ၏။

မင်းဒင်မှာ မိမိနှင့် လွန်စွာချစ်ခင်၍နေသော ယောက်ဖလောင်းဖြစ်ပြန်သဖြင့် မင်းဒင်ကို ကလဲ့စားချေဖို့ရန် များစွာခက်ခဲလျက် ဝမ်းနည်းခြင်းဖြစ်လေ၏။ နောက်ဆုံး၌ "ငါ့အဖေကို သတ်တဲ့လူကို ငါ ဘယ်ပုံ ယောက်ဖတော်နိုင်မည်လဲ၊ ငါ လက်တုံ့လက်စားချေမည်" ဟု စိတ်ကိုတင်းလိုက်လေ၏။ သို့သော်လည်း တိတ်တိတ်ပုန်း ချောင်းမြောင်း၍ဖြင့် ငါမလုပ်ဘူး၊ ချောင်းလုပ်ရင် ငါလုပ်မှန်း သူသိမှာ မဟုတ်ဘူး၊ တည့်တည့်တင်းတင်း ဓားချင်းယှဉ်ခုတ်မယ်၊ သေတစ်နေ့ မွေးတစ်နေ့ပဲဟု အောက်မေ့ကာ နံနက်၌ မင်းဒင်ကို လိုက်၍ရှာလေရာ ဈေးထိပ်တွင် တွေ့ရလေ၏။ ထိုနေရာသည်ကား ဈေးသွားဈေးပြန် အပျိုတွေမြင်အောင် မင်းဒင်အစွမ်းပြလေ့ရှိသော နေရာဖြစ်လေ၏။ မင်းဒင်သည် များစွာသော အဖော်များနှင့်စကားပြော၍ နေလေ၏။

မမင်းခိုင်မောင် ထွန်းအောင်သည် လူစုအနီးသို့ရောက်၍ သွားလေရာ မင်းဒင်က "ကိုထွန်းအောင် ဘယ်ကလှည့်လာသလဲ၊ လိုတာကို လက်ညှိုးထိုးပြရောပေါ့ဗျာ၊ အခုလိုချည်းနေလို့၊ ခင်ဗျားတော်တော်နဲ့ စွံမှာ မဟုတ်ဘူး"

ထွန်းအောင်က အနားကိုကပ်ပြီး မျက်နှာကို တည်တည်ထားလျက် ကြည့်လေရာ မင်းဒင်သည် ထွန်းအောင်၏ထူးခြားသော အမူအရာကို ဂရုစိုက်ကာ ကြည့်လေ၏။

mgyoe.com

mgyoe.com

ထွန်းအောင်က မင်းဒင်ပခုံးကို ကိုင်ကာ "ကျုပ် သတင်းအထူး ပြောစရာ ရှိတယ်" ဟု ပြောလေ၏။

အခြားသော ရယ်မောပြောဆိုနေသူတို့၏အသံများမှာ ရပ်၍သွားလေ၏။

"ဘယ်လိုသတင်းလဲ ကိုထွန်းအောင်" ဟု မင်းဒင်က ဣန္ဒြေနှင့် ပြန်၍ မေးလေ၏။

"ညက ကျုပ်အဖေ ကျုပ်ရှိတဲ့ဆီကို လာပြီး ခင်ဗျားသူ့ကိုသတ်တယ်လို့ ပြောသွားတယ်၊ ကလဲ့စားချေရမယ်တဲ့၊ အဲဒါ ခင်ဗျားမသတ်ရင် မသတ်ကြောင်း ပြောပါ၊ ကျုပ် ခင်ဗျားအပေါ်မှာ ကလဲ့စားမချေချင်ဘူး"

မင်းဒင်သည် ထွန်းအောင်၏မျက်နှာကို စကားမပြောဘဲ ကြောင်တောင်ငေးကြည့်၍ နေလေ၏။

"ပြောပါ ကိုမင်းဒင်၊ ခင်ဗျား မသတ်ဘူး မဟုတ်လား"

အခြားလူများသည် တိတ်၍ အသက်မျှ မရှူဘဲ နေကြ၏။ မင်းဒင်သည် စကားပြန်၍ မပြောဘဲ မြေကြီးကိုသာ ငုံ့ကာ ကြည့်၍ နေလေ၏။

"ပြောပါ၊ သတ်ရင်လည်း သတ်တယ်ပေါ့၊ ကျုပ်တော့ မသတ်ပါဘူးဆိုတာကို ကြားချင်တာပဲ"

မင်းဒင်သည် ညင်သာစွာ မျက်နှာကို မော်ပြီး တခြားဘက်သို့လှည့်ကာ အဝေးကို မျှော်ကြည့်ပြီး လူပရိသတ်တို့ကို လှမ်းကာကြည့်လေ၏။

ထွန်းအောင်က ခက်ထန်သော မျက်နှာထားဖြင့် လူစုလူဝေးကို ကြည့်ကာ "ဒါ ခင်ဗျားတို့ အရေးမဟုတ်ဘူး၊ တခြား သွားကြပါ" ဟု ပြောလေရာ လူများသည် ရှောင်ရှား၍ သွားကြပြီး အဝေးမှ ကြည့်၍နေကြလေ၏။

မင်းဒင်သည် ထွန်းအောင်၏အပါးသို့ ကပ်ပြီး "ဟုတ်တယ် ကျုပ်သတ်မိတာပဲ၊ မတော်တဆပါ" ဟု ပြောလေ၏။

ထိုအခါ ထွန်းအောင်က "ကျုပ်တရားမစွဲလိုဘူး၊ ကျုပ်အဖေက ကျုပ်ကိုယ်တိုင် ကလဲ့စားချေရမယ်လို့ ပြောတယ်၊ သည့်အတွက် အနောက်ဘက်က ညောင်ကြတ်ပင်အောက်မှာ အခုညနေ စားမြှောင်ကြိုက်ကြိုက်၊ ဓားရှည်ကြိုက်ကြိုက် နှစ်ယောက်တွေ့ကြရအောင်၊ ကိုမင်းဒင် ဆက်ဆက်နော်" ဟု ပြောလေ၏။ မင်းဒင်သည် ခေါင်းငုံ့လျက် နေလေ၏။

mgyoe.com

mgyoe.com

"ကြားရဲ့လား ကိုမင်းဒင်၊ ကျုပ်တရားမစွဲနိုင်ဘူး၊ တိတ်တိတ်ပုန်း ချောင်းပြီးလည်း မလုပ်ချင်ဘူး၊ သဘောတူနှစ်ယောက် ယှဉ်ကြရအောင်"

မင်းဒင်သည် မော်၍ကြည့်ပြီး "ကျုပ် ခင်ဗျားကို မသတ်နိုင်ဘူး" ဟု ပြောလေ၏။

ထိုအခါ ထွန်းအောင်သည် အလွန်တရာ ဒေါသထွက်လေ၏။ မိမိကို အဖက်မတန်သူ မှတ်ထင်၍ ထိုကဲ့သို့ ပြောသည်ဟု မှတ်ထင်ကာ "ခင်ဗျား က ကျုပ်ကို လူစွမ်းဘက်ပြိုင်လောက်တဲ့ လူလို့ မထင်ရင် ကျုပ်က ဘက်ပြိုင် နိုင်ကြောင်းကို ပြမယ်" ဟု ပြောကာ မင်းဒင်၏သျှောင်ကို ဆွဲပြီး နားရင်းပါး ရင်းကို လက်နှင့် ရိုက်လေ၏။

မင်းဒင်သည် တစ်စုံတစ်ရာ ပြန်၍ မလုပ်ဘဲ ငြိမ်သက်စွာ ခံ၍ ခေါင်းငုံ့ လျက်သာ နေလေ၏။

အများလူပရိသတ်တို့က အံ့အားသင့်လျက် "ဘယ့်နှယ်ကိုမင်းဒင်၊ ဒီတစ်ခါတယ် အညံ့ခံလိုက်ပါကလား" ဟု အံ့အားသင့်ကာ ပြောကြလေ၏။

ထွန်းအောင်သည် ဒေါသနှင့် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လျက် မင်းဒင် ပြန်၍ ရန်မူလိမ့်မည်ကိုမျှော်လင့်ကာ မင်းဒင်၏မျက်နှာကိုကြည့်၍ နေလေ၏။

မင်းဒင်သည်ကား အခြားဘက်သို့ လှည့်ကာ ငေး၍နေလေ၏။

"ခင်ဗျား ကျုပ်ကို ကြောက်သလား၊ ကျုပ် ခင်ဗျားကို လက်ရုံးချင်းပြိုင် ပြီးမှ သတ်မယ်၊ ခင်ဗျား ပြန်မခုခံသမျှ မသတ်ဘူး၊ ခင်ဗျား ကျုပ်မေးတာကို ပြောပါ၊ မပြောဘူးလား" ဟု ထပ်၍ မေးလေ၏။

မင်းဒင်သည် တစ်စုံတစ်ရာ ပြန်၍ မပြောဘဲ နေလေ၏။

ထိုအခါ ထွန်းအောင်သည် ဆဲရေးကြိမ်းမောင်းကာ တစ်ဖန် မင်းဒင် ၏မျက်နှာကို လက်သီးနှင့် ထိုးပြန်၏။

မင်းဒင်သည် မတ်မတ်ကြီးရပ်ကာ မျက်နှာကို မော့လျက် နှုတ်ခမ်းကို ကိုက်ပြီး စိတ်ကို ချုပ်သောအနေဖြင့် သက်ပြင်းကြီး ရှိုက်၍ရှူလိုက်လေ၏။ ထွန်းအောင်သည် တစ်ဖန် သက္ကလတ် ပိန်းတန်းဖိနပ်ကိုချွတ်၍ ပါးကို ရိုက်ပြန်၏။

လူအများတို့သည် တစ်စုံတစ်ရာ ပြန်၍ မလုပ်သော မင်းဒင်၏ပြုမူ

mgyoe.com

mgyoe.com
ပုံ ထူးခြားခြင်းကို စဉ်းစား၍မရသဖြင့် ဆိတ်ငြိမ်စွာ အံ့သြခြင်းနှင့် ကြည့်၍သာ နေကြလေ၏။

မင်းဒင်သည် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လျက် ရပ်ကာ တော်ရာကို ငေး၍ ကြည့်နေပြီးမှ ပုဆိုးခါးပုံစနှင့် မျက်နှာကိုသုတ်ပြီး တော်ရာသို့ ရှောင်ရှားကာ ဦးခေါင်းငိုက်စိုက်ချလျက် သွားလေ၏။

ထွန်းအောင်သည် ရပ်ကာကြည့်၍ နေပြီး စိတ်ထဲ၌ ဝမ်းနည်းသလိုလို သနားသလိုလိုဖြစ်ပြီးလျှင် ပြေး၍လိုက်ကာ မင်းဒင်၏ပခုံးကို ကိုင်လျက် "ကျုပ် ကလဲ့စား မချေချင်ဘူး၊ သို့သော်လည်း ကျုပ်အဖေက ကလဲ့စားချေရမယ်လို့ ပြောတယ်၊ ခင်ဗျားကို ကျုပ်အရှက်လည်း မခွဲချင်ဘူး။ အခုဖြစ်ရတာ မကောင်းပါဘူး ကိုမင်းဒင်၊ ချစ်တဲ့လူချင်း ချောင်းမြောင်းလို့လည်း ရန်သူလို မလုပ်ချင်ဘူး၊ နှစ်ယောက်သေတာပဲ ကောင်းပါတယ်၊ ချိန်းတဲ့နေရာကိုသာ လာခဲ့ပါ" ဟု ပြောပြီး ထွက်သွားလေ၏။

မင်းဒင်သည် စိတ်လက်လေးလံစွာနှင့် အိမ်သို့ရောက်သွားပြီးလျှင် မိမိ၏အိပ်ရာထဲသို့ ဝင်ကာ တစ်ကိုယ်တည်း မိမိဘာသာ ဒေါသထွက်လျက် အိပ်ရာခင်းတွေ ခေါင်းအုံးတွေကို ကိုက်ဖြတ် ဆုတ်ဖြဲ၍နေလေ၏။ မမင်းခိုအား ထားမိသောကတိကြောင့်သာ ယခုလို အောက်ကျခံရသည်ဟု စိတ်၌ အောက်မေ့ကာ မင်းခိုကိုပင် မုန်းထားလေ၏။ ထိုနောက် တစ်ဖန် စိတ်ကို ချုပ်ကာ "ငါ သူ့မောင်ကိုတော့ မသတ်ဘူး။ ငါ သူ့ကို တခြားအရပ် ခေါ်သွားပြီး နာမည်ပြောင်းကာ လူသစ်လုပ်၍ နေတော့မည်၊ နောင်တဖြည်းဖြည်းထားမိတဲ့ ကတိကို လွတ်ကောင်း လွတ်မှာပဲ" ဟု တွေးတောမိလေ၏။

ထိုနောက် တစ်ဖန်ဆက်၍ တွေးတောပြန်သောအခါ "သူ့မောင်ဟာ သူတို့အဖေကို ငါသတ်ကြောင်း မင်းခိုကို ပြန်ပြီး ပြောမှာပဲ၊ ပြောရင် ငါ့မှာ "ဖွတ်မရ စားမဆုံး" ဆိုတဲ့စကားလို မင်းခိုကိုလည်း မရ၊ ငါ့မှာ အလကားသက်သက် အရှက်ရဖို့ဖြစ်ပေတော့မည်တကား။ ငါကတိထားမိသည်မှာ မှားလေခြင်း" စသည်ဖြင့် တွေးတောဆင်ခြင်ကာ ကြီးစွာနောင်တရပြန်လေသတည်း။ ထိုကဲ့သို့ အိပ်ရာထဲတွင် တပြောင်းပြန် ပြန်နေလေရာ ကြက်များ တွန်ကြလေ၏။ အချိန်သည် လျှင်မြန်သော တောင်ပံနှင့် တွင်တွင်ကြီးသွားလေ၏။ သန်းခေါင်ကျော်အချိန်လောက်တွင် အိပ်ပျော်၍ သွားလေသတည်း။
mgyoe.com

mgyoe.com

နံနက် မိုးလင်းသောအခါ အိပ်ရာက နိုးလေသော် အတော်ပင် စိတ်လက်ပေါ့ပြောက်၍ သွားလေ၏။ သို့ဖြစ်သောကြောင့် အိပ်ရာမှထပြီးလျှင် မိမိ၏ချစ်သူထံ သွားရောက်ကာ စုံစမ်းခြင်းပြုဖို့ရန် အကြံနှင့် အိမ်မှထွက်၍ လာခဲ့လေ၏။

လမ်း၌ အသိမိတ်ဆွေများကို တွေ့သောအခါ မင်းဒင်က နှုတ်ဆက်လေ၏။ နှုတ်ဆက်သော်လည်း မိမိကို တစ်စုံတစ်ယောက်ကမျှ လေးစားဂရုမပြု၊ သေသေချာချာမျှ မျက်နှာကို မကြည့်ကြချေ။

ထိုအခါ မင်းဒင်၏စိတ်၌ "ငါ ဆရာကြီးကို သတ်သူဖြစ်ကြောင်း သိကြသည့်အတွက် ငါ့ကို မုန်းထားကာ အဖက်မလုပ်ဘဲ နေကြလေသလား၊ သို့မဟုတ် ငါ့ကို သူရဲဘောနည်းသော လူတစ်ယောက်ဟု မှတ်ထင်ကာ အဖက်မလုပ်ဘဲ နေကြခြင်းဖြစ်လေသလား" စသည်ဖြင့် တွေးတောကာ တစ်ကိုယ်တည်း လျှောက်၍ သွားလေ၏။

လမ်း၌ အခြား အသိမိတ်ဆွေများသည် မိမိ၏အနားကို ပွတ်ကာ လျှောက်၍ သွားကြ၏။ မိမိကိုကား ခေါ်ခြင်း၊ ပြောခြင်း၊ နှုတ်ဆက်ခြင်း မပြုကြချေ။ မင်းဒင်သည် များစွာ စိတ်ထဲ၌ မခံချိ မခံသာ ဖြစ်လျက်နေလေ၏။

သို့သွားရာ ဂါတ်အနီးသို့ရောက်သောအခါ လူစုလူဝေးကြီးကို တွေ့ရှိရသဖြင့် ပြေး၍ သွားလေရာ အလောင်းနှစ်ခုကို ထမ်း၍လာကြသည်ကို တွေ့ရှိရသဖြင့် သေချာစွာ ကြည့်လိုက်သောအခါ တစ်ခုသော အလောင်း၏ မျက်နှာကိုမြင်လျှင် အံ့အားသင့်၍ နေလေ၏။ အကြောင်းမူကား ထိုမျက်နှာမှာ ထွန်းအောင်၏မျက်နှာဖြစ်၍ နေလေ၏။ ၎င်း၏မျက်နှာ၌ ဓားဒဏ်ရာများကို တွေ့ရှိရလေ၏။ ပါးများမှာ သွေးစသွေးနများနှင့် မြေကြီးများ လိမ်းကျံလျက် ရှိလေ၏။ ဆံပင်များမှာ မျက်နှာပေါ်သို့တစ်ခြမ်းအုပ်၍ ကျနေသဖြင့် ရုပ်ပုံပေါ်အောင် မနည်းကြီး ကြည့်ရလေ၏။

ထိုအခါ အားမရသဖြင့် မင်းဒင်သည် မိမိ၏ရှေ့၌ရှိသော အသိတစ်ယောက်၏ လက်ကိုကိုင်ကာ "တစ်ယောက်က ဘယ်သူလဲ" ဟု အမေးတွင် မိမိ၏ကိုင်သော လက်သည် ထိုလူ၏အင်္ကျီကို ဖောက်ထွင်း၍ ဝင်ပြီး ထိုလူ၏လက်မောင်းသားကို ကိုင်မိလေ၏။ အကိုင်ခံရသော လူသည်လည်း

mgyoe.com

mgyoe.com
ကြက်သီးထသလိုဖြစ်ပြီး နံဘေးသို့ ကြောက်ရွံ့သော မျက်နှာထားနှင့်လှည့်၍ ကြည့်ကာ မိမိကို တစ်စုံတစ်ရာ စကားပြန်၍ မပြောဘဲ နေလေ၏။

မင်းဒင်သည် ရှေ့သို့တင်းပြီး သေချာစွာ ကြည့်လိုက်သောအခါ အလောင်းတစ်ခု၏ဦးခေါင်းမှာ အုပ်၍ထားသော အဝတ်သည် မှန်သားကဲ့သို့ ဖြစ်၍သွားပြီးလျှင် ပေါ်လာသော မျက်နှာကို အတိုင်းမသိ ကြီးမားသော အံ့အားသင့်လျက် ထိတ်လန့်တကြား အော်မိလေ၏။ အကြောင်းမူကား ထိုမျက်နှာသည် မိမိကိုယ်တိုင် မျက်နှာဖြစ်၍ နေလေသတည်း။

မင်းဒင်သည် တွေးကြံ၍ မရ၊ အံ့သြခြင်း ကြီးစွာဖြစ်၍ နေလေ၏။

ထိုအခိုက်တွင် လူတစ်ယောက်က "ဘယ်လိုဖြစ်ကြပုံလဲခင်ဗျာ။ ပြောကြစမ်းပါ" ဟု ပြောလေရာ မောင်မင်းဒင်၏အသိတစ်ယောက်က "ဒီလို ခင်ဗျာ၊ ညသန်းခေါင်ကျော် အချိန်လောက်မှာ နှစ်ယောက်လမ်းမမှာ တွေ့ကြတာပဲ၊ ဘယ်လိုတွေ့တယ် မသိကြဘူး၊ ချိန်းထားသလား မသိဘူး၊ ကိုထွန်းအောင်မှာ ဓားမြှောင်ပါတယ်၊ ကျွန်တော်နဲ့ ကိုထွန်းအောင်နဲ့ လျှောက်အသွားမှာ ကိုမင်းဒင်နဲ့ ရင်ဆိုင်တွေ့တာပဲ၊ တွေ့တွေ့ချင်း ကျားနှစ်ကောင် ကိုက်သလို သူတစ်ပြန် ငါတစ်ပြန်ဖြစ်နေကြတာပဲ၊ ကျုပ်မှာတော့ မြင်လည်း မမြင်ဝံ့ ကြည့်လည်း မကြည့်ဝံ့၊ မကြည့်ဘဲလည်း မနေနိုင်၊ သစ်ပင်တစ်ပင်မှာ ကပ်ပြီး တစ်ချက်တစ်ချက်သာ မရဲတရဲ ကြည့်ရတာပဲ၊ ကွမ်းတယာညက်နီးနီးကြာတော့ နှစ်ယောက်စလုံး ဖက်လျက် လဲကြတာပဲ၊ ဒီတော့ ကျွန်တော် ထွက်ပြေးပြီး ကိုယ်ပါ ပါနေမှာစိုးလို့ ဘယ်သူ့ကိုမှ မပြောဘဲ နေတယ်၊ မိုးလင်းမှ မပြောဘဲ မနေနိုင်လို့ ပြောရတာပဲ" ဟု ပြောလေ၏။

ထိုအခိုက်တွင် လူများသည် ရုတ်တရက်ခွတ်၍လာကြလေ၏။ အဝေးမှ ဆံပင်ဖိုးရိုးဖားရားနှင့် ပြေးလာသူ မိန်းမတစ်ယောက်ကို မင်းဒင် မြင်လေ၏။ ထိုမိန်းမသည် မိမိ၏ရည်းစား မင်းခိုဖြစ်သည်ကို သိရသောအခါ မင်းဒင်သည် မင်းခိုထံပြေးပြီး ခေါ်လေ၏။ မင်းခိုသည်ကား မင်းဒင်ကို မကြည့်ဘဲ အလောင်းများရှိရာသို့သာ အတင်းပြေးပြီးလျှင် မင်းဒင်၏အလောင်းကိုဖက်၍ ငိုလေ၏။

"အမယ်လေး ကိုမင်းဒင်ရဲ့ ရှင်သစ္စာဖောက်ရက်လေခြင်း၊ ထားတဲ့ ကတိကိုတည်ရင် ကိုမင်းဒင် ဒီလိုဖြစ်ဖို့ မရှိပါဘူး ကိုမင်းဒင်ရဲ့" စသည်ဖြင့် တောက်တီးမြည်တွန်လေ၏။
mgyoe.com

mgyoe.com

"ကျုပ် ကတိတည်ပါတယ် မမင်းခို၊ ကျုပ် သစ္စာမဖောက်ပါဘူး" ဟု ပြောလေ၏။ မင်းခိုသည်ကား ကြားဟန်မရှိ၊ ဆက်ကာ ဆက်ကာ ငိုယိုမြည်တမ်းသဖြင့် အများလူများက တွဲထူကာ အိမ်သို့ပို့သော်လည်း မင်းခိုသည် မင်းဒင်၏အလောင်းနားမှ မခွာနိုင်ဘဲ အတင်းရုန်းပြန်လျက် "ကျွန်မကို လွှတ်ကြပါ၊ ကျွန်မ ကိုမင်းဒင်နောက်ကို လိုက်မယ်" စသည်ဖြင့် ပြောဆိုငိုကြွေးလေ၏။ မင်းဒင်သည် အပါးသို့ကပ်ကာ မင်းခိုကို ပွေ့ဖက်ရန် ကြိုးစားသော်လည်း ပွေ့၍မရ။ "မင်းခို ကျုပ် မသေပါဘူး၊ သည်လိုဖြစ်တာလည်း မသိဘူး၊ ကျုပ် ဒီမှာလေ ကြည့်ပါ မမင်းခို" စသည်ဖြင့် ပြောလေ၏။ သို့ပင်ပြောသော်လည်း မင်းခိုသည် ဂရုမထား၊ ဆက်လက်၍သာ ငိုယိုရင်းနှင့် အိမ်သို့ရောက်၍ သွားလေသတည်း။

ထိုနေ့မှစ၍ မင်းဒင်၏ဝိညာဉ်သည် မင်းခို၏အိမ်ပြတင်းပေါက်ရှေ့၌ ညဉ့်အခါများတွင် မထင်မရှားရပ်ကာ "မမင်းခို၊ ကျုပ် သစ္စာမဖောက်ပါဘူး မမင်းခိုရယ်" ဟူ၍ ပြောသောအနေနှင့် အသံမထွက်ဘဲ ပါးစပ်ကို လှုပ်ကာ လက်ကိုဆန့်ကာနေသည်ကို လူအများတို့ တွေ့မြင်ကြရလေသတည်း။

နောက် ဤကဲ့သို့ တစ်လကျော်ခန့်ကြာသောအခါ မမင်းခိုမှာ မင်းဒင်၏စိတ်ကြောင့် နွမ်းနယ်ပိန်ချုံးကာ အအိပ်အစားတို့ကိုမေ့လျက် အိပ်ရာမှ မထနိုင်ဘဲ နေလေတော့သတည်း။

နောက်ဆုံး ဝေဒနာသက်သာသလိုဖြစ်ပြီး အိမ်ပေါ်မှဆင်း၍ စိတ်လွင့်ကာ သွားလေရာ အမြဲစောင့်မျှော်၍နေသော မင်းဒင်၏ရင်ခွင်သို့ ရောက်သွားရှာလေသတည်း။

ထိုအကြောင်းများကို မင်းခို သေဆုံးပြီးနောက် ရက်အနည်းငယ်အတွင်းမှာ အိမ်နီးချင်းတစ်ယောက်အား ပူး၍ပြောသဖြင့် သိရလေ၏။

* * *

(အယ်ဒီတာမှတ်ချက်)

(ဖြစ်ပွားပုံမှာကား မင်းဒင်သည် အိပ်ပျော်ခိုက်တွင် မင်းဒင်၏ကိုယ်သည် မခံမရပ်နိုင်သော ဒေါသစိတ်ဓာတ်အဟုန်တို့ဖြင့် ဆောင်ယူခြင်းကို

mgyoe.com

mgyoe.com
ခံရလျက် အိပ်ရာမှထပြီး ထွန်းအောင်ကို လိုက်၍ရှာရာ မင်းဒင်၏လိပ်ပြာမှာ အိပ်ရာ၌ အိပ်လျက် ကျန်ရစ်ဟန်ရှိလေ၏။ ထွက်သွားသော ကိုယ်မှာမူ လိပ်ပြာမပါ။ ဒေါသစိတ်ဓာတ်တို့၏အရှိန်ဖြင့်သာ ပင့်ဆောင်ကြွမြောက် လိုက်ပါ၍သွားပြီးလျှင် မင်းဒင်၏စိတ်ဝိညာဉ်လိပ်ပြာမှာ တစ်စုံတစ်ရာမသိရဘဲ ကိုယ်ခန္ဓာချည်းသွား၍ ထွန်းအောင်နှင့် ခိုက်ရန် ဖြစ်သွားသည်ဟူ၍သာ ဆင်ခြင်တွေးဆကောက်ယူရန် ရှိလေ၏။)

ဂ

mgyoe.com

mgyoe.com

# မိုး

သန်းဆွေ

ညီမလေး

ကိုကြီး ဒီစာရေးနေတဲ့အချိန်မှာ မိုးတွေ ရွာနေတယ်။

မိုးတွေ ရွာနေလို့လည်း ဒီစာကို ရေးဖြစ်တာပါပဲလေ။ နောက်ပြီး "မိုးရွာရင် ညီမလေးတော့ သိပ်ပျော်တာပဲ" လို့ ပြောခဲ့ဖူးတာပဲလို့ သတိရတာနဲ့ ဒီစာကို ညီမလေးအတွက်ဆိုပြီး ရေးမိတာပဲ။

မှတ်မိသေးတယ်။ တစ်ခါက မိုးရွာရွာမှာ ညီမလေးရယ်၊ ညီမလေးရဲ့ သူငယ်ချင်းတွေရယ်၊ ကိုကြီးရယ် မိုးအကြောင်း စကားစပ်မိတာနဲ့ ပြောကြ လိုက်ကြတာ မိုးကို သဘောကျတဲ့လူဆိုလို့ ညီမလေးနဲ့ကိုကြီးပဲ ရှိခဲ့ကြတယ် မဟုတ်လား၊ ကိုကြီးကိုတောင် မိုးအကြောင်း တစ်ခါလောက် ဝတ္ထုရေးစမ်း ပါဆိုတာနဲ့ ကိုကြီးလည်း မိုးနဲ့ပတ်သက်တဲ့ ဝတ္ထုသုံးလေးပုဒ် ရေးခဲ့သေး တယ်။ ဒီတစ်ခါလည်း မိုးနဲ့ပတ်သက်တာကိုပဲ ထပ်ရေးဦးမယ်။

တကယ်ဆိုတော့ မိုးဟာ အင်မတန် သိရခက်ခဲ နက်နဲ ဆန်းကြယ်လှ ပါတယ်။ မိုးနဲ့ပတ်သက်တဲ့ အကြောင်းတွေဟာလည်း စာဖွဲ့လို့ ကုန်နိုင်စရာ မရှိပါဘူး၊ မိုးကောင်းကင်ကနေပြီး အဆက်မပြတ်ကျဆင်းနေတဲ့ မိုးစက် မိုးပေါက်တွေကို ကြည့်မိတိုင်း ကိုကြီးဖြင့် အံ့သြကုန်နိုင်စရာမရှိတဲ့ မိုး အကြောင်းကိုသာ တွေးမိခဲ့တယ်။

mgyoe.com

mgyoe.com

ကြည့်စမ်း ဒီမိုးဟာ သက်ရှိကို သက်မဲ့ဖြစ်စေနိုင်တယ်၊ သက်မဲ့ကို လည်း သက်ရှိဖြစ်လာစေနိုင်တယ်။ သစ်စေ့ကနေ သစ်ညှောက်၊ သစ်ညှောက် က သစ်ပင်လေး၊ သစ်ပင်လေးက သစ်ပင်ကြီး၊ သစ်ပင်ကြီးကနေ ယိုင်လဲ ပျက်စီးရတဲ့အထိ မိုးဟာ တတ်နိုင်ခဲ့တယ်။ ကိုကြီးတို့ လူသားတွေတောင်မှ မိုးကြောင့် အသက်ရှင်နေကြရတာပဲ။ မိုးသာမရှိရင် တို့တစ်တွေလည်း အသက်ရှင်နေရတော့မှာ မဟုတ်ဘူး။ အေး မိုးကြောင့် မြစ်ရေတွေလျှံ၊ ရေတွေကြီးလို့သေရတဲ့ လူ့အသက်တွေလည်း မနည်းဘူးပေါ့။ နောက်ဆုံး ကမ္ဘာပျက်မိုး၊ ကမ္ဘာပြိုမိုးရယ်လို့တောင် ရှိသေးတာပဲ။ တို့ ဗုဒ္ဓရှင်တော် ဘုရားရဲ့တရားတော်မှာဆိုရင် ကမ္ဘာပျက်ရပုံတွေကို ဟောထားတာဟာ တော်တော်ကြောက်လန့်စရာကောင်း၊ သံဝေဂရစရာလည်း ကောင်းတယ်။ မိုးကြောင့် ကမ္ဘာပျက်ရပုံကို ဟောထားတာမှာ အာပေါသံဝဋ္ဋကပ်မှာ ကမ္ဘာ ပျက်တော့မယ်ဆိုရင် ခါးစပ်လှတဲ့ မိုးခါးကြီးတွေ စရွာသတဲ့။ အဲဒီမိုးဟာ အစမှာတော့ သိမ်မွေ့ပေမဲ့ တဖြည်းဖြည်း အရှိန်ကြီးကြီးလာပြီး စကြဝဠာ အပြည့်ရွာသတဲ့။ အဲဒီခါးစပ်တဲ့ မိုးရေနဲ့တွေ့သမျှ မြေဟူသမျှ မြည့်မြည့် ကြေကုန်သတဲ့။ အဲဒီမိုးရေတွေဟာ နတ်ပြည်ခြောက်ထပ်၊ ပထမ ဈာန် ဗြဟ္မာဘုံ ၃ ဘုံ၊ ဒုတိယဈာန်ဗြဟ္မာဘုံ ၃ ဘုံကနေပြီး တတိယဈာန် ဗြဟ္မာ ဘုံ ၃ ဘုံထဲကပါတဲ့ သုဘကိဏှာဘုံအထိ တက်သတဲ့။ အဲထိတောင် ရှိရှိသမျှ လောကအားလုံးကို အဏုမြူမှ မကျန်အောင် ကြေပျက်စေပြီးမှ တဖြည်းဖြည်း ခန်းခြောက်သွားသတဲ့။

ဒါကြောင့်မို့ ရှင်မဟာရဋ္ဌသာရ ဆရာတော်ဟာ ကိလေသာ စိတ်ရဲ့ ပြင်းထန်ပုံကို သရုပ်ဖော်တဲ့နေရာမှာ သုဘကိဏ်အောက်၊ ဘုံတစ်လျှောက် ကို၊ လင်းပျောက်နိုင်အောင်၊ ပြည့်လျှမ်းဆောင်သား၊ ရေတောင်မောက်ဖြိုး၊ ရွာသည့် မိုးထက်၊ ထမ်းပိုးလှန်ကန်၊ အပြန်ပြန်တည့်၊ သည်းထန်လှစွာ၊ ကိလေသာလို့ ကမ္ဘာဖျက်မိုးနဲ့နှိုင်းယှဉ်ပြီး ကိုးခန်းပျို့မှာ စပ်ဆိုခဲ့သေးတယ်။

တို့အနေနဲ့တော့ မိုးထက် မိုးကြိုးကို ပိုကြောက်ကြတယ်။ ကိုကြီးတို့ ငယ်ငယ်က ကိုကြီးတို့အရပ်မှာ လူတစ်ယောက် မိုးကြိုးပစ်ခံရပြီး သေသွား တယ်။ တိုက်ဆိုင်မှုပဲဆိုမလား မသိဘူး။ အဲဒီလူဟာ မိုးကြိုးမခံရခင်က တော်တော် တေတေပေပေနေခဲ့သတဲ့။ မိဘ ဆရာသမားကိုလည်း ပြန်အော်၊

mgyoe.com

mgyoe.com

အမေကိုလည်း နှိပ်စက်သတဲ့။ ကိုကြီးက လူကြီးတွေကို ဒီလူ ဘာဖြစ်လို့ မိုးကြိုးပစ်ခံရတာလဲ မေးတော့ လူယုတ်မာမို့လို့၊ လူကြီးမိဘ ဆရာသမား တွေကို ပြန်အော်လို့၊ ဆဲလို့ လို့ပြောတယ်။

ဒီတော့ မိုးကြိုးဆိုတာ လူကြီးမိဘ ဆရာသမားကို ဆဲတဲ့လူ၊ လူယုတ်မာ ကိုသာ ပစ်တာပဲဆိုပြီး ကိုကြီးငယ်ငယ်က မိုးကြိုးကို ဘယ်တော့မှ မကြောက် ဘူး၊ မိုးရွာထဲလည်း ဆော့ကစားနေတာပဲ၊ မိုးကြိုးပစ်လည်း ငေးကြည့်နေ တာပဲ၊ ဘယ်တော့မှမကြောက်ဘူး။ အဲကြီးလာတော့ လျှပ်စစ်သဘောကို ကျောင်းမှာသင်ခဲ့ရလို့ပဲလား၊ ကိုကြီးရဲ့ကိုယ်ကျင့်တရားပဲ ပျက်စီးလာလို့လား မသိဘူး၊ မိုးကြိုးကို တော်တော်ကြောက်မိတယ်။

တို့မြန်မာတွေက မိုးကြိုးကို သိကြားမင်းရဲ့လက်နက်လို့ ယူဆသလို ဟိန္ဒူတွေကလည်း မိုးကြိုးကို သိဝဗြဟ္မာကြီးရဲ့ လက်နက်လို့ ယူဆကြတယ်။ ဗုဒ္ဓဘာသာ အလိုကတော့ လူတစ်ယောက်ရဲ့အဆိုးအကောင်းဟာ သူရဲ့ အတိတ်ကပြုခဲ့တဲ့ အပြုအမူဟောင်းပေါ်မှာ တည်တယ်လို့ ဆိုတယ်။ အတိတ်က မကောင်းတာလုပ်ခဲ့လို့ အခု မကောင်းဘူး၊ အခုကောင်းတာဟာ အတိတ်က ကောင်းခဲ့လို့လို့ ဆိုတယ်။ (ပြုမူဖွယ်ဟူသမျှ ကံလို့ ဆိုကြပါစို့) အခု မကောင်းတာဟာ အဝိတ်ကံရဲ့အကျိုးပေးတာကို ယူဆကြတယ်။

ဟိန္ဒူတွေကတော့ လောကကို ဖန်ဆင်းတော်မူတဲ့ သိဝဗြဟ္မာကြီးဟာ လောကကြီးမှာနေတဲ့ လူတွေကို အမြဲကြည့်နေခဲ့သတဲ့။ လူတစ်ယောက် ဟာ မကောင်းမှု ဒုစရိုက်တွေ များနေတာကို မြင်တာနဲ့ တစ်ပြိုင်နက် အဲဒီ လူကို သူ့လက်နက်နဲ့ ပစ်ခွင်းဖျက်ဆီးတော့သတဲ့။

နောက်ပြီး သူတို့အယူက ကောင်းကျိုးပဲရရ၊ ဆိုးကျိုးပဲရရ သိဝဗြဟ္မာ ကြီး ဖန်တီးသမျှ ယူဆထားတာကိုး။ ဒီတော့ ခုနက ပြောသလို မိုးကြိုး ပစ်ခံရတာတို့၊ ရေကြီးတာတို့ဟာလည်း သိဝဗြဟ္မာကြောင့်၊ မိုးရွာတာ၊ သစ်ပင်တွေ ရှင်တာ၊ စိမ်းလန်းတာ၊ သစ်သီးတွေ မှည့်တာတွေဟာလည်း သိဝဗြဟ္မာကြောင့်လို့ ယုံကြည်ကြတယ်။

သူတို့ အဆိုကတော့ သိဝဗြဟ္မာကြီးမှာ လောကကိုဖျက်ဆီးတဲ့ လက်နက်အမျိုးမျိုးရှိသတဲ့။ သိဝဗြဟ္မာကြီးဟာ အင်မတန်ကြီးမားတဲ့ တုတ်ကြီးတစ်ချောင်းနဲ့ မျက်စိနဲ့လည်း မမြင်စေရ၊ အသံလည်း မကြားစေ

mgyoe.com

mgyoe.com

ရဘဲ ဒုစရိုက်ကောင်တွေရဲ့ဦးနှောက်ကို လာလာပြီး ရိုက်တတ်သတဲ့။ အမျိုးမျိုး ပေါ့ကွယ်၊ အဲဒီအထဲမှာ အဲဒီလို ကြောက်စရာ အံ့သြစရာကောင်းလှတဲ့ လက်နက်တစ်မျိုးကို သိဝဖြဟ္မာကြီးဟာ အိန္ဒရာဆိုတဲ့နတ်တို့ ဘုရင်ကို ပေးထားသတဲ့။ မြန်မာအခေါ်ကတော့ သိကြားမင်းပေါ့ကွယ်။ သိကြားမင်း ဟာ နိတ်မိစ္ဆာဖြစ်တဲ့ အသုရာတို့၊ ဒုစရိုက်ကောင်တို့ကို သုတ်သင်ရှင်းလင်း ရတဲ့သူမို့ သိဝဖြဟ္မာကြီးက အဲဒီလက်နက်ကို ပေးထားခြင်းဖြစ်သတဲ့။

မိုးရွာနေတဲ့အခါ ပြတင်းပေါက်ကို ဖွင့်ပြီး ကြည့်လိုက်ရင် မိုးသား မည်းမည်းတွေကို ဖြတ်သန်းပြီး တောက်ပသွားတတ်တဲ့ ရောင်ခြည်တန့်ကို တွေ့ဖူးမှာပေါ့။ အဲဒီဟာဟာ သိဝဖြဟ္မာကြီးက သိကြားမင်းကို ပေးထားတဲ့ ဓားပဲတဲ့ကွဲ့။ မြန်မာလိုဆိုတော့ မိုးကြိုးသွားပေါ့ကွယ်။ သိကြားမင်းဟာ အဲဒီမိုးကြိုးသွားနဲ့ ဒုစရိုက်ကောင်တွေကို ပစ်ခွင်းသတ်ဖြတ်တယ်လို့ ဆိုလို တာပေါ့ကွယ်၊ ဟုတ်ချင်လည်း ဟုတ်မှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ တချို့လူ တွေဟာ မိုးခြိမ်းသံကြားရင် လန့်ကြတယ်။ လျှပ်စီးလက်တာ မြင်ရင် ကြောက် ကြတယ် မဟုတ်လား။

ဟိန္ဒူတွေရဲ့အဆိုကတော့ အဲဒီလက်နက်ဟာ သံတို့ ကြေးတို့စတဲ့ ဓာတ်သတ္တုတွေနဲ့လုပ်တာ မဟုတ်ဘူးတဲ့။ ဒီလက်နက်ဖြစ်ပေါ်လာပုံကတော့ ဟိုရှေးရှေးတုန်းက အတ္တကိလမထာနုယောဂဆိုတဲ့ရုပ်ကို ညှဉ်းပန်းနှိပ်စက် တဲ့ ယောဂီအကျင့်ကိုကျင့်တဲ့ ယောဂီကြီးတစ်ပါးရှိသတဲ့။ အဲဒီယောဂီ တွေဟာ ဗုဒ္ဓမြတ်စွာဘုရားမပေါ်ခင်က ပေါ်ခဲ့တဲ့ယောဂီတွေပေါ့ကွာ။ ဒီခန္ဓာကိုယ်ကြီးရှိလို့ ထမင်းဆာရတယ်၊ ထမင်းစားရတယ်၊ ဒီမျက်လုံးရှိလို့ ကြည့်နေရတယ်၊ မြင်နေရတယ်၊ ဒီလက်ရှိလို့ ကိုင်နေရတယ်၊ လုပ်နေရ တယ် စသည်ဖြင့် လောကမှာ ဆင်းရဲမှု မှန်သမျှရဲ့ အရင်းခံဟာ ရုပ်ကြောင့် ဖြစ်ရတာပဲလို့ယူဆပြီး ရုပ်ကောင်ကြီးကို ဒဏ်ခတ်တဲ့ အကျင့်မျိုးပေါ့ကွာ၊ လက်နှစ်ဖက်စလုံး ဘာကိုမှမကိုင်ဘဲ နှစ်ပေါင်းများစွာ မိုးပေါ်မြှောက်ထား တာမျိုး၊ မျက်စိမှိတ်ပြီး တစ်နေရာတည်းမှာ ထိုင်ရာမထ နှစ်ပေါင်းများစွာ နေတာမျိုးပေါ့။ အဲ ခုနယောဂီကြီးဟာလည်း တောင်ထိပ်တစ်ခုပေါ်မှာ နေ့ရော ညရော နေပူပူ၊ မိုးရွာရွာ၊ လေတိုက်တိုက် နှစ်ပေါင်းများစွာ မထတမ်း ထိုင်နေခဲ့သတဲ့။ အဲဒီယောဂီကြီးဟာ ဘယ်လောက်များကြာအောင် ထိုင်နေခဲ့

mgyoe.com

mgyoe.com

သလဲဆိုရင် သူ့ကိုယ်က အရည်ခွံတွေစုတ်၊ အသားတွေ ဆွေးမြည့်ပျက်စီးပြီး အရိုးချည်းပဲ ကျန်တော့တဲ့အထိပဲတဲ့။ အဲဒီအချိန်မှာ ယောဂီကြီးဟာ လောက မြေပြင်မှာ အရိုးစုဟာ ကျန်ရစ်ခဲ့ပြီး နာမ်ကတော့ အရူပဘုံမှာ ရောက်နေမှာ ပေါ့။ အဲဒီယောဂီကြီးရဲ့အရိုးတွေဟာ နှစ်ပေါင်းများစွာ မိုးစိုစို၊ နေပူပူ၊ လေတိုက်တိုက် ပျက်စီးခြင်းမရှိဘဲ မာကျောချွန်ထက်နေတာမို့ သိဝဖြဟ္မာကြီး ဟာ အဲဒီအရိုးတွေကို စုပြီး ဒုစရိုက်ကောင်တွေ ဖျက်ဆီးဖို့ ဓားလက်နက် အဖြစ် ပြုလုပ်ဖန်ဆင်းခဲ့ပါသတဲ့။ နောက်ပြီး အရိုးတွေဟာ စိန်ရောင်ရောင် လက်နေတာမို့ အဲဒီဓားလက်နက်ကို ဝင့်လိုက်တဲ့အခါ စိန်ရောင်တွေ တဖျပ်ဖျပ်လက်ရသတဲ့။

ကိုကြီး ဒါတွေ လျှောက်ရေးပြနေတော့ ခေတ်ပညာတွေ သင်နေရတဲ့ ညီမလေးက ပြုံးမိပေလိမ့်မယ်။ လောကဓာတ်ပညာ ထွန်းကားနေတဲ့ အဏုမြူ ခေတ်မှာ ကိုကြီးက ဘာတွေများ ရေးနေပါလိမ့်လို့ မဲ့ပြုံးလေး ပြုံးပေလိမ့်မယ်။ ဘာပဲပြောပြောလေ မိုးကြိုးနဲ့ပတ်သက်ပြီး ဆန်းကြယ်လှတဲ့ ကြွေကွဲစရာ အဖြစ်အပျက်ကိုတော့ ကိုကြီး ရေးပြရဦးမယ်။

* * *

တစ်ခါက ရွာကြီးတစ်ရွာမှာ ၇ ရက်လောက် ဆက်ပြီး မိုးကြီးစွေခဲ့သတဲ့။ မိုးဟာ သည်းလိုက် ဖွဲလိုက်၊ ခဏလောက် လင်းလာပြီး ပြန်ရွာလိုက် သည်း လိုက်နဲ့ဟာ ရွာဘေးမှာရှိတဲ့ ချောင်းရေတွေလျှံ၊ တံတားတွေ ကျိုးပြီး လယ်ကွင်း တွေမှာလည်း ရေတွေနဲ့ဟာ ပြည့်နေတော့တယ်။

မိုးကြီးက နေ့ဆက်ရက်ဆက် သည်းလွန်း စွေလွန်းတော့ အဲဒီရွာကြီးရဲ့ အပြင်ဘက် သင်္ချိုင်းကုန်းနားက တဲပုတ်လေးတွေပျက်ပြီး ၂၁ ရက်သား သာရှိသေးတဲ့ ကလေးလေးတစ်ယောက်တောင် သေသွားသတဲ့။ အဲဒီလို မိုးကြီး နေ့စဉ် စွေနေရာက တစ်နေ့မနက်ပိုင်းမှာတော့ မိုးဟာ အတော် ကြာကြာ မရွာဘဲ တိတ်သွားသတဲ့။ အမှန်ကတော့ အပြင်ထွက်ဖို့ ကိစ္စရှိနေ တဲ့ လူတွေ အိမ်ထဲက ထွက်ချင်ထွက်ရအောင် မိုးက လုပ်လိုက်တာပါပဲ။ အဲဒီနေ့ဟာ ဈေးနေ့လည်းဖြစ်နေတော့ ဈေးသွားတဲ့လူတို့၊ ဟိုဘက်ရွာကို သွားတဲ့လူတို့၊ လယ်တဲကိုသွားတဲ့လူတို့ အို စုံလို့ပါပဲကွယ်။

mgyoe.com

mgyoe.com


ဒါပေမဲ့ မွန်းလွဲပိုင်းလောက်လည်းရောက်ရော မိုးဟာ ဖြုန်းခနဲ မည်းတက်လာပြီး ဝေါခနဲ သည်းချလိုက်ပြန်တော့တယ်။ မိုးသည်းတယ်ဆိုရင်ပဲ အိမ်နဲ့နီးတဲ့လူတွေကတော့ အိမ်တွေကို ပြေးဝင်ခိုအောင်းကြတာပေါ့။ ဒါပေမဲ့ ရွာ့အပြင်ဘက်လယ်ကွက်တွေထဲရောက်နေတဲ့ လူလေးယောက်ကတော့ ခိုဝင်စရာ အိမ်မရှိတဲ့အတွက် ရွာထိပ်က ညောင်ပင်ကြီးအောက်ကို ခိုဝင်ကြဖို့ အပြေးအလွှားလာကြရသတဲ့။

ရွာထိပ်က ညောင်ပင်ကြီးဟာ ပုဆိုးတစ်ပတ်လောက်ရှိတဲ့ ပင်စည်နဲ့ အင်မတန်ကြီးမားလှတဲ့အပြင် အကိုင်းအခက်တွေကလည်း ဝေဆာလွန်းတော့ ဘယ်လောက်ပဲ မိုးသည်းသည်း ဒီညောင်ပင်အောက်ကို ဝင်ခိုရင် မိုးရေမစွတ်ဘူးကွဲ့။ များသောအားဖြင့် ရွာအပြင်ဘက်မှာ မိုးမိတဲ့လူတွေဟာ ဒီညောင်ပင်ကြီးအောက်ကိုရောက်အောင် ပြေးလေ့ရှိကြတယ်။

အေး အဲဒီနေ့က မိုးအသည်းမှာ သဘာဝမတူတဲ့ ယူလေးယောက် အဲဒီညောင်ပင်အောက်မှာ ဆုံမိဖို့ဖြစ်လာတာဟာ တရားနဲ့တွေးလိုက်တော့ ကံကြမ္မာရဲ့ ဆန်းကြယ်စွာ ဖန်တီးမှုတစ်ခုပဲလို့သာ ဆိုရမှာပဲ။

အဲဒီလေးယောက်မှာ တစ်ယောက်က ဘယ်သူလဲဆိုတော့ သူကြီးသား မောင်ဘဟန်တဲ့ကွဲ့။ မောင်ဘဟန်ဟာ ကာယဗလကလည်းကောင်း၊ မျက်နှာပေါက်ကလည်းလှ၊ ယောကျ်ားချောချောတဲ့သူပေါ့ကွယ်။ အသက် သုံးဆယ်ကျော်နေပေမဲ့ အိမ်ထောင်လည်းမပြုဘူးကွဲ့။ သူနဲ့လက်ထပ်ချင်တဲ့ မိန်းကလေးတွေ ရွာထဲမှာ အတော်များများပဲ ရှိကြတယ်။ ဒါပေမဲ့ သူက မယူတာနဲ့ မညားရရှာဘူး။ ကိုဘဟန်တစ်ယောက် ရွာထဲလျှောက်ပလားဆိုမှဖြင့် အိမ်ပုဏ္ဏကွယ်ကနေပြီး ချောင်းကြည့်တဲ့ မိန်းကလေးတွေများတောင်ရှိသတဲ့။

မောင်ဘဟန်ဟာ စကားအပြောအဆိုလည်း ကောင်းရှာတယ်။ သူ့ပြောတဲ့စကား နားထောင်နေရရင် ဘယ်သူမှမပျင်းကြဘူး။ ရွာသားတွေ အချင်းချင်း ဘယ်လောက်ပဲစိတ်ဆိုးလို့ သတ်ပုတ်နေကြပေမဲ့ သူကသာ စကားနဲ့ဝင်ပြီး ဖျန်ဖြေရင် အလိုလို ပြေကုန်ကြတာပဲ။ ငွေ အသုံးအစွဲမှာလည်း အင်မတန် ကျစ်လျစ်တယ်။ ရွာကြီးမှာတော့ တကယ့် စံပြယောကျ်ားဆိုပါတော့ကွယ်။

နောက်ပြီး သူဟာ အမဲလိုက်ဖို့၊ ငှက်ပစ်ဖို့လည်း အင်မတန်ဝါသနာပါ

mgyoe.com

mgyoe.com

တယ်။ အဲဒီနေ့ကလည်း မိုးတိတ်နေတုန်းမှာပဲ ပစ်ရအောင် ထွက်ခဲ့ရာက ခုလို မိုးမိရတာပဲ။ မိုးမိတာနဲ့ ညောင်ပင်ကြီးအောက်က ဝင်ခိုရပြန်တော့ ညောင်ပင်အောက် တွေ့ရတဲ့ သူတွေကတော့ သူ့အသိတွေချည်းပဲ။

အဲဒီအထဲမှာ တစ်ဦးကတော့ ရွာလယ်ဘုန်းကြီးကျောင်းက ဦးပဥ္စင်း ဦးပဏ္ဍိတ်ပဲ။ ဦးပဥ္စင်းက မန္တလေးမှာ စာသင်ခဲ့ရတာမို့ ရွာမှာဆိုရင်တော့ အင်မတန်လူကြည်ညိုများတဲ့ ဦးပဥ္စင်းလေးပေါ့။ ဦးပဥ္စင်းဟာ ဓမ္မာစရိယဆိုတဲ့ စာချတန်းတောင် အောင်ခဲ့တယ်။ နောက်ပြီး ဦးပဥ္စင်းဟာ ရွာသူ ရွာသားတွေကို သူတော်ကောင်းဖြစ်စေချင်တဲ့စိတ် အင်မတန်အားကြီးတယ်။ ရွာသူရွာသားတွေကိုတစ်ယောက်ပဲ တွေ့ရ တွေ့ရ၊ အများကြီးပဲ တွေ့ရ တွေ့ရ အမြဲတရားဟောတယ်။ ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးကစပြီး လူ့ကိုယ်ကျင့်တရားအထိ သွန်သင်ဟောပြဆုံးမလေ့ရှိတယ်။

ဦးပဥ္စင်းဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျပြီး တစ်နှစ်အကြာမှာ မယားသေသွားတာနဲ့ သံဝေဂရပြီး ရဟန်းဝတ်ခဲ့သူဆိုတော့ ရပ်ထဲ ရွာထဲမှာလည်း လူငယ်လေးတွေ၊ မိန်းကလေးတွေ ပျက်စီးမှာ၊ မှားယွင်းကြမှာကို အင်မတန် စိုးရိမ်တယ်။ ဦးပဥ္စင်းဟာ သွေးသားမတော်စပ်တဲ့ မိန်းကလေးနဲ့ ယောကျ်ားလေး စကားပြောနေတာ တွေ့ရင် ဒါမှမဟုတ် အတူလျှောက်လာတာတွေ့ရင် သူတို့ရဲ့ လူကြီးမိဘတွေကို တိုင်ပြီး ရိုက်နှက်ဆုံးမခိုင်းလေ့ရှိတယ်။

ကျုပ်တို့ရွာက လူငယ်တွေဟာ မြို့ပေါ်က လူငယ်တွေရဲ့အတုကို မခိုးအောင် သင်ပေးရမယ်၊ ပြုပြင်ရမယ်။ မြို့ပေါ်က လူငယ်တွေဟာ တစ်ယောက်မှ လူကောင်းမရှိဘူး။ မိန်းကလေးနဲ့ ယောကျ်ားလေး တိုးတိုး တိုးတိုး လုပ်တာဟာ နောင်တစ်နေ့ ကိုယ်ကျိုးနည်းဖို့ပဲ ဒကာကြီးတို့ရဲ့လို့လည်း ပြောလေ့ရှိတယ်။ ဒါကြောင့် ရွာထဲက လူပျိုလေး အပျိုလေးတွေဟာ ဦးပဥ္စင်း မြင်သာတဲ့နေရာမှာ ဘယ်တော့မှ စကားမပြောကြဘူး။ အတူတွဲမလာကြဘူး။ ရှောင်နိုင်သမျှ ရှောင်ကြရတယ်။

ဦးပဥ္စင်း ဦးပဏ္ဍိတ်က ဘယ်လိုပဲ သွန်သင်ဆုံးမပေမဲ့ ဦးပဥ္စင်းရဲ့အဆုံးအမကို မနာယူဘဲ မိုက်လုံးကြီးခဲ့တဲ့ မိန်းကလေးတစ်ယောက်ဟာ ရွာထဲမှာ ပေါ်လာခဲ့ဖူးတယ်။ မိန်းကလေးရဲ့နာမည်က မယ်သီတဲ့ကွဲ့။ မိန်းကလေးရဲ့

mgyoe.com

mgyoe.com
အဖေကတော့ ပန်းပဲဆရာပါပဲ။ မယ်သီဟာ တစ်ခါတော့ လင်မရှိဘဲ ကိုယ်ဝန်တွေ ဘာတွေရှိလာပြီး ကလေးတစ်ယောက်မွေးပါလေရော။ ကလေးကလည်း ယောကျ်ားလေး၊ ချစ်စရာကြီး၊ ရွာထဲက လူတွေလည်း အတော်ပဲလန့်ကုန်ကြတယ်။ ဟိုခေတ်က မိန်းကလေးတစ်ယောက် လင်မရှိဘဲ ဗိုက်ကြီးတယ်ဆိုတာ နည်းတဲ့ ဒုစရိုက်မှ မဟုတ်ပါဘဲကိုး။ ရွာထဲက လူတွေ လန့်ဖျပ်ကုန်တာပေါ့။

မယ်သီကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ သူ့သားလေး၊ အဖေမပေါ်တဲ့ သားလေးကို ပွေ့ကာ ချီကာ နို့တိုက်ကာနဲ့ နေခဲ့တယ်။ မယ်သီ့အဖေလည်း သမီးမှာ လင်မရှိဘဲ ကိုယ်ဝန်ရှိမှန်းသိတဲ့အချိန်ကစပြီး ရက်ရက်စက်စက် ရိုက်နှက်ပြီး ကလေးအဖေကို မေးခဲ့တယ်။ ဆယ်အိမ်ခေါင်းတို့ကလည်း မေးခဲ့တယ်။ နောက်ဆုံး ဦးဇင်း ဦးပဏ္ဍိက တရားတွေ ဘာတွေ ဟောပြီး မေးခဲ့တယ်၊ ရိုက်မယ် ပုတ်မယ်လုပ်ပြီး မေးခဲ့တယ်။ ဒါပေမဲ့ မယ်သီကတော့ ကလေးအဖေကို မပြောခဲ့ဘူး။

ရပ်ရွာလူကြီးနဲ့ သူ့အဖေကိုတော့ "ကျွန်မ မပြောပါရစေနဲ့၊ ကျွန်မကို သတ်ပစ်ချင် သတ်ပစ်ပါ။ ကျွန်မ မပြောရပါစေနဲ့" လို့သာ ပြန်ပြောတယ်။ ဦးပဥ္ဇင်း ဦးပဏ္ဍိကိုတော့ "တပည့်တော် အကုသိုလ်ကြောင့် ဖြစ်ရတာပါဘုရား၊ ကလေးအဖေကို ပြောတဲ့အတွက် တပည့်တော်မမှာ အကျိုးမထူးပါဘူးဘုရား၊ သူ့မှာသာ အကျိုးယုတ်နိုင်ပါတယ်ဘုရား၊ တပည့်တော်မရဲ့ ဝဋ်လို့သာ သဘောထားပါတယ်ဘုရား" လို့ ခပ်အေးအေးပဲ ပြန်ဖြေခဲ့တယ်။

နောက်ဆုံးမှာ ဦးပဥ္ဇင်း ဦးပဏ္ဍိနဲ့ ရပ်ရွာလူကြီးတွေကရော၊ မယ်သီရဲ့ အဖေကရော မယ်သီကို ဖအေမရှိတဲ့ ကလေးနဲ့အတူ ရွာက ထွက်သွားဖို့ နှင်ကြတော့တယ်။ ကလေးအဖေကို မပြောသမျှ ရွာထဲမှာ မထားဘူးဆိုပြီး နှင်ကြတော့တယ်။ မယ်သီကလည်း မွေးပေါက်စ ၇ ရက်သားကလေးလေးကို ချီပြီး ရွာထဲက ထွက်သွားတော့တယ်။ အဲ မယ်သီသွားလို့ သုံးလေးရက်လည်း ကြာရော မိုးကြီးရွာလိုက်တာ အဲဒီနေ့အထိပဲ ဆိုပါတော့။ မယ်သီ့သတင်းကို နားထောင်တဲ့လူတွေကတော့ မယ်သီဟာ သင်္ချိုင်းနားက တဲစုလေးမှာ ရောက်နေတယ်လို့ကြားရတော့ အတော်အံ့သြပြီး ဦးပဥ္ဇင်း ဦးပဏ္ဍိကို လျှောက်ကြသတဲ့။ ဦးပဥ္ဇင်း ဦးပဏ္ဍိက "ဟဲ့ အဲဒါ အကုသိုလ်အားကြီး

mgyoe.com

လွန်းတော့ အရှင်လတ်လတ်အပြစ်ခံရတာဟဲ့၊ သင်္ချိုင်းကုန်းနားက အစုဟာ သူတောင်းစားတွေ၊ စဏ္ဍာလတွေ နေတာဟ၊ ပစ္စန္တရစ် ရပ်ကွက်ခေါ်တယ်။ ပစ္စန္တရစ်ဆိုတာ ရပ်ပြစ် ရှစ်ပါးထဲမှာ ပါတယ်။ ကြည့်စမ်း ဒုစရိုက်ကြီးလိုက်တာ ခုတစ်ဘဝတည်းတွင် ပစ္စန္တရစ်ရောက်နေပြီ သေများသွားရင် အဝီစိကကို တက်မှာ မဟုတ်တော့ဘူးဟဲ့" လို့ အမိန့်ရှိတော်မူတယ်။

အဲ အဲ ဒါနဲ့ ညောင်ပင်ကြီးအောက်က လူတွေဆီ ဆက်ရဦးမယ်၊ အဲ အဲ သူကြီးသားရယ်၊ ဘုန်းကြီးရယ်၊ နောက်တစ်ယောက်ကတော့ ကိုစံဆိုတဲ့ ငွေတိုးပေးသမားပဲကွဲ့။ အဲသူကတော့ မြို့ပေါ်ကကွဲ့။ မြို့ပေါ်ကနေပြီး ရွာထဲက လူတွေဆီမှာ ငွေချေးတယ်။ ငွေချေးတဲ့အခါ လက်ဝတ်လက်စားတို့၊ ခြံမြေတို့၊ လယ်တို့ကို အပေါင်အဖြစ် ထားရတယ်။ သူယူတဲ့အတိုးကလည်း အင်မတန်ကြီးတဲ့ နောက်ပြီး အတိုးကလည်း နှစ်ထပ်တိုး ယူထားတယ်။

ငွေချေးရတဲ့လူတွေကတော့ သူ့ကို အင်မတန် ကျေးဇူးတင်စွာနဲ့ပဲ ချေးယူကြရတယ်။ ကျေးဇူးရှင်ကြီးလို့ သဘောထားကြတယ်။ နောက်ပြီး ကိုစံက အလှူအတန်းမှာလည်း ရက်ရောတယ်၊ ဦးပဥ္စင်း ဦးပဏ္ဍိရဲ့ ပစ္စည်းလေးပါး ဒါယကာလည်း ဖြစ်တယ်။ သူလှူထားတဲ့ ဘုန်းကြီးကျောင်းလည်း ရှိတယ်။ ဒါကြောင့် သူ့ကို ကျောင်းဒကာကြီးလို့ခေါ်တဲ့ လူကများတယ်။ တကယ့် လူသူတော်ကောင်းကြီးပေါ့ကွယ်။ မယ်သီ့ကိစ္စနဲ့ပတ်သက်ပြီး ဦးပဥ္စင်း ပဏ္ဍိရဲ့ဆောင်ရွက်ချက်ကိုလည်း အတော်ပဲ ချီးကျူးရှာတယ်။ ဦးဇင်းတို့ သီလရှိတဲ့ပုဂ္ဂိုလ်တွေမို့ပေါ့ဘုရား၊ တပည့်တော်လိုသာဖြင့် အသေသတ်မှာလို့တောင် ဦးပဥ္စင်းကို လျှောက်ရင်း ဦးပဥ္စင်းရဲ့စိတ်ထား မြင့်မြတ်ပုံကို အံ့ဩခဲ့တယ်။

ကိုစံဟာ ဗိုက်ရွဲရွဲ၊ ကိုယ်လုံးထွားထွား၊ အသားမည်းမည်းပဲ။ ဒါပေမဲ့ သူ့ရဲ့အဝတ်ဟာ အမြဲ ဖြူစင်သန့်ရှင်းနေပြီး ရေမွှေးနံ့သင်းနေတယ်။ အသားကလည်း မည်းတယ်ဆိုပေမဲ့ ဆပ်ပြာမွှေးနဲ့ တစ်နေ့ ရေဘယ်နှခါ ချိုးထားလဲ မသိဘူး၊ ဘယ်အခါကြည့်ကြည့် ရေချိုးပြီးသလို ဖြစ်နေတယ်။ ဒါကိုတချို့ ကြွေးယူသူတွေက ကျောင်းဒကာကြီး ဦးစံဟာ စိတ်ဓာတ်ကောင်းပြီး အမြဲ သန့်ရှင်းနေတော့ သူရဲ့ ကိုယ်ခန္ဓာဟာ ဘယ်အခါကြည့်ကြည့် သန့်ရှင်းနေတာပဲလို့ ပြောကြတယ်။

mgyoe.com

mgyoe.com


နောက်တစ်ယောက်ကတော့ အဲဒီရွာတစ်ဝိုက်က မြေစာရင်းတွေကို ထိန်းသိမ်းကြီးကြပ်ရတဲ့ မြေတိုင်း စာရေး ကိုချောဖေပဲ။

ခုခေတ်မှာ မြေတိုင်းစာရေးတွေဟာ ဘာမှအရေးမပါလှပေမဲ့ ဟိုခေတ်က ဆိုရင် သူဟာ လယ်ယာမြေ ခြံမြေနဲ့ မကင်းနိုင်သူတွေရဲ့ ကိုးကွယ်ရာပဲ။ ဘယ်မြေကွက်ဟာ ဘယ်လောက်ကျယ်တယ်၊ အခု ဘယ်သူပိုင်တယ်၊ အစက ဘယ်သူပိုင်ခဲ့တယ်၊ ဘယ်မြေကွက်ဟာဖြင့် ရောင်းတော့မယ်ဆိုတာတွေဟာ သူသာ သိတယ်။ လယ်တို့ ခြံတို့ လုပ်ချင်တဲ့သူတွေဟာ သူ့ကိုပဲ ကပ်ရတယ်။

အဲဒီခေတ်က တောသူတောင်သားတွေဟာ စာမတတ်တဲ့လူက များတယ်။ ကိုချောဖေက လက်မှတ်ထိုးခိုင်းရင် သူတို့ရဲ့လက်မတွေကို နှိပ်ကြရတယ်။ (ငွေချေးတော့လည်း ဒီလိုပဲ လက်မတွေကို နှိပ်ပေးရတာပဲ) မြေကိစ္စ အရှုပ်အရှင်းပေါ်လာရင် အမြဲတမ်း ကိုချောဖေက ပြေပြစ်အောင် လုပ်ပေးတတ်တယ်။ တောသူတောင်သားတွေကလည်း ကိုချောဖေကို ကျေးဇူးတင်စွာနဲ့ ကွမ်းဖိုး ဆေးဖိုးပေးကြရတယ်။

ကိုချောဖေဟာ တကယ်ဆိုတော့ လူသူတော်ကောင်းပဲကွဲ့၊ မင်းစိုး ရာဇာပိုင်းမှာ လုပ်နေရပေမဲ့ အသောက်အစား မရှိဘူး၊ ဝါတွင်း ဝါပ ဥပုသ်နေ့ တိုင်း ဥပုသ်စောင့်တယ်။ အပျော်အပါးလည်း ကင်းတယ်။ သူများ သားပျို သမီးပျိုကို မဖျက်ဆီးဘူး။ လူသိနတ်ကြား မယားနှစ်ယောက် ယူထားတယ်။ လူက ရှင်းရှင်းဘွင်းဘွင်းသမားကွဲ့၊ မယားနှစ်ယောက်စလုံးကို အိမ်တစ်ဆောင် မီးတပြောင်နဲ့ ကျကျနနထားတယ်၊ လူဖြောင့်စိတ်တိုလို့ပဲ ခေါ်မလား မသိဘူး။ စိတ်ကလည်း အင်မတန် တိုတယ်၊ မဟုတ်မခံစိတ်ကလည်း ရှိတယ်'

တစ်ခါက လှည်းသမားတစ်ယောက်ကို သူပေးတဲ့ လှည်းခထက် ပိုတောင်းရမလားဆိုပြီး လှည်းပေါ်က ဆွဲချ၊ ဘွတ်ဖိနပ်နဲ့ လိုမ့်လိုမ့်ကန်လိုက် တာ လှည်းသမားမှာ ၃ ရက်လောက် အိပ်ရာက မထနိုင်ဘူး။ သူ့ကို စော်ကား တဲ့ လူကိုလည်း နည်းနည်းလေးမှ သည်းမခံဘူး။ တစ်ခါက သူ့ကို "ဟေ့လူ" လို့ ရိုင်းရိုင်းပျပျအော်ခေါ်တဲ့ ရွာသားတစ်ယောက် လက်ကိုင်တုတ်နဲ့ ချလိုက် တာ ထိပ်ကိုကွဲသွားတာပဲ။

သူ့ကိုယ်ကိုကလည်း ရိုသေအပ်တဲ့လူကို ရိုသေတတ်တဲ့ စိတ်ရှိတယ်၊ ယဉ် ယဉ်ကျေးကျေးဆက်ဆံသင့်တဲ့ လူနဲ့ တွေ့ရင် အင်မတန် ယဉ်ကျေး

mgyoe.com

mgyoe.com
သိမ်မွေ့စွာ ဆက်ဆံတယ်။ သူ့ထက် ရာထူးကြီးတဲ့ အစိုးရအရာရှိတွေ၊ မြေတိုင်း အင်စပက်တော်တွေနဲ့ တွေ့ရင် သူ့အပြုအမူဟာ အတုခိုးထားလောက်အောင်ကို သိမ်မွေ့တယ်။ သူကြီးသားတို့၊ ကိုစံတို့နဲ့ဆိုရင် မိတ်ဆွေရင်းတွေပေါ့၊ ဦးဇင်း ဦးပဏ္ဍိနဲ့ဆိုရင်လည်း ဆရာရင်း ဒကာရင်းပဲ။

အခုတော့ သူတို့လေးဦးဟာ မိုးကြောင့်ချိန်းဆိုမထားကြဘဲ ညောင်ပင်ကြီးအောက်မှာ ဆုံမိခဲ့ကြတယ်။ ဝေါခနဲ ဝေါခနဲ ရွာချနေတဲ့မိုးကို ကြည့်ရင်း မိုးမြန်မြန်တိတ်ပါစေလို့ ဆုတောင်းနေကြတယ်။ မိုးခြိမ်းသံတွေကလည်း ဆူညံနေပြီး လျှပ်စီးတွေကလည်း တဝင်းဝင်းပဲ။ မိုးကတော့ စဲပုံမပေါ်တဲ့ အပြင် မည်းသထက်သာ မည်းလာပြီး အလင်းရောင်ဆိုလို့ လျှပ်စီးလက်မှပဲ တွေ့ရတော့တယ်။

အဲဒီလိုနေရာက အနောက်ဘက်ဆီက လျှပ်စီးအလက်မှာ သူတို့မိုးခိုနေတဲ့ ညောင်ပင်ဆီကို ပြေးလာတဲ့ လူနှစ်ယောက်ကို တွေ့ရတယ်။ နောက်တစ်ကြိမ် လျှပ်စီးအလက်မှာ ပြေးလာတဲ့ လူနှစ်ယောက်၊ သေသေချာချာ ကြည့်လိုက်တော့ သူတို့အားလုံး မျက်မှောင်ကုတ်သွားကြတယ်။

ပြေးလာတဲ့ လူနှစ်ယောက်ကတော့ ဒုစရိုက်ကောင်မလေး မယ်သီနဲ့ ရွာထဲမှာ မနေနိုင်လို့ သင်္ချိုင်းကုန်းနား ပြောင်းနေရတဲ့ ဖိနပ်ချုပ်ဆရာ ဦးဖိုးထိုက်တို့ကိုး။

ဒါထက် ညီမလေးကို ကိုဖိုးထိုက်အကြောင်း ပြောပြရဦးမယ်၊ ကိုဖိုးထိုက်ဟာ တစ်ခေတ်တုန်းကဆိုရင် အဲဒီရွာနားက မြို့ပေါ်မှာ ဖိနပ်ထောင်ဆရာပေါ့ကွယ်၊ သူ့အလုပ်ရုံက ထွက်တဲ့ဖိနပ်စီးရတာကိုပဲ အဲဒီမြို့မှာ ဂုဏ်ယူစရာပဲ။ သူ့တပည့်လက်သား အလုပ်သမားတွေကလည်း မနည်းဘူးကွဲ့၊ တစ်ခါတော့ သူ့ဆီက အလုပ်သမားတစ်ယောက်ဟာ သူ့မယားကို ခိုးပြီး ထွက်ပြေးပါရော။ ခက်ပုံက မယားလုပ်တဲ့သူက သူ့ချည်း လိုက်သွားတာ မဟုတ်ဘဲ ရှိသမျှ၊ ချမ်းသာသမျှ ပစ္စည်းတွေကိုပါ တစ်ပြားမကျန်အောင် ယူသွားတော့ သူ့ခမျာ လက်ဝါးချည်း ကျန်ခဲ့တာပေါ့။ အလုပ်သမားတွေရဲ့ လုပ်ခကိုတောင်မှ ဈေးဆိုင်၊ ကုန်စုံဆိုင်တွေက ငွေချေးပြီး ပေးရှာတယ်။ အလုပ်သမားတွေကလည်း ကိုဖိုးထိုက်မှာ ငွေရင်းမရှိတော့မှန်းသိတော့ ထွက်မှန်းမသိ ထွက်ကုန်ကြတယ်။ ကိုဖိုးထိုက်မှာလည်း သူ့အပေါ် တင်နေ
mgyoe.com

mgyoe.com

တဲ့အကြွေးတွေကို အိမ်နဲ့တကွ ဖိနပ်လုပ်တဲ့ ပစ္စည်းအသုံးအဆောင်တွေကိုပါ ရောင်းပြီး ဆပ်ခဲ့တယ်။

သူ့မှာ ဖိနပ်ချုပ်တဲ့ ဆူးပဲ ကျန်တော့တယ်။ ဒိပြင် ဖိနပ်ထောင်ဆရာ တစ်ယောက်ဆီမှာ လက်ခစားဝင်လုပ်ရတယ်။ မယားလည်း မရှိ၊ အခြေအနေ ကလဲ ပျက်တော့ စိတ်မချမ်းမသာဖြစ်ပြီး ရသမျှငွေကို အရက်ချည်းပဲ သောက်ပစ်တယ်။ မြို့ပေါ်မှာလည်း မနေတော့ဘဲ အရင်က သူ့တပည့်ဟောင်း တစ်ယောက်နေတဲ့ အဲဒီရွာကို ပြောင်းလာပြီး နေတယ်။ ရွာကနေ မြို့ကို အလုပ်ဆင်းတယ်၊ ပြန်လာရင်တော့ အမြဲတမ်း မူးလို့ပဲ။

သူ့ကို အရက်သမား ယစ်ထုပ်ဆိုပြီး တစ်ရွာလုံးက ဆေးဖော်ကြောဖက် မလုပ်ကြပေမဲ့ သူကတော့ ဂရုမစိုက်ဘူး။ ဒီလိုနဲ့ မကျန်းမာဖြစ်ပြီး အလုပ် မဆင်းနိုင်တော့ သူနေရတဲ့ အိမ်က မကြည်ဖြူတော့ဘူး။ ထမင်းဖိုးဝေးလို့ ဆေးဖိုးတောင် မပေးနိုင်ဘဲကိုး။ နည်းနည်းလေး နေကောင်းလာတော့ သူလည်း အဲဒီအိမ်မှာ မနေတော့ဘဲ ရွာပြင်ထွက်ပြီး သင်္ချိုင်းနားမှာ တဲကလေးတစ်ခု ထိုးပြီး တစ်ယောက်တည်း နေခဲ့တော့တယ်။ အရက်လည်း မသောက်တော့ဘူး။ အလုပ်လုပ်နိုင်တဲ့အခါလည်း လုပ်၊ မလုပ်နိုင်တော့လည်း တောင်းစားတော့တယ်။

အဖေမပေါ်တဲ့ကလေးကို ရင်ခွင်မှာပိုက်ပြီး ရွာထဲက ထွက်လာတဲ့ မယ်သီကို ခေါ်ယူထိန်းသိမ်းပြီး ကျွေးမွေးထားတဲ့လူကတော့ ဦးဖိုးထိုက် ကြီးပဲ။ မယ်သီရယ်၊ နင် အခုလို သွေးနုနုမှာ ကလေးတစ်ဖက်နဲ့ တခြားသွား လို့လည်း မတော်ပါဘူး။ ငါ့တဲလေးမှာပဲနေပါ။ နင့်အဖေ စိတ်ဆိုးပြေတော့ ငါ နင့်အဖေတဲ ပြန်ပို့ပေးပါ့မယ်၊ နင့်အဖေအကြောင်း ငါ သိပါတယ်။ စိတ်ကောင်းရှိတဲ့ လူကြီးပါလို့ပြောပြီး မယ်သီကို ချော့ခေါ်ထားသတဲ့။

ရေနစ်နေတဲ့လူဟာ ကောက်ရိုးမျှင်လေးကိုတောင်မှ တွယ်ကပ်အားကိုး ပြုရှာသလို မယ်သီခမျာလည်း ဦးဖိုးထိုက်ရဲ့ တဲစုတ်ကလေးမှာပဲ တွယ်ကပ် ပြီး နေခဲ့ရရှာတယ်။ မယ်သီ့အဖေအနေနဲ့ကတော့ သူ့သမီးဟာ အရပ်တကာ လှည့်ပြီး တောင်းစားနေရမှာနဲ့စာတော့ အခုလို ဦးဖိုးထိုက်ကြီးရဲ့တဲမှာ နေနေ တယ်ဆိုတာကို ကျေနပ်နေတယ်။ ရွာထဲက မျက်နှာကြီးတွေကတော့ အခုလို သင်္ချိုင်းကုန်းနားက တဲစုတ်မှာ နေမဲ့အစား ချောင်းထဲ ခုန်ချပြီး သေရတာကမှ ကောင်းလိမ့်ဦးမယ်လို့ ပြောကြတယ်။

mgyoe.com

mgyoe.com


ကာလသားတွေကဆိုရင် ဦးဖိုးထိုက်ကြီးရဲ့ တဲကလေးကို မီးရှို့ပစ်မယ် တကဲကဲနဲ့လုပ်နေကြတယ်။ ဒါပေမဲ့ လူကြီးတွေက တားတာကလည်း တစ်ကြောင်း၊ နေ့ဆက်ရက်ဆက် မိုးကြီးစွေနေတာကလည်း တစ်ကြောင်းကြောင့် မရှို့ပစ်ကြဘူး။ ဦးဖိုးထိုက်တဲကို မီးရှို့ဖို့ဝေးလို့ ကိုယ့်မီးဖိုထဲမှာတောင် မီးမွေးလို့ မလွယ်လောက်အောင် မိုးကလည်း ကောင်းနေတာကိုး။

ကြည့်စမ်း၊ ဒီမိုးကြီးကြောင့် ဦးဖိုးထိုက်ရဲ့တဲကလေးဟာ မီးရှို့မခံရတော့ဘူး။ ဒါပေမဲ့ ဒီမိုးကြီးကြောင့်ပဲ တဲကလေးဟာ ယိမ်းယိုင်ပြိုကျသွားခဲ့တယ်။ အဲဒီအချိန်မှာ ဦးဖိုးထိုက်ကြီးက မြို့ပေါ်မှာ ရောက်နေ၊ မယ်သီကလည်း နေမကောင်းဖြစ်နေရှာတဲ့ သားကလေးအတွက် အနီးအနားက အိမ်တွေမှာ ဆေးလျှောက်တောင်းနေတာမို့ တဲကလေးထဲမှာ ကလေးချည်းပဲ ရှိတယ်။ မိုးတွေ သိပ်ရွာပြီး လေတွေသိပ်တိုက်လာတော့ ဦးဖိုးထိုက်ရော မယ်သီပါ တဲကလေးကို အရောက်ပြေးလာကြတယ်။ သူတို့တဲကိုရောက်တော့ တဲလည်း ပြိုနေပြီ၊ ကလေးလေးလည်း သေနေပြီ။ မထင်မပေါ် မွေးခဲ့တဲ့ ကလေးလေးဟာ မထင်မပေါ်ဘဲ သေသွားရရှာတယ်။ ကလေးရဲ့ အလောင်းကိုမြင်တော့ မယ်သီခမျာမှာ စကားမပြောနိုင်တော့ဘူး၊ မျက်ရည်လည်း ကျမလာဘူး၊ ငိုလို့လည်း မရတော့ဘူး၊ ကျောက်ရုပ်ကြီးလို ဖြစ်နေခဲ့သတဲ့။

ကဲ ဒါထက် ခုနက လေးဦးသားကို ပြန်ဆက်ကြစို့။ သူတို့တစ်တွေဟာ ဦးဖိုးထိုက်နဲ့ မယ်သီကို လာတွေ့ရော၊ မျက်မှောင်ကုတ်ကြည့်ကြတယ်။ သူတို့နှစ်ယောက် ညောင်ပင်ရိပ်ကိုလည်း ဝင်ကြရော ဦးပဥ္စင်းပဏ္ဍိတက ဟဲ ဒကာကြီး ဖိုးထိုက် ဘယ်သွားမလို့လဲလို့ မေးတော့ ဦးဖိုးထိုက်လည်း လန့်ဖျပ်ပြီး လက်အုပ်ချီရင်း တပည့်တော်တို့ ခဏလောက် မိုးခိုပါရစေဘုရား။ မိုး နည်းနည်းစဲတော့ တပည့်တော်တို့ သွားပါ့မယ်ဘုရားလို့ လျှောက်ထားတောင်းပန်ရှာတယ်။

ဒါပေမဲ့ ဦးပဥ္စင်းက သွားကြ သွားကြ ခင်ဗျားတို့ ဒီဘက်မလာကြနဲ့၊ ဒီလောက် နေရာလေးမှာ လူတွေ အများကြီးဝင်လို့ ဘယ်ဖြစ်မလဲ သွားကြလို့ နှင်ရင်း ဒကာကြီးတို့ ကျုပ်တို့တော့ ဒုက္ခပဲလို့ ညည်းတော့တယ်။

ဒီတွင် မြေတိုင်းစာရေးက "ဘာဖြစ်လို့လဲ ဘုရား" လို့ မေးတော့တယ်။

"ဒကာကြီးကလည်း ခက်ရန်ကော၊ သိကြားမင်းဟာ ဒုစရိုက်ကောင်

mgyoe.com

mgyoe.com
တွေကို မိုးကြိုးလက်နက်နဲ့ ဆုံးမတတ်တယ်ဆိုတာ မကြားဖူးဘူးလား၊ အခု ကြည့်စမ်း ဒီနှစ်ယောက်ထက် ဒုစရိုက်ကြီးတဲ့လူတွေ တခြားမှာရှိသေးရဲ့လား၊ နှစ်ယောက်စလုံး ဒုစရိုက်အားကြီးလွန်းလို့ အရှင်လတ်လတ် ငရဲပြည် ရောက်နေကြတယ် မဟုတ်လား။ အခုဘဝတွင် ငရဲခံနေရတယ် မဟုတ်လား။ ဒါတောင် နောင်တမရကြသေးတော့ တကယ်လို့များ သူတို့ကို မိုးကြိုးပစ်ရင် ကျုပ်တို့ပါ ပါကုန်လိမ့်မယ်၊ ကျုပ်တို့လည်း စက်ကွင်းလွတ်မှာ မဟုတ်ဘူး"

အဲဒီအချိန်မှာ မယ်သီကတော့ သူကြီးသားရဲ့မျက်နှာကိုသာ စိုက်ကြည့်နေတယ်။ ဦးဖိုးထိုက်ကလည်း မယ်သီ့ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး သူကြီးသားကို ကျုပ်တို့ကို မိုးခိုခွင့်ပေးပါ မောင်ရင်ရယ်၊ ဒီကလေးမလေးလည်း အခုလို မိုးမခိုရရင် အအေးမိတာနဲ့ သေရလိမ့်မယ်။ သူ့ကလေးလေးလည်း ဒီမိုးကြောင့် ကျုပ်တဲပျက်ရာမှာ တဲပိပြီး သေသွားပါပြီလို့ တောင်းပန်ပြန်တယ်။

ကိုစံတို့ကတော့ လုပ်ပါဦး ကိုဘဟန်ရယ်၊ ဒီဂြိုဟ်ကောင်တွေ နှင်စမ်းပါဦးလို့ ဆိုပြီး သူကြီးသားကိုသာ လက်ကုတ်နေတယ်။ ကိုချောဖေကတော့ မိုးကြိုးကွင်းဂါထာကိုသာ ရွတ်နေတော့တယ်။ ကိုဘဟန်ကလည်း ဘာကိုမှ ဂရုမစိုက်တဲ့အမူအရာနဲ့ သူ့လက်ထဲက သေနတ်ကိုသာ စေ့စေ့စပ်စပ်ကြည့်နေတယ်။ ဦးဖိုးထိုက်က မယ်သီရဲ့ကလေးလေး သေသွားပြီလို့ပြောတဲ့အခါ ဦးပဋ္ဌင်း ပဏ္ဍိက ကောင်းပါလေရဲ့၊ ဒုစရိုက်မျိုးလေး ပြုတ်သွားတာပေါ့လို့ အမိန့်ရှိတော်မူတယ်။

"မှန်ပါဘုရား၊ ဖြစ်ပြီးတဲ့ အမှုကိုတော့ ပြီးခဲ့ပြီလို့သာ သဘောထားရမှာပဲဘုရား။ တပည့်တော်တို့ အတိတ်ကံက မကောင်းခဲ့လို့ အခုမကောင်းတာကြုံရတာပဲဆိုပြီး နောက်တစ်ဖန် မကောင်းမဖြစ်ရအောင် ကြိုးစားရမှာပဲဘုရား၊ အခုလည်း တပည့်တော် မယ်သီကို သူ့အဖေအိမ် ပြန်ပို့ဖို့ဆိုပြီး မိုးတိတ်တုန်း ခေါ်လာတာပါ။ ဘုရား တပည့်တော်တို့မှာ"

ဦးဖိုးထိုက်ရဲ့စကားမဆုံးခင်မှာ ငွေတိုးချေးစားတဲ့ ကိုစံက ဗျို့အဘိုးကြီး စကားတွေ ရှည်မနေပါနဲ့၊ ခင်ဗျားတို့ သွားစရာရှိတာ ဆက်သာသွား၊ ဒီမှာတော့ နေရာမရှိတော့ဘူးလို့ ဝင်အော်တော့တယ်။
mgyoe.com

mgyoe.com

"ဟုတ်ပါတယ် ကျောင်းဒကာရယ်၊ ဒီအနီးအနားမှာ တခြားသစ်ပင်လည်းမရှိလို့ ဒီနေရာမှာ ခိုရတာပါ"

ကိုစံလည်း ဒေါပွလာတာနဲ့ "ဒီမယ် ခင်ဗျား ဒီလောက် အသက်ကြီးရက်သားနဲ့ နားမလည်ဘူးလား၊ ခင်ဗျားတို့နှစ်ယောက်ဟာ အင်မတန်အကုသိုလ်ကြီးတယ်။ ဒါကြောင့် ခင်ဗျားတို့ကို မိုးကြိုးပစ်ရင် ကျုပ်တို့စက်ကွင်းမလွတ်မှာစိုးလို့ ပြောနေတာ။ ဒီတော့ ခင်ဗျားတို့ အခုထွက်သွားပါ၊ ဒါပဲ ပြောမယ်" ကိုစံက ဘယ်လိုပဲ အော်နေပေမဲ့ မယ်သီကတော့ သူတို့အနားကို တဖြည်းဖြည်းနဲ့ ကပ်လာတယ်။ ဦးဖိုးထိုက်ကတော့ နောက်ကနေပြီး မယ်သီ့ကို လိုက်ဆွဲခဲ့တယ်။ သူတို့နဲ့ အတော်ဝေးဝေးက လျှပ်စီးတစ်ချက် လက်လိုက်မှဖြင့် လျှပ်စစ်ရောင်ကြောင့်ပဲ သူတို့နှစ်ယောက်ရဲ့ပုံသဏ္ဍာန်ဟာ ရောင်ပြန်အရိပ်ထိုးပြီး သရဲတစ္ဆေလို မည်းမည်းအကောင်နှစ်ခုလို့ပဲ မြင်နေရတော့တယ်။

"ကဲ ကိုဘဟန် သေနတ်နဲ့သာ ပစ်ပေတော့၊ လျှပ်စီးတွေလည်းလက်လှပြီ၊ သူတို့ သေမှ အေးမယ်၊ ပစ်ပါတော့"

ကိုချောဖေရဲ့စကားကြောင့် ကိုဘဟန်ကလည်း သေနတ်ကို မြှောက်ပြီး သူတို့နားကို တရွေ့ရွေ့ကပ်လာတဲ့ မယ်သီ့ကို ချိန်ရင်း သူကိုယ်တိုင်လည်း နောက်ကို မသိမသာ ဆုတ်နေရှာတယ်။

"ဘာလဲ ကိုဘဟန်၊ ရှင်က ကျွန်မကို သတ်မလို့လား၊ ကျွန်မက သေပြီးသားပါ၊ ဘဝဆုံးပြီးသားပါ။ ဒီတစ်ခါ ထပ်သေရလို့လည်း ကျွန်မမှာ မထူးပါဘူး။ ပစ်ပါ ပစ်သာပစ်ပါ၊ ဒါမှ ကျွန်မသားလေး နောက်ကို ကျွန်မလိုက်နိုင်မှာ၊ ဒါမှ ရှင့်ကြောင့် ရထားတဲ့ ရှင့်သားလေးနောက် ကျွန်မလိုက်နိုင်မှာ ပစ်လေ ပစ်ပါ"

မယ်သီက ဒီလိုလည်း အော်ပြောလိုက်ရော ညောင်ပင်အောက်ကလူတွေ ကြက်သေသေသွားကြတယ်။ ကိုဘဟန်ဆိုရင် ယောင်ယမ်းပြီး ချိန်ထားတဲ့သေနတ်ကို ပြန်ချလိုက်တယ်။ ဦးပဥ္စင်းပဏ္ဍိလည်း ပထမတော့ ကြက်သေသေကြည့်နေပြီး တစ်ခါတည်း ညောင်ပင်အောက်ကနေ မိုးသည်းကြီးရွာနေတဲ့ လယ်ကွင်းထဲကို ထွက်ပြေးတော့တယ်။

ဒီတွင်မှ ဒို့ပြင်လူတွေလည်း လှုပ်ရှားလာပြီး "ပစ်လေဗျာ၊ ကိုဘဟန်၊

mgyoe.com

mgyoe.com
ဒီအရူးမကို ပစ်လိုက်ပါ၊ လင်တရူးမ" ဆိုတဲ့ ငွေတိုးချေးသမား ကိုစံရဲ့ အသံ "အောင်မာ တယ်စော်ကားပါလား၊ ကိုယ်နန့်လို လူတကာနဲ့ရတဲ့ ကလေးများ စွပ်စွပ်စွဲစွဲ၊ ကိုဘဟန် ပစ်သတ်ဗျာ၊ မိန်းမရှင်မ" ဆိုတဲ့ မြေတိုင်းအရာရှိ ကိုချောဖေရဲ့အသံတွေ အဆုံး ဝင်းခနဲလက်လိုက်တဲ့ လျှပ်စီး ရောင်မှာ ကိုဘဟန် သေနတ်ပြန်မြှောက်လိုက်တာကို တွေ့လိုက်ရပြီး မိုးသား တွေအောက်က နေလုံးကြီးပြုတ်ကျလာသလို ဝင်းထိန်သွားသတဲ့။ နောက် အမြောက်အလက် တစ်ရာလောက် ပြိုင်တူပစ်ခတ်လိုက်တဲ့အသံတွေ ထွက်လာတော့သတဲ့။ အဲဒီနေ့ကစပြီး အဲဒီရွာအပြင် လယ်ကွက် ညောင်ပင် ကြီးဟာ မီးလောင်ငုတ်တိုကြီးလိုဖြစ်သွားပြီး အခုအထိ ရွက်နုကို မတက် တော့ဘူးတဲ့။

* * *

ကဲ ကိုကြီးလည်း ညီမလေး ဖတ်ဖို့ဆိုပြီး မိုးအေးအေးမှာ မိုးအကြောင်း ရေးရင်း ရေးချင်ရာတွေ ရေးလာလိုက်တာ လူငါးယောက် တစ်ပြိုင်နက် မိုးကြိုးပစ်ခံရလို့ သေတဲ့အကြောင်းတောင် ရောက်သွားတော့တာပဲ။

အကြောင်းတိုက်ဆိုင်တာလို့ပဲ ဆိုချင်ဆို၊ ယုတ္တိမတန်ပါဘူးလို့ပဲ ပြော ချင်ပြော၊ ခေတ်နောက်ကျလိုက်တာလို့ပဲ ယူဆချင် ယူဆ၊ ကိုကြီးကတော့ မိုးကြိုးပစ်တဲ့အကြောင်းတွေ ပြောကြရာက ဘုန်းကြီးလူထွက် ကိုမြပေါ ပြောခဲ့ဖူးတဲ့ အဖြစ်အပျက်တစ်ခုကို မှတ်ညပြီး ညီမလေးဖတ်ကောင်းအောင် ရေးလိုက်တာပဲ။ တစ်ခုတော့ ရှိတယ် ကိုမြပေါကတော့ ရူးပေါပေါရယ်။ တချို့ကလည်း မိုးကြိုးပစ်တော့ သူက လယ်ကွင်းတွေထဲမှာရောက်နေတာမို့ မီးလုံးကြီးကျလာတာရော၊ ညောင်ပင်ကြီး လောင်မီးကျတာရော၊ မိုးကြိုးပစ် သံကိုရော ကိုယ်တွေ့မျက်မြင်မို့ အဲဒီကတည်းက သွေးပျက်ပြီး ရူးကြောင် ကြောင်ဖြစ်သွားတာနဲ့ လူထွက်လာရတာလို့ ပြောတာပဲ။ နားကလည်း အတော်လေးသေးသကွ။

ဘာပဲဖြစ်ဖြစ်လေ ညီမလေးဖတ်ဖို့ ဝတ္ထုတစ်ပုဒ်တော့ ရတာပေါ့ ဟုတ်လား။

ဒါပေမဲ့ ကိုကြီးရဲ့ဝတ္ထုက စာနုနု၊ စကားလုံးလှလှ၊ ဇာတ်လမ်း
mgyoe.com

mgyoe.com

ယဉ်ယဉ်လေးမဟုတ်လို့ ကြိုက်မှကြိုက်ပါ့မလား။ အေးလေ သမုဒယမစင်သေးတဲ့ ကိုကြီးတို့တစ်တွေဟာ အနုအလှအယဉ်တွေကို မင်ရိုးမှန်ပေမဲ့ လူ့ဘဝဖြစ်စဉ်တွေထဲမှာ ခုရွာနေတဲ့ မိုးလို သိရခက်ခဲ နက်နဲ ဆန်းကြယ်လှတဲ့ အစိတ်အပိုင်းတွေလည်း ရှိနေသေးတယ်ဆိုတာကိုတော့ မမေ့စကောင်းပေဘူး ညီမလေး။

[မြဝတီမဂ္ဂဇင်း၊ ဇွန်၊ ၁၉၅၆]

▢

mgyoe.com

mgyoe.com

# ထမင်းလုံးတစ္ဆေ

စပယ်(ဒီးဒုတ်ဦးဘချို)

ညနေ သုံးနာရီခန့်မှစ၍ ရွာသွန်းချနေသော မိုးသည် စဲသည်မရှိဘဲ ဇွဲ၍နေရာ ညစဉ်ညတိုင်း ထမင်းစားပြီးလျှင် ထွက်၍ လည်ပတ်သွားလာခြင်း၊ ရုပ်ရှင်ကြည့်ခြင်းတို့ဖြင့် အပျင်းဖြေလေ့ရှိသော ကျွန်တော့်မှာ ထိုနေ့အဖို့၌ စွတ်စိုလွန်းသည့်အတွက် အပြင်သို့ထွက်ရန် ခက်နေတော့၏။ အိမ်တွင်နေရန်ကလည်း ငြီးငွေ့ဖွယ်ကောင်းလှ၍ သံချိုင့်တွင်းသို့ရောက်နေသော ကျားကဲ့သို့ဆောက်တည်၍ မနေနိုင်တော့ဘဲ အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန်လျှောက်၍ စိတ်အိုက်နေမိပါတော့သည်။

ပြတင်းပေါက်သို့ ရောက်တိုင်း ရောက်တိုင်း အပြင်သို့ မျှော်ကြည့်လိုက်သောအခါ လမ်းပေါ်သို့ တဖြောက်ဖြောက်ကျနေသော မိုးသံများသည် ကျွန်တော့်အား ပိုမိုစိတ်ညစ်စေ၏။ အချိန်မှာ ရှစ်နာရီထိုးပြီ။ မိုးလည်း စဲတော့မည့်လက္ခဏာ မရှိတော့သဖြင့် ထိုနေ့အဖို့ မိုးကို အရှုံးပေးရတော့မည်၊ အပြင်သို့ထွက်နိုင်တော့မည် မဟုတ်ဟု စိတ်ကို တုံးတုံးချလျက် မအိပ်မီ အပျင်းပြေစေရန် အိမ်ခန်းတွင်း၌ စာအုပ်များကိုလိုက်၍ ရှာသောအခါ စုံထောက်ဝတ္ထု၊ အမေရိကန်လူဆိုးဂိုဏ်းဝတ္ထုနှင့် မဂ္ဂဇင်းတစ်စောင်ကို တွေ့ရှိသဖြင့် ပက်လက်ကုလားထိုင်တွင် ထိုင်ကာ အဆင်သင့်ရာ ဖွင့်၍ဖတ်တော့၏။ ကျွန်တော်လှန်လိုက်သော ဝတ္ထုတိုမှာ သတ်မှု၊ ဖြတ်မှု၊ လူဆိုးများ

mgyoe.com

mgyoe.com


စုံထောက်များ၊ ဂါတ်များ၊ ထောင်များအကြောင်း ပါရှိသည့် သွေးထွက်သံယို ဝတ္ထုတို့ချည်းဖြစ်၍နေတော့၏။ နာရီလည်း ညနာရီပြန် တစ်ချက်တီးလေပြီ။

ဤသို့ အာရုံတွင် ကြမ်းသော ဝတ္ထုချည်းဖြစ်နေသောကြောင့် စာအုပ်များကို ပိတ်၍ မီးမှုတ်ပြီးလျှင် အိပ်ရာထဲသို့ဝင်၍ အိပ်တော့၏။ အိပ်ပျော်သွားသည်နှင့် တစ်ပြိုင်နက် အိပ်မက်မက်တော့သည်။ အိပ်မက်ထဲတွင် အိပ်၍ မပျော်နိုင်သည့်အတွက် မိုးရွာနေ၍ အပြင်ကို မထွက်နိုင်သည်ကို အရှုံးမပေးလိုတော့ဘဲ တရုတ်တန်းသို့ သွား၍ ဆန်ပြုတ်သောက်ဦးမည်ဟု အိမ်မှ ည သုံးနာရီအချိန်လောက်တွင် ထွက်ခဲ့၏။ လမ်း၌ မိုးသည် တဖြောက်ဖြောက် ရွာလျက်ပင် ရှိ၏။ လမ်းပေါ်၌ အသွားအလာတို့လည်း မရှိတော့ဘဲ အိမ်တို့မှာ တိတ်ဆိတ်လှ၏။ ဆိုက်ကား၊ လန်ချားစသည်တို့လည်း မရှိတော့ပေ။ ရုပ်ရှင်ရုံများအနီးသို့ရောက်သောအခါ မိုးမှာ ဖွဲရာမှ တစ်ဖန် ရွာချလာပြန်သောကြောင့် ရုပ်ရှင်ရုံတစ်ရုံ၏ဆင်ဝင်အောက်သို့ မိုးဝင်ခို ရလေ၏။ ထိုအခိုက်တွင် မိုးရိပ်ကြောင့် ကောင်းစွာ မလင်းသော လမ်းမီး၏ အရောင်ဖြင့် လူတစ်ယောက်သည် ကျွန်တော်ရှိရာ ရုပ်ရှင်ရုံဘက်သို့ ယိမ်းထိုး၍ လာနေတော့၏။ ၎င်းကို ကြည့်ရခြင်းအားဖြင့် မဟန်နိုင်အောင် အရက်မူး လာသူမှန်းသိရ၏။ ၎င်း၏ခြေထောက်များမှာ ၎င်းလိုရာသို့ကာမလိုက်ပါဘဲ အခြားသွားချင်ရာဘက်ကို သွားနေသောကြောင့် တစ်ချက် တစ်ချက် "သည်မအေ ခြေထောက်က ဘာဖြစ်ရတုံး" ဟု ဆဲသံကို ကြားရ၏။ ဤသို့ ယိမ်းထိုးလျက်ပင် ရုပ်ရှင်ရုံ ဆင်ဝင်အောက်သို့ရောက်လာသောအခါ ထိုအမူးသမားကိုကြည့်၍ ရှောင်ရန် ကျွန်တော် သတိထားနေသော်လည်း အမူးသမားသည် ကျွန်တော် ရပ်နေရာသို့ ယိမ်းထိုး၍လာတော့၏။

ကျွန်တော်က တစ်ဖက်ကို အရှောင်တွင် သူကလည်း တစ်ဖက်ကို ပြန်၍ ယိမ်းထိုးလိုက်ရာ လူချင်း တအားဝင်တိုက်မိတော့၏။ ဤသို့ တိုက်မိသည်နှင့် တစ်ပြိုင်နက် ထိုအမူးသမားက

"ဟော့ မင်း လူတစ်ယောက်လုံး မမြင်ဘူးလား။ မျက်စိကန်းနေသလား" ဟု ဆဲတော့၏။

ကျွန်တော်က "ခင်ဗျား မူးပြီး ဝင်တိုက်တာ၊ ကျွန်တော်က ဝင်တိုက်တာ မဟုတ်ဘူး" ဟု ပြောလိုက်ရာတွင် သူ့ကို မူးတယ် ပြောရပါမည်လော

mgyoe.com

mgyoe.com

ဟု ဆဲဆိုပြီး ကျွန်တော့်အား အတင်းဝင်၍ ထိုးတော့၏။ ကျွန်တော်လည်း ဒေါသထွက်သွားတော့ရာ ခါးကြားတွင်ပါသော ဓားမြှောင်ကို ထုတ်ပြီး အချက်ပေါင်းများစွာ ဆင့်ထိုးတော့ရာ ဓားအောက်၌ပင် တစ်ချက်မျှ မအော် နိုင်တော့ဘဲ ကျသွားတော့၏။

လူသူလေးပါးမြင်သလားဟု အသာ တောင်မြောက်လေးပါးကြည့်ပြီး နောက် မည်သူမျှ မရှိသဖြင့် ဆန်ပြုတ်သောက်ရန် ဆက်မသွားဝံ့တော့ဘဲ ရင်တဖိုဖိုနှင့် အိမ်သို့ပြန်ပြေးခဲ့တော့၏။ အိမ်ရောက်သောအခါ အခန်း တတ်မီးကို ဖွင့်လျက် ရွှဲစိုနေသော လုံချည်နှင့် အင်္ကျီကို ချွတ်ကာ ခုတင် ဘေးရှိ တန်းပေါ်တွင် တင်ပြီးနောက် အိပ်ရာထဲသို့ ပြန်ဝင်၍ အိပ်တော့၏။

နံနက် နေအတန်မြင့်မှ ကျွန်တော်၏တပည့် ဘသိန်း လက်ဖက်ရည် ပွဲထိုးရန် တံခါးခေါက်သောအခါမှ အိပ်ရာမှ နိုး၍ တံခါးဖွင့်ပေးရလေ၏။ ဘသိန်းသည် လက်ဖက်ရည်ပွဲနှင့် သတင်းစာကိုထားခဲ့ပြီးနောက် ပြန်ထွက် သွားတော့၏။ ကျွန်တော်လည်း လက်ဖက်ရည်သောက်ရင်း ငါညက မဟုတ်တဲ့ သတ်ဖြတ်တဲ့ဝတ္ထုတွေကို ဖတ်မိလို့ ဒါ့လောက် ကြောက်စရာကောင်းတဲ့ အိပ်မက်ကို မက်တာပဲဟု စဉ်းစားမိရင် အိပ်မက်ထဲမှ ဆဲသံများကို နားက ကြားယောင်ရှိလျက် မိမိက ဒေါသနှင့် အရက်သမားကို ဓားမြှောင်နှင့် အချက် ပေါင်းများစွာ တအားထိုးသည်တို့ကို စိတ်ထဲက ပြန်မြင်လာပြန်တော့သဖြင့် အိပ်မက်ကို အစအဆုံးပြန်လည်စဉ်းစားမိတော့၏။ ဤအာရုံပျောက်စေရန် သတင်းစာကို ဖတ်မည်ဟု လှမ်း၍ ဆွဲယူလိုက်၏။

ထိုအခါ အိမ်ခန်းတွင်းရှိ ဓာတ်မီးမှာ လင်းနေသည်ကို သတိပြုမိတော့ ၏။ ညက မိမိအိပ်ရာတွင် မဝင်မီ မီးပိတ်လိုက်၏။ ထို့နောက် မီးကို ပြန် မဖွင့်မိချေ။ သို့ရာတွင် အိပ်မက်တွင်း၌ကား အရက်မူးသမားကို သတ်ပြီး ပြန်လာခဲ့ရာ၌ မီးဖွင့်ပြီး ပြန်မပိတ်ဘဲ အိပ်ရာထဲသို့ ဝင်အိပ်တော့၏။ ယခု မီးဖွင့်လျက် ရှိနေ၏။ ငါ၏အိပ်မက်သည် ငါ့အား အိပ်ရာမှယောင်၍ ထစေ ပြီး လူသတ်ခဲ့စေသလော၊ အိပ်မက် မဟုတ်ဘဲ လူသတ်ခဲ့ခြင်းမှာ တကယ်ပဲ လောဟု သံသယရှိလာတော့၏။

ဤသို့ အိပ်မက်ကို သံသယရှိနေစဉ် ဘသိန်းသည် အခန်းတွင်းသို့ ဝင်လာပြီးနောက် ဆရာ ထမင်းရှုးပြီးပြီဟု ပြော၍ နေ့တိုင်းကဲ့သို့ အဝတ်

mgyoe.com

mgyoe.com

ဟောင်းများကို ဒိုဘီပေးရန် စုဆောင်းတော့၏။ ကျွန်တော့်မှာ မီးလုံးပွင့်နေသည်ကို ဘသိန်း သတိပြုမိမည်စိုး၍ "ဟေ့ ဘသိန်း၊ ဒီကနေ့ အဝတ်တွေ ဒိုဘီမပေးနဲ့၊ နက်ဖြန်မှ စုပေး။ ငါအလုပ်သွားဖို့ ဖိနပ်ကိုသာ ဆေးမြန်မြန် တိုက်လိုက်" ဟု ပြောပြီးနောက် "ဒီကနေ့ ဘာသဘင်းထူးသေးလဲ" ဟု မေးလိုက်ရာ "ကျွန်တော် ဈေးနားသွားရင်း ရုပ်ရှင်ရုံရှေ့မှာ ညက လူ တစ်ယောက်သတ်သွားလို့ အလောင်းကို ခုမနက် တွေ့ရကြောင်းနဲ့ သတင်း ကြားခဲ့တယ်" ဟု ပြောပြီး ပြန်ထွက်သွားရာ ကျွန်တော့်မှာ မနည်းပင် ဣန္ဒြေ လုပ်၍ နေရ၏။

ဘသိန်းထွက်သွားပြီးနောက် ညက အိပ်မက်ထဲတွင် ချွတ်ထားသော အင်္ကျီ၊ လုံချည်များကို တန်းမှ ဆွဲကြည့်သောအခါ သွေးစက်များ စွန်းနေသည်ကို အသေအချာ မြင်ရသောအခါ ဇောချွေးများပြန်လျက် အိပ်မက်မှာ တကယ်ဖြစ်နေသည်ကို လေးလေးနက်နက် သိရတော့၏။

စိတ်ထဲ၌ ငါသည် လူသတ်ခဲ့ပြီ။ သို့ရာတွင် ငါမဖော်ဘဲ ပေါ်မည် မဟုတ်။ သက်သေ မည်သူမျှ မရှိသဖြင့် ဒီသွေးစွန်းသော အဝတ်တို့သာ ဖျောက်ဖျက်ပစ်ရန် အရေးကြီးတော့သည်ဟု လက်ဆွဲသားရေအိတ်တစ်လုံး ထဲသို့ ထိုအင်္ကျီနှင့် လုံချည်ကိုထည့်၍ အခြားပစ္စည်း အနည်းငယ်ထည့်ပြီး နောက် အဝတ်အစားလဲလျက် ဓာတ်မီးပိတ်ကာ သားရေအိတ်နှင့်တကွ အခန်းမှထွက်၍ ထမင်းစားပါသည်။ ဘသိန်းက "ဆရာ အလုပ်သွားမယ် ဆို၊ သားရေအိတ်ကြီး ဘာလုပ်ဖို့လဲ" ဟု မေးရာ "ဟာ ဒီကနေ့ အလုပ်မသွား တော့ဘူး။ အရေးကြီးတဲ့ကိစ္စတစ်ခုကို သတိရလို့ အင်းစိန်အမိန့်တော်ရ ဦးဖော့တို့အိမ်ကို သွားလိုက်ဦးမယ်။ တစ်ရက်နှစ်ရက်ကြာချင် ကြာလိမ့် မယ်" ဟု ပြောပြီး ထမင်းကမန်းကတန်းစားကာ တက္ကစီတစ်စင်းငှားပြီး အင်းစိန်ကို သွားပါသည်။

အင်းစိန်သို့ရောက်သောအခါ ဦးဖော့အား ဇေဒင်က တစ်ညအိပ်ခရီး ထွက်ရမည်ဟော၍ အဝေးကို မသွားလိုသောကြောင့် လာခဲ့ကြောင်းပြောပြီး လူအလစ်တွင် အင်္ကျီနှင့် လုံချည်ကို အုတ်ခဲနှင့် လိပ်ပြီး အပေါ်က စက္ကူနှင့် သေသေချာချာ ထုပ်၍ ပါဆယ်ထုပ်သဏ္ဌာန် ပြုလုပ်ထားပါသည်။

နေ့လယ်အချိန်တွင် ပါဆယ်ထုပ်ကို အိမ်နှင့် မဝေးလှသော လူပြတ်

mgyoe.com

သည့် ရေကန်တွင်းသို့ ချရန် အိမ်မှထွက်လာသောအခါ ဦးဖော့၏ဇနီး ဒေါ်မယ်က "ဘယ်သွားမလို့လဲ"ဟု မေးသဖြင့် "စာတိုက်ကို ပါဆယ်တစ်ထုပ် ပို့စရာရှိလို့" ဟု ပြောခဲ့ပြီး ရေကန်သို့သွားပါတော့သည်။ လူပြတ်သည်နှင့် အဆင်သင့်နေသဖြင့် ကန်ထဲသို့ပစ်ချခဲ့ပြီးနောက် ပြန်လာပါသည်။ စိတ်ထဲ၌လည်း အတော်ပေါ့သွားပါသည်။

အင်းစိန်တွင် တစ်ညအိပ်ပြီးနောက် နံနက်အိပ်ရာထတွင် ရန်ကုန်သို့ မီးရထားနှင့် ပြန်ခဲ့ပါသည်။ ဘူတာရုံတွင် တွေ့သမျှ သတင်းစာများကို ဝယ်၍ တွဲထဲတွင် ဖတ်သွားရာ ရုပ်ရှင်ရုံရှေ့ လူသတ်မှုမှာ သတင်းစာတိုင်းတွင် ပါလျက် ပုလိပ်တို့က လက်သည်တရားခံကို စုံစမ်းလျက်ရှိကြောင်း၊ အလောင်းတွင် စိုက်လျက် ကျန်ရစ်သော ဓားမြှောင်မှတစ်ပါး အခြားသဲလွန်စ မရှိဘဲ ဓားမြှောင်တွင် "ပျော်ဘွယ်ဆရာရှိန်" ဟူသော ဓားလုပ်သူ၏ အမည်ပါရှိကြောင်းတို့ကို ဖော်ပြပါရှိလေသည်။ ကျွန်တော်မှာ ဓားမြှောင်ကို ကြောက်အားလန့်အားနှင့် ထားပစ်ခဲ့မိသည်ကို မှားလေခြင်းဟု အောက်မေ့မိသော်လည်း ဤဓားမြှောင်မှာ ဆပ်ပါးမိုင်းနားတပ်သားများကို ယမန်နှစ်က ဝေငှသော ဓားမြှောင်ဖြစ်၍ ဓားပေါင်း ၁၀၀ ကျော်သဖြင့် မည်သူ့ပစ္စည်းဟု သိနိုင်လိမ့်မည်မဟုတ်ဟု ဖြေရလေတော့သည်။

ထိုနောက် အမှုနှင့်စပ်လျဉ်း၍ ဘာသတင်းမှ မကြားရတော့ဘဲ ငြိမ်သက်သွားတော့ရာ ကျွန်တော်လည်း စိတ်အေးသွားပြီး ထိုကိစ္စအတွက် စိတ်ချနေပါတော့သည်။ ဤသို့ ၁၀ ရက်ခန့်နေပြီး နောက်တစ်နေ့တွင် စုံထောက်ဌာနမှ ကျွန်တော်အား အခေါ်ရောက်လာသဖြင့် ကျွန်တော် လိုက်သွားသောအခါ အင်စပိတ်တော်က "ကိုခင်အောင်၊ ခင်ဗျားလာတာ ကျေးဇူးတင်သဗျာ။ ကျွန်တော်တို့မှာ ရုပ်ရှင်ရုံရှေ့ လူသတ်မှုအတွက် အခက်အခဲတွေ့နေရလို့ ခင်ဗျား အကူအညီကို တောင်းချင်လို့ပါ"

"ဟုတ်ကဲ့။ ကျွန်တော် ကူညီနိုင်တာရှိလျှင် ကူညီပါ့မယ်"

"ဒီအမှုမှာ ဓားမြှောင်တစ်ခုက လွဲလို့ စုံထောက်စရာ သက်သေခံပစ္စည်းဘာမှမရပါ။ သို့သော်လည်း ဒီဓားမြှောင်မှာပါတဲ့ ဓားဆရာနာမည်ကစပြီး စုံစမ်းလိုက်တော့ ဒီဆရာထံမှာ အစိုးရက ဓား ၁၀၀ မှာဖူးတယ်။ အဲဒီဓား ၁၀၀ မှာ ဆရာ့နာမည်တွေပါတာချည်းပဲ။ ဒီဓား ၁၀၀ ကို မနှစ်က ဆပ်ပါး

mgyoe.com

mgyoe.com

မိုင်းနားတပ်သားများကို တုတ်ပေးတဲ့အခါမှာ ခင်ဗျားတို့ရုံးက ခင်ဗျားပဲ ထုတ်ပေးရတယ်။ ဓား ၂၅ ချောင်းပိုနေတာကို ခင်ဗျားတို့ရုံးသားတွေ ဝေယူကြတယ်လို့ သိရတယ်။ တပ်သားတွေမှာ သူတို့ဓားများရှိတော့ အခုထိုးတဲ့ဓားဟာ အပို ၂၅ ချောင်းထဲက ဖြစ်ရမယ်။ ဒီတော့ ကျွန်တော်တို့ စုံထောက်ဖို့ဟာ လူ ၂၅ ယောက်ပဲ ကျန်တော့တယ်။ အဲဒီ ၂၅ ယောက်ဟာ ဘယ်သူတွေလဲဆိုတာ ခင်ဗျား မှတ်မိသလောက် ပြောစမ်းပါ" ဟု မေးပါသည်။

ကျွန်တော်လည်း မှတ်မိသလောက် ပြောရာတွင် ကျွန်တော်၏ အမည်ကို ထည့်မပြောပါ။ အင်စပိတ်တော်က "ကျေးဇူးတင်ပါတယ်ဗျာ။ ဓားရှင်တွေရဲ့လက်ပုံစံကို ယူပြီး ယခု လူသတ်တဲ့ဓားမှာ ကျန်ရစ်တဲ့ သွေးစေးနဲ့ ထင်းနေတဲ့လက်ပုံစံကို တိုက်ကြည့်ရလျှင် တရားခံပေါ်စရာရှိရဲ့လို့ ဒီတစ်လမ်းပဲ လိုက်နေရတယ်။ ခင်ဗျားရဲ့လက်ပုံစံကလေးလည်း တစ်ဆိတ်ယူထားလိုက်ပါရစေ" ဟု ဆိုသောအခါ ကျွန်တော့်မှာ ခေါင်းကြီးသွားပြီးလျှင် "ခင်ဗျား ကျွန်တော့်ကို လူသတ်လို့ စွပ်စွဲတာလား။ ကျွန်တော့်ကို ခေါ်ပြီး ဒီလိုလုပ်တာဟာ စော်ကားတာနဲ့ တူတယ်။ ကျွန်တော့်လက်ပုံစံကို လိုချင်လျှင် ခင်ဗျားယူနိုင်တဲ့အာဏာရှိအောင် ကျွန်တော့်ကို အမှုဖွင့်ဦး" ဟု စိတ်ဆိုးမာန်ဆိုးနှင့် ပြောလိုက်ရာ အင်စပိတ်တော်က "စိတ်မဆိုးပါနဲ့ဗျာ။ အတင်းယူဖို့လည်း အာဏာမရှိပါဘူး။ ခင်ဗျား တရားခံမှ မဟုတ်သေးဘဲ။ ကျွန်တော်က အခြားလူများ လက်ပုံစံကိုယူတော့ နမူနာပြရလျှင် လွယ်မလားလို့ပါ" ဟု ကျွန်တော့်ကို ချော့၍ လွှတ်လိုက်၏။ ကျွန်တော်လည်း အမှုအတွက် စိတ်မအေးဘဲ ရုံးသို့သာ အလုပ်ဆင်းသွားရတော့၏။

ညနေ အိမ်ပြန်လာသောအခါ ဘသိန်းက "ဆရာ ဒီကနေ့ စုံထောက်နှစ်ယောက် အိမ်ကိုလာပြီး ကျွန်တော့်ကို စစ်မေးကြတယ်။ မေးလိုက်တာ စုံလို့။ ဆရာ အင်းစိန်သွားတဲ့ရက်ဆီကပေါ့။ ကျွန်တော်က ဒီမှာနေတဲ့ အကြောင်းပြောပြီး ဆရာမရှိတဲ့ တစ်ရက်ပဲ ဒလကို ကူးတဲ့အကြောင်းကို ပြောလိုက်တယ်။ ဆရာမရှိဘူးဆိုတာ မယုံလို့ အင်းစိန်ဦးဖော့တို့အိမ် ဆရာသွားကြောင်း ပြောလိုက်ရသေးတယ်။

ကျွန်တော့်မှာကား ဝမ်းထဲ၌ ကမ္ဘာမီးလောင်စပြုလာတော့၏။ စုံထောက်များသည် အင်းစိန်သို့သွား၍ ဦးဖော့အိမ်သားများကို စစ်ကြ၏။

mgyoe.com


ကျွန်တော် နေ့လယ်အိမ်မှ ပါဆယ်လုပ်ရန် ထွက်သွားကြောင်း ဦးဖော့၏ ဇနီးထံမှသတင်းရ၏။ ထိုနေ့က စာတိုက်တွင် ထိုအချိန်၌ ပါဆယ်မလုပ်ရကြောင်း စာတိုက်က သက်သေခံ၏။ ဦးဖော့အိမ်နှင့် စာတိုက်အကြားတွင် အထုပ်တစ်ထုပ်ဖျောက်ဖျက်နိုင်သော နေရာကို ရှာရာတွင် ရေကန်ကို တွေ့ရ၏။ ရေကန်ကို ပိုက်ဆွဲရှာသောအခါ အထုပ်ကိုရသဖြင့် ဖြေသောအခါ သွေးစွန်းသော အဝတ်များကိုတွေ့ရုံမက ရှပ်အင်္ကျီတွင် ကျွန်တော်၏ နာမည်ကို ထိုးထားသော တံဆိပ်ကလေးကို ကျွန်တော် မဖြုတ်မိခဲ့ချေ။

ကျွန်တော့်မှာ ပုလိပ်အဖမ်းခံရပြီး လက်ပံ့စံယူလိုက်သောအခါ ဓားတွင် ကျန်ရစ်သော လက်ပုံစံနှင့်ကိုက်နေတော့သဖြင့် ကျွန်တော့်မှာ လူသတ်မှုထင်ရှားသောကြောင့် ရုံးမှ ကြိုးဒဏ် စီရင်လိုက်တော့၏။ ကြိုးစင်သို့ရောက်သောအခါ ကျွန်တော်၏မျက်နှာကို အဝတ်စည်း၍ လည်ပင်းကို ကြိုးကွင်းစွပ်တော့၏။ ထိုအခါ ကျွန်တော်သည် ရှန်းတော့ရာ ကျွန်တော်၏ ကိုယ်မှာ ထွေးလုံးရစ်ပတ်ပြီး လန့်၍နိုးလာတော့၏။ တစ်ကိုယ်လုံးလည်း ချွေးများ ရွှဲနေတော့၏။ ဘသိန်းလည်း ရုံးချိန်နီး၍ ကျွန်တော့်ကို လာနှိုးသည်နှင့် ကြုံကြိုက်နေတော့၏။ ထိုအခါမှ လက်ဖက်ရည်သောက်ပြီး သတင်းစာဖတ်မည်အလုပ်တွင် ထပ်မံအိပ်ပျော်သွားပြီး ညက အိပ်မက်ကို ဆက်၍ မက်နေပြန်ကြောင်း သိရတော့၏။ သတင်းစာကို လှန်၍ ကြည့်လိုက်သောအခါ ရုပ်ရှင်ရုံရှေ့ လူသတ်သွားခြင်းဟူသော ခေါင်းစဉ်ကို မြင်ရသောအခါသာ၍ အံ့အားသင့်သွားတော့၏။

အသေအချာ ယူ၍ကြည့်သောအခါမှ သတင်းစာမှာ အင်္ဂါနေ့ထုတ်သတင်းစာဖြစ်နေ၍ ကျွန်တော် အိပ်မက်မက်နေသည်မှာ ဗုဒ္ဓဟူးနေ့မနက်ဖြစ်၏။ အင်္ဂါနေ့က အမှတ်မဲ့ ဖတ်သွားသဖြင့် သတိမရသော လူသတ်မှုကို တစ်ညလုံးနှင့် တစ်နံနက်လုံး အိပ်မက်လျှောက်မက်နေသည်ကို ထိုအခါမှ စဉ်းစားမိတော့၏။ ထို့ကြောင့် နောင်အိပ်ရာဝင်ခါနီးတွင် စာဖတ်လိုပါက ရွေး၍ ဖတ်မှဟု သတိပြုမိပါသည်။

[စိတ်ကြိုက် မြန်မာဝတ္ထုတို လက်ရွေးစင်]

❑

mgyoe.com

mgyoe.com

# နေရစ်တော့ သက်လယ်ရယ်

ဒဂုန်တာရာ

[ ၁ ]

နှင်းတွေ မှုန်နေလေ၏။

ဝါဝါဝင်းသော လရောင်သည် အုန်းရွက် အခက်အလက်များဝယ် တလွင်လွင် လက်နေလေ၏။ အုန်းပင်၏အရိပ်သည် သွပ်ခေါင်မိုးကို ကန့်လန့်ဖြတ်ထားလေ၏။ ခြံစည်းရိုးထောင့်ရှိ ပိတောက်ပင်ပျိုသည် အိမ်တစ်ခြမ်းအား အမှောင်ထုထွင် နစ်စေလေ၏။ မြစ်ကမ်းနားရှိ စိန်ပန်းပင်ကြီး လေးပင်သည် စီတန်းပေါက်နေကြ၏။ မြစ်ပြင်သည် အသက်ကင်းမဲ့၍နေသည်။ တံငါလှေ တစ်စင်းစ နှစ်စင်းစ ပိုက်ချလာရာ လှော်တက်သံ၊ ရေသံ၊ အသံ ဗလံများဖြစ်ပေါ်သည့်အခါ ဖြစ်ပေါ်လေ၏။ နောက် တိတ်ဆိတ်မြဲ တိတ်ဆိတ်သွားတတ်လေ၏။ ရေပြင်ကြီးကား လသာသာဝယ် အလျားမှောက်အိပ်နေသည်ဟု မှတ်ထင်ရလေသည်။

အိမ်အဖီချထားသော နေရာလောက်ဆီမှ ဂီတသံ ပျံ့လွင့်လာသည်။ တဖြောက်ဖြောက်ကျနေသော နှင်းပေါက်သံနှင့် လေတိုက်သဖြင့် သစ်ရွက်ချင်းထိခိုက်သော တရှဲရှဲ မြည်သံသည် ရောနေသည်။ ဖိုထားသော မီးမှ အရောင်သည် သူတို့အား ဟပ်၏။ တစ်စ တစ်စ မီးကျွမ်းသွားသည့်အတွက် ဖျတ်ခနဲ ဖျတ်ခနဲ မြည်သော သစ်ကိုင်းခြောက်များ၏အသံသည် တယော

mgyoe.com

mgyoe.com

နှင့် လိုက်ဆိုနေသော သီချင်းသံအား စည်းဝါးကိုက်အောင် လိုက်နေသည်ဟု မှတ်ထင်ရလေသည်။ ယောကျ်ားကြီးသည် ထင်းရှူးသေတ္တာတစ်ခုပေါ်၌ ထိုင်လျက် ဆေးတံကိုသာ အတွင်ဆေးထည့်ကာ သောက်နေ၏။ သူ့မယားကား ယွန်းနီဆေးတောင်းကို ရှေ့တွင်ချကာ ဆေးလိပ်လိပ်လျက်ရှိသည်။ ဖွင့်ထားသော ပြတင်းပေါက်အနီး ကွပ်ပျစ်ပေါ်တွင် ယောကျ်ားပျိုတစ်ဦးသည် တယောကိုမေးတင်ကာ အတွန့်အကွက် အညွန့်အခက်တွေ များများနှင့် ဘယ်ညာပြောင်းလှည့်၊ နွဲ့ချင်တိုင်း နွဲ့နေဆဲ သူ့အနီးတွင် ချစ်စဖွယ်မိန်းမပျို၏ နီထွေးထွေးနှုတ်ခမ်းမှ သီချင်းသံတို့သည် တရွှမ်းရွှမ်း တငြိမ့်ငြိမ့်၊ လေကြောဝယ် လူးလိမ့်၍ နေလေ၏။ ပတ်ပျိုး၏အညျုအဆင့်တွေကို ဂရုထားနေခိုက် မိန်းမပျိုသည် တယောရှင်၏ကျက်သရေရှိသော မျက်နှာကို ခိုးကြည့်တတ်လေ၏။ ယောကျ်ားကြီးနှင့်မိန်းမကြီးကား သူတို့အား အရေးမထား။

ယောကျ်ားပျိုသည် မီးရောင်ဝါဝါတွင် ဝင်းနေသော သီချင်းရှင်၏ မျက်နှာကို မသိမသာကြည့်လေ၏။ သူ၏မျက်လုံးသည် တောက်ပြောင်၍ လာ၏။ သူမ၏မျက်လုံးများသည် ညှိုးလျော်သောအသွင်ကို ဆောင်နေသည်။ မီးအနည်းငယ် မှိန်သွားသောကြောင့် မိန်းမကြီးသည် ဘေးတွင် ပုံထားသော သစ်ကိုင်းခြောက်အချို့ကို ယူကာ မီးစာထည့်လိုက်လေ၏။ နောက်ဆုံး၌ ယောကျ်ားပျိုသည် တယောထိုးတံကို ချလိုက်လေ၏။ သီချင်းသံလည်း ဆိတ်ပြီ။ တယောသံလည်း တိတ်လေပြီ။ ငြိမ်သက်မြဲ ငြိမ်သက်သွားပြန်လေ၏။ နှင်းတွေ မှုန်နေလေ၏။ "ဆိုကြပါဦးကွဲ့" ဟု မိန်းမကြီးသည် သူတို့ဘက်သို့ လှည့်ပြောလေ၏။ သီချင်းဆုံးပြီ အရီးလေးရဲ့ဟု ယောကျ်ားပျိုက လက်နှစ်ဖက်ကို ပတ္တာဆက်သလိုဆက်ကာ သမ်းဝေရင်း ပြောလေ၏။

"အမယ် မဟုတ်ဘဲနဲ့၊ မဆုံးသေးပါဘူး သဖြန်ကျန်သေးတယ် မှုဟုတ်လား" ဟု မိန်းမပျိုက ဝင်ထောက်၏။

"မင်းက မင်းမယားလေး စိတ်မချလို့လားကွဲ့၊ ဘယ်မှ ထွက်မပြေးပါဘူး"

'ဟုတ်သားပဲကွယ် မင်းကလဲ၊ တယောကိုင်ပါဦး၊ နားထောင်လို့ကောင်းလို့ပါ၊ မင်းတို့ မောင်နှမ အင်မတန်လိုက်တယ်၊ သဖြန်အစက ဘာ

mgyoe.com

"ချစ်ခြင်းငယ်ပြိုင် မြစ်မင်းပိုင်အဏ္ဏဝါ" ဟုတ်လား ကဲ ခင်မေဆိုသာဆို မောင်ချစ်ဦး ထိုးရမှာပဲ" ချစ်ဦးသည် ပြုံးကာ တယောကို ကိုင်လေသည်။

"မခင်မေ ဒါပြီးရင် နှစ်ကိုယ်သစ္စာ ပတ်ပျိုးကို ဆက်ရအောင်နော်"

ခင်မေသည် ခေါင်းကို အသာအယာ ညိတ်၏။ နောက် သီချင်းသံ ထွက်ပေါ်လာလေ၏။ တယောသံသည် ညဥ့်ဦးကို ဖြေဖျော်သကဲ့သို့ မှတ်ထင်ရလေသည်။

* * *

[ ၂ ]

ဝင်းတံခါး ပွင့်လာလေ၏။

သီချင်းရပ်သွား၏။ ခင်မေသည် ဝင်လာသူအား တစ်ချက်ကြည့်ကာ ကိုယ်အနည်းငယ် တုံ့သွားလေသည်။ မျက်နှာသည် ညှိုးငယ်သွားသည်။ ချစ်ဦးသည် တယောကို ချလိုက်လေ၏။ မိန်းမကြီးသည် သူ့အား အံ့သြစွာ ငေးကြည့်နေလေ၏။ ယောကျ်ားကြီးသာ ဣန္ဒြေမပျက် "သြ သြ" ဟု အသံထွက်နိုင်၏။ သူသည် ဝင်းတံခါးကို ပြန်ပိတ်ကာ သူတို့ရှိရာသို့ ရောက်လာလေ၏။ သူသည် အရပ်မြင့်မြင့်၊ ရင်အုပ်ကျယ်ကျယ် ခံ့ညားသော မျက်နှာနှင့် ယောကျ်ားပီသသော အသွင်ကို ဆောင်လျက်ရှိ၏။ သူသည် သက္ကလတ်ဦးထုပ် ကာကီရောင်ကို ဆောင်းလျက် ရှမ်းလွယ်အိတ်ဆေးတွင် လွယ်ထားလေ၏။ ဆောင်ဓားတစ်ချောင်းကို လက်တစ်ဖက်က ကိုင်ထား၏။ သူသည် အခန်းထောင့်ခုံရှည်တစ်ခုပေါ်တွင် သူ့လွယ်အိတ်ကို သွားထားဆဲ ချစ်ဦးသည် ရေစိုနေသော လှော်တက်ကို ကိုင်မိလေသည်။ သူသည် ခင်မေရှိရာသို့ ပြန်လာလေ၏။

"ဘာနဲ့ လာလဲကွဲ့" ဟု ယောကျ်ားကြီးက သူ့အား မေးလေ၏။

"လှေနဲ့ပဲ ဦးကြီးရဲ့၊ အရီးလေးတို့လည်း ကျန်းကျန်းမာမာပဲနော်"

"အေး အေး၊ ကျန်းမာကြပါတယ်ကွယ်"

"သြော်... ကိုချစ်ဦးလည်း လာလည်သကိုး"

ယောကျ်ားပျိုနှစ်ဦးသည် တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ပြုံးနေ၏။ ခင်မေကား မြစ်ဘက်သို့ငေးမျှော်နေသည်။

mgyoe.com

"ငါ့တူကြီး မဆာဘူးလား"

"မဆာပါဘူး အရီးလေးရဲ့၊ နည်းနည်းမောတယ်။ သုံးနာရီလောက် ကတည်းက ရွာက ထွက်လာရတာ၊ ခရီးက အဝေးကြီး"

သူသည် စိုရွှဲနေသော ချွေးများကို လက်ကိုင်ပဝါဖြင့် သုတ်နေလေ၏။ သူမောပန်းခြင်းမှာ အခြားအကြောင်းကြောင့် ဖြစ်လေ၏။ သူ့နှုတ်ခမ်းများသည် ပြာနေ၏။ သူသည် ခွေးခြေတစ်ခုပေါ်သို့ လေးကန်စွာ ထိုင်ချကာ ဟင်းခနဲ သက်ပြင်းကြီးချလိုက်လေ၏။

"ထန်းရည် တစ်ကျိုက် နှစ်ကျိုက် သောက်ပါလားကွဲ့၊ မင်းကြည့်ရတာ သရဲတစ်ကောင်ကို မြင်နေရသလိုပဲ" ဟု မိန်းမကြီးက ဆေးရိုးသိပ်ရင်း လှမ်းပြောလိုက်လေ၏။

"သရဲတွေထက်ဆိုးတာ အများကြီးရှိသေးတာပဲ၊ ကျွန်တော် ထန်းရည် မသောက်သေးဘူး၊ ခင်မေနဲ့ ညားကတည်းက ဘုရားမှာ သစ္စာဆိုထားတယ်"

အတန်ကြာ ငြိမ်သက်၍နေပြန်၏။ နှင်းတွေ တဖွဲဖွဲအကျတွင် လေတိုက်လိုက်သောကြောင့် ရွှဲခနဲ ရွှဲခနဲ မြည်နေလေ၏။ သစ်ရွက်ခြောက်များ မြေပေါ်တွင် ပြေးလွှားနေလေရာအသံ ဖြစ်လေ၏။ လေသည် တဝေါဝေါ အော်မြည်၏ အိမ်ခေါင်းရင်း စောင်းလျားပင်မှ စောင်းလျားသီးများ တဖုတ်ဖုတ် ကြွေကျကြလေ၏။ မီးအနည်းငယ် မှေးသွားသည့်အတွက် ယောကျာ်းကြီးသည် ထင်းထည့်ပေးလိုက်ပြန်လေသည်။

သူသည် ပြတင်းပေါက်ကို ကျော်လွန်ကာ မြစ်ပြင်ကိုလှမ်းကြည့်နေသည်။

"လကလေးက ခပ်သာသာ သိပ်လှတာပဲနော်၊ လှေလှော်ရင်း အိမ်ပြန်ရင် လွတ်ကြည်နူးစရာကောင်းမှာပဲ" ဟု သူ့ကိုယ်သူ ပြောနေလေ၏။

"ဒီည ဒီမှာ မအိပ်ဘူးလား" ဟု ယောကျ်ာမကြီးက လှမ်းမေး၏။

"ဒီည ပြန်မှ ဖြစ်မယ် ဦးကြီးရဲ့၊ အလုပ်တွေ တန်းလန်းနဲ့ ကျွန်တော် မရှိရင်ဖြစ်တာ မဟုတ်ဘူး၊ လတော်တော်မြင့်ရင် ပြန်မှာပဲ"

သူသည် နေရာမှထကာ ခင်မေနှင့်ယှဉ်ထိုင်လျက် လက်ကလေးကို အသာအယာ ဆုပ်ကိုင်လေသည်။

"စောစောက ငါဝင်လာတုန်း မင်းတို့ သီချင်းဆိုနေတယ် မဟုတ်လား၊ တစ်ချီလုပ်စမ်းပါဦး၊ ခင်မေ့အသံ မကြားရတာ အတော်ကြာသွားပြီ"

mgyoe.com

mgyoe.com

သူသည် ပျော့ပျောင်းစွာ တောင်းပန်၏။ သူသည် ခင်မေ့အား ရွှန်းရွှန်းစားစားကြည့်နေလေ၏။ ခင်မေ၏ မျက်လုံးများသည် ဝမ်းနည်းသော အသွင်ကို ဆောင်နေကြ၏။ သူသည် ခင်မေ၏ အေးနွဲ့သော သီချင်းသံကို မျှော်လင့်၏။ ခင်မေကား မတုန်လှုပ်။ အတော်လေးကြာလျှင် ချစ်ဦးသည် အသံဝါကြီးဖြင့် သီချင်းတစ်ပုဒ်ကောက်ဆိုလေသည်။

"အင်း ကိုချစ်ဦးလည်း သိပ်မခေလှဘူး၊ တော်တော် အသံရသားပဲ" ဟု ပြောနေခိုက် ချစ်ဦးသည် ဆိုမြဲဆိုနေလေ၏။ သူသည် ခင်မေအနီးမှ ထ၏။ နောက် သီချင်းဆုံးသွားလေ၏။

"ဆိုပြတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ခင်မေကတော့ ကျုပ်ဆိုခိုင်းရင် ဘယ်တော့မှမဆိုဘူး၊ အိမ်မှာလည်း ဒီလိုပဲ တစ်ခါမှ သီချင်းဆိုသံ မကြားခဲ့ရဖူးဘူး။ ညကျရင် သိပ်ပျင်းစရာကောင်းတာပဲ"

သူသည် လက်ကို နောက်ပစ်ကာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလေ၏။ တောက်နေသော မီးသည် တစ်ချက်တစ်ချက် အမြင့်သို့ ဟပ်လေရာ ဝမ်းနည်းသည့်သဏ္ဌာန်ဆောင်နေသော သူ၏မျက်နှာကို မှုန်ဝါးဝါး ပေါ်စေလေ၏။ ချစ်ဦးသည် တယောကြိုးကို လျှော့လေ၏။ ခင်မေကား မလှုပ်ရှား၊ မြစ်ဘက်သို့သာ ငေးမြဲငေးလေ၏။ သူသည် လမ်းလျှောက် နေရာမှရပ်ကာ ခါးပတ်ကို ပြင်ပတ်လေ၏။

"ကဲ သိမ်းစရာရှိတာတွေ သိမ်း ခင်မေ၊ သွားဖို့ အချိန်တော်ပြီ" ဟု ဆေးတံကို ဆေးထည့်ရင်း လှမ်းပြောလိုက်လေ၏။

"ဒီညဒီမှာပဲ အိပ်ပါလားကွယ်"

"နေပေ့စေ ဦးကြီး၊ လသာသာ ခရီးသွားလို့ ကောင်းပါတယ်၊ ခရီးက အဝေးကြီး၊ ခုနေက စထွက်မှ ကြက်ဦးတွန်လောက် အလုပ်ဆင်းနိုင်မှာ"

ခင်မေသည် နေရာမှထကာ အခန်းထဲသို့ဝင်သွားလေ၏။ သူ့အမေလည်း ဝင်လိုက်သွားကာ အထုပ်အပိုးများ ကူညီတုပ်နှောင်ပေးလေ၏။ သမီးအား တတွတ်တွတ် မှာနေသော စကားသံသည် အပြင်သို့ သဲ့သဲ့မျှ လျှံထွက်လာလေ၏။ အဝတ်အစားများကို သိမ်းဆည်းရင်း ခင်မေ၏ လက်တို့သည် တုန်နေလေ၏။

mgyoe.com

mgyoe.com

"ကျွန်တော်လည်း ပြန်ဦးမှပဲ၊ ပြန်မယ် ကိုတင်အောင်"

"ဟုတ်ကဲ့"

တင်အောင်သည် ချစ်ဦး ပြန်သွားရာဘက်သို့ ငေးကျန်ရစ်ခဲ့လေ၏။ နောက် သူသည် အခန်းဝတွင်ရပ်ကာ ခင်မေအထုပ်အပိုး ပြင်နေသည်ကို ရပ်ကြည့်နေလေ၏။ တရဲရဲတောက်နေသော မီးရှေ့သို့ ရောက်သွားပြန်လေ၏။ သူသည် ကွပ်ပျစ်ပေါ်တွင် ထိုင်ကာ လောင်နေသော မီးစများကို စိုက်ကြည့်နေ၏။ ခင်မေ၏အဖေ နောက်မှရောက်လာ၏။

"မောင်တင်အောင်၊ ခင်မေ့ကို သနားပါကွယ်၊ သိပ်မနှိပ်စက်ပါနဲ့"

"ဟုတ်ကဲ့ ဦးကြီး၊ ကျွန်တော် မမိုက်တော့ပါဘူး"

"အေးကွယ် ဒီလိုကြားရတာ ဝမ်းသာပါတယ်"

ခင်မေ အခန်းထဲမှ ထွက်လာ၏။ မှုန်မွှားမွှား မီးရောင်ဝယ် ခင်မေ၏ ကြည်ဝင်းသော မျက်နှာသည် တစ်မျိုးလှပနေလေသည်။

"မောင်တင်အောင် ခင်မေ့ကို ကောင်းကောင်းထားပါကွယ်။ သိပ်မရိုက်ပါနဲ့" ဟု ခင်မေ၏အမေက သနားစဖွယ် တောင်းပန်ရှာလေ၏။ နောက် အတန်ကြာ တိတ်ဆိတ်နေပြန်၏။ သူသည် အခန်းပတ်လည်ကို ကြည့်၏။ အထုပ်ပိုက်ကာ ခင်မေ သူ့အနီးရောက်လာလေပြီ။

"ပေး ပေး ခင်မေ၊ ကိုတင်အောင် ယူခဲ့မယ်" ဟု ခင်မေ့လက်ထဲမှ အထုပ်ကို ယူ၏။ နောက် သူ့လွယ်အိတ်ကို လွယ်သည်။

"ကျွန်တော်တို့ သွားမယ်"

"မေမေ၊ ခင်မေတို့ သွားမယ်"

ခင်မေသည် သူ့အဖေနှင့်အမေအား ကန်တော့နေလေ၏။ ဝင်းတံခါး ပွင့်သွား၏။ တိတ်ဆိတ်မြဲ တိတ်ဆိတ်နေပြန်၏။

* * *

[ ၃ ]

နှစ်ယောက်သား စကားမပြောကြ။ ငြိမ်သက်စွာ မြစ်ဆီသို့သွားသော လမ်းပေါ်တွင် ရွေ့လျားနေလေ၏။ ခင်မေက ရှေ့သွားလျက် တင်အောင်က အနောက်က လိုက်၏။ သူတို့သည် ကိုင်းတောကြီးကို ဖြတ်သွားရသည်။

mgyoe.com

လေဝင့်သောကြောင့် ကိုင်းရွက်ချင်း ထိသံမှတစ်ပါး တိတ်ဆိတ်နေသည်။ ညဥ့်သည် မွေးနေ၏။ ဝင်းရွှန်းသော လရောင်ခြည်သည် သူတို့အား လမ်းပြပေးလေ၏။ မြပန်းခွေသဏ္ဍာန်ကိုဆောင်သော သစ်ရွက်များသည် လရောင်တွင် ဆော့နေကြလေ၏။ သူတို့သည် တဲတစ်တဲကို ဖြတ်သွား၏။ ခင်မေသည် ခပ်သုတ်သုတ်လျှောက်၏။ တဲတွင်းမှ "တင်အောင် သူ့မယား ပြန်ခေါ်သွားပြန်ပြီ။ တယ်ညံ့တဲ့ သူငယ်ပဲ၊ သူ့မယားကို ဘယ်တုန်းကများ လိမ္မာအောင် သွန်သင်ရဖူးလို့လဲ" ဟူသော တီးတိုးမေးငေါ့သံကို သူသည် ကြားလိုက်လေ၏။ တဲကို လွန်သွား၏။ သူသည် ခေါင်းကိုငုံ့ကာ ခင်မေကိုမီအောင် လိုက်လေ၏။ ကိုင်းတောကြီးသည် သူတို့နောက်တွင် ကျန်ရစ်ခဲ့သည်။ သူတို့သည် လွင်ပြင်လမ်းပေါ်၌ လျှောက်နေကြ၏။ မကြာမီ ကမ်းသို့ရောက်လေ၏။ လှေတစ်စင်းဆိုက်ထားသည်ကို တွေ့ရ၏။ ခင်မေသည် အချိန်မဖြုန်းဘဲ လှေပေါ်သို့တက်လေသည်။ လှေပေါ်တွင် ကောက်ရိုးများ ခင်းထားသည်။ တင်အောင်သည် လှေပေါ်မှ လှော်တက်နှင့် ကမ်းကို တွန်းကာ ခွာလိုက်လေ၏။ လှေကလေးသည် မြစ်လယ်ဘက်သို့ ဦးထိုးသွား၏။ သူ၏လှော်တက်သည် ယက်စပြု၏။ လှေသည် မြစ်ကို ကန့်လန့်ဖြတ်ကာ တစ်ဖက်ကမ်း ဇလပ်ပင် အအုပ်ကြီးရှိရာသို့ ကူး၏။ မြစ်ကွေ့တစ်ကွေ့ကို ကွေ့လိုက်လေသည်။ ခင်မေတို့နေသော ရွာသည် တောအုပ်ကွယ်၌ ကျန်ရစ်ခဲ့၏။ မြစ်ပြင်ဝယ် သူတို့ လှေတစ်စင်းသာ ရှိ၏။ ဝိုင်းစက် သော လသည် မြစ်ပြင်ဝယ် အလှရှုနေသည်။ ငွေနားကွပ်ထားသော တိမ်တိုက်အဖြူတို့သည် ရွှေ့လျားနေ၏။ ကောင်းကင်သည် ပြာနေ၏။ သူတို့သည် ဝမ်းနည်းစွာ မျက်စိတစ်ဆုံး မျှော်ကြည့်နေကြလေသည်။ အရှေ့တောတောင် ရေမြေတို့သည် ငွေကန့်လန့်ကာသဏ္ဍာန် မိုးကုပ်စက်ဝိုင်းကို နောက်ကြော ခိုင်းထားသည်။ နှင်းတွေ မှုန်နေလေ၏။ တအိအိလိမ့်လာသော လှိုင်းလုံး ကလေးများနှင့် လှေဝမ်းရိုက်သံတို့သည် တဖျပ်ဖျပ်မြည်လျက် သူတို့အား အိပ်ချင်လာအောင် ငြိမ့်ငွေ့ဖွယ်ကို ဖြစ်စေ၏။ လှေကလေးသည် မြစ်ဘက်သို့ ကိုင်းညွတ်နေသော ပိတောက်ပင် အရိပ်အမှောင်ထုကို ဖြတ်လာသည့်အခါ ဖြတ်လာရလေ၏။ တိတ်ဆိတ်နေ၏။ ခင်မေသည် ငိုက်စပြုလေသည်။

mgyoe.com

mgyoe.com

"ခင်မေ၊ ကိုတင်အောင် တစ်ခု ပြောချင်တယ်" ဟု ယောကျ်ားပျိုသည် တိတ်ဆိတ်ခြင်းကို ဖြိုဖျက်လေသည်။

"ပြောလေ၊ ဘာပြောမလို့လဲ" ဟု ခင်မေ့ပါးစပ်မှ ခပ်ထန်ထန် အဖြေထွက်လာ၏။

"ကိုတင်အောင်မှာ ဘာများ အပြစ်ရှိသလဲကွယ်"

"မရှိဘူး၊ ဒါပေမဲ့ ကျွန်မ ရှင့်ကို မုန်းတယ်"

လှေကလေးသည် ဆွဲလဲပန်းရုံအောက်သို့ရောက်လေ၏။ ကမ်းစပ်ချုံထဲမှ ညဥ့်ငှက်တစ်ကောင်၏ ကဗျာသီသံကြားရ၏။

"မေမေ ပြောတာ သိပ်မှန်တာပဲ၊ ခွေးရိုင်းတစ်ကောင်ကို အစာကျွေး၊ လက်နဲ့သပ်၊ အမြဲသွန်သင်ရင် ကိုယ့်သခင်ကို ချစ်တတ်လာမယ်။ ငှက်တစ်ကောင်ကို အသိုက်ကယူ လူနဲ့ အမြဲနေလာရင် ယဉ်လာမယ်။ လူ့စိတ်ကို လိမ္မာအောင် သွန်သင်ဖို့ အင်မတန် ခက်တယ်။ အင်မတန်ချစ်ခင်တဲ့ ယုယတဲ့ လက်ကိုပဲ ပြန်ကိုက်တယ်ဆိုတာ မှန်တာပဲ"

"ဟုတ်တယ် ရှင့်မေမေ ပြောတာ သိပ်မှန်တာပဲ၊ ဘာပြုလို့ ကျွန်မကို လာခေါ်သေးသလဲ"

ခင်မေတွင် ဒေါသသံများပင် ပါလာ၏။ ယောကျ်ားပျိုသည် သူ့အား အံ့သြစွာ ကြည့်လေသည်။

"မှတ်မိသေးလား ခင်မေ၊ မင်းကို မှတ်မိရမယ်လို့ အတင်းမတိုက်တွန်းပါဘူး။ ခုလို လသာသာ လှေစီးရင်း စကားပြောကြတာတွေ၊ လှေနဲ့ ပန်းလိုက်ခူးကြတာတွေ၊ ငါ့ရင်ခွင်မှာ မင်းမှီပြီး "ချစ်သမျှကို" ပတ်ပျိုးဆိုပြတာတွေ၊ "မောင်နဲ့ ညားရင်လေ ခင်မေ သီချင်းကလေး တအေးအေးဆိုပြီး ဖက်သိပ်မယ်လို့" တီတီတာတာ ပြောခဲ့တာတွေ ငါမမေ့နိုင်ပါမလား။ ဒီလောက်ချစ်စရာတွေ လုပ်တတ်တဲ့ မင်းကို ငါချစ်ခဲ့တာ ငါမှားသလား ခင်မေ၊ ဒီတုန်းက မင်းငါ့ကို သိပ်ချစ်တာပဲ၊ မင်းတို့အိမ်နောက်ဖေး လယ်ကန်သင်းပေါ်မှာ တစ်ယောက်လက် တစ်ယောက်ဆုပ်ပြီး လင်းအရုဏ် ရောင်နီအပြေး ကမ္ဘာကြီးမေ့ကြတာ။ မင်းကို ငါအသက်ပေးချစ်တယ်၊ ဒါဟာ ငါ့အပြစ်ပဲ'

သူသည် လှော်တက်ကို ခပ်ကြမ်းကြမ်း ယက်လိုက်လေ၏။ ကဗျာသီ

mgyoe.com

နေသော ညဥ့်ငှက်ကလေးပင် နေရာမှ လန့်ပြေးလေ၏။ လှေကမ်းဘက်ဦး တိုးသွားသောကြောင့် တည့်လိုက်ရပြန်၏။

"တစ်ခါ နေဝင်ရီတရော မြစ်ကမ်းစပ်မှာ တွေ့တုန်းက မင်းကို ငါဖက်ရင်း ပြောတာတွေ မှတ်မိသေးလား၊ "အသက်ကလေးရယ်၊ မောင့်အိမ်လာပြီး ဘုရင်မ လာလုပ်လှည့်ပါ၊ မောင့်အသက်တမျှ ခင်မေ့ကို ဂရုစိုက်ထားပါမယ်။ ခင်မေ့ကို မောင် ပျော်အောင်ယုယမယ်၊ စိတ်မညစ်ရအောင် နှစ်သိမ့်မယ်" လို့ ပြောခဲ့တော့ မင်းဟာ ငါ့ရင်ဘတ်မှီပြီး မျက်နှာကလေးကို မော့၊ ပြုံးပြုံးကလေး အနမ်းခံခဲ့တယ်။ မင်းတို့အိမ်လာပြီး လက်ထပ်ဖို့ အခွင့်တောင်းတော့ သိပ်ဝမ်းသာနေတဲ့ မင်းရဲ့မျက်နှာကလေးဟာ အကြည်ဆုံးဖြစ်နေတယ်။ လသာတဲ့ ညနဲ့ ရွာဦးလွမ်းစေတီဟာ မင်းနဲ့ ငါ့ရဲ့အချစ်သက်သေ၊ ကြယ်ကလေးတွေဟာ မင်းနဲ့ငါ့ကို ပြောင်နေကျ၊ စနေကျ အချစ်ပြယုဂ်။ ဟိုကောင်နဲ့ မတွေ့ခင် မင်း ငါ့ကို အမြဲ ယုယခဲ့တယ်၊ ချော့မော့ခဲ့တယ်၊ ငါမက်အောင်လုပ်ခဲ့တယ်။ အခု ငါဟာတစ်ယောက်တည်း ခရီးသွားရတယ်၊ အဖော်မပါဘဲ နေရတယ်၊ ဘယ်လောက်ကြောက်စရာလမ်းဖြစ်ဖြစ် မင်း အချစ်စိတ်ကြောင့် ရဲရင့်ခဲ့ရတယ်၊ မင်းကို ချစ်စိတ်ဟာ ငါ့ရဲ့အသက်၊ ငါ့ရဲ့ အင်အား၊ ငါ့ရဲ့ ပျော်ရွှင်မှု၊ ဒါပေမဲ့ မင်း ငါ့ကို ခွာခဲ့ပြီနော်"

* * *

## [ ၄ ]

လွင်ပြင်များ၊ တောင်ကုန်းများ၊ တောအုပ်များသည် သူတို့နောက်တွင် ကျန်ရစ်ခဲ့ကြ၏။ ခင်မေသည် အထူးအဆန်းတွေ့ရသကဲ့သို့ ဆောပတ်လည်ကိုကြည့်၏။

"မင်းကို ငါလွှတ်ချစ်တယ်၊ ဒါပေမဲ့ မင်းဟာ ငါ့အသည်းကို ဆွဲနုတ်ပြီး ခြေနဲ့ အစိတ်စိတ် အမြွာမြွာဖြစ်အောင် နင်းပစ်တယ်။ ငါ့အသည်းတွေဟာ ထုရိုက်ထားသလို နာကျင်နေခဲ့တယ်။ မင်းငါ့ကို ပစ်သွားတုန်းက ငါဟာ သားပျောက်တဲ့ အမေထက် စိတ်ပင်ပန်းခဲ့တယ်။ မင်းရက်စက်လို့ ငါ့အတွင်းစိတ်ဟာ သွေးအလိမ်းလိမ်း ပေကျံခဲ့ပြီ။ "ဩော်... သူနောက် နောင်တရလာမှာပဲ၊ ငါ့ကို သနားလာမှာပဲ" လို့ ထင်တယ်၊ ငါဟာ သူများအကဲ့ရဲ့

mgyoe.com

mgyoe.com


မေးအငေါ့ကို ခံပြီး မင်းကို လာခေါ်တယ်။ ငါလေ မင်းသာ ပန်းပွင့်ကလေး ဖြစ်ရင် ခေါင်းမှာ အမြဲပန်ထားမယ်။ သူများတွေက ငါ့ကို ရိုက်ဆုံးမပါလား လို့ ပြောကြတယ်၊ ဒါပေမဲ့ ငါ မင်းကို မရိုက်ပါဘူး"

"ရိုက်ပါ ကိုတင်အောင်၊ ကျွန်မကို သတ်ပါ သတ်ပစ်လိုက်ပါ"ဟု ခင်မေသည် ရန်တွေ့လေ၏။

"ငါဟာ ဘယ်လို ပြုံးရမယ်ဆိုတာတောင် မေ့ကုန်ပြီ၊ ကမ္ဘာကြီးဟာ ဆီးနှင်းတွေ ဝေနေသလို မှုန်ဝါးဝါးဖြစ်နေပြီ။ မင်း ချစ်ဦးနဲ့ကြည်နေတာ ကို ငါ မကြည့်နိုင်ဘူး ခင်မေ၊ သူ့မှာလည်း မယားကြီးနဲ့။ မင်းဟာ ကစားစရာ နဲ့ အင်မတန်တူနေတယ်။ ငါက မင်းကိုချစ်တယ်၊ မင်းက ချစ်ဦးကို ချစ်တယ်။ ဒါတွေ ငါစဉ်းစားရလို့ တစ်ညမှာ အိပ်မပျော်ခဲ့ဘူး။ ပထမ ငါ့ကိုယ်ကို ငါ သတ်သေဖို့ စိတ်ကူးတယ်။ ဒါပေမဲ့ ကျန်ရစ်ခဲ့တဲ့ မင်းမှာ ချစ်ဦးကိုလည်း လက်မထပ်နိုင်ဘူး၊ ဒီတော့ အလကားပေါ့၊ ငါ့မှာ စိတ်အင်မတန် ဆင်းရဲရ တယ်၊ ဒီနေ့တော့ မင်းကို စီရင်ချက်ချရတော့မယ်"

"ဘာစီရင်ချက် ချရမှာလဲ"ဟု ခင်မေက မေးကာ သူ့အား မော့ကြည့် လေ၏။ တင်အောင်ကား သူ့အား ကျော်လွန်ကာ ရေအယဉ်ကို ကြည့်နေ လေ၏။ သူသည် ခင်မေ့အား အဖြေမပေး။ စိန်ပန်းပင်များသည် ကမ်းနဖူး ဝယ် နော့နေကြလေ၏။ လှေသည် ငြိမ်သက်စွာ ရွေ့လျားနေရာမှ ညာဘက် ရှိ ချောင်းသို့ကွေ့လိုက်လေ၏။

"ဒီလမ်း မဟုတ်ဘူး"ဟု ခင်မေသည် အော်လိုက်လေ၏။ "ဟုတ်တယ်၊ ကိုတင်အောင်တို့လမ်း မဟုတ်ဘူး၊ ဒီလမ်း မခင်မေ သွားရမယ့်လမ်း၊ ချစ်ဦး တို့အိမ်နဲ့ တော်တော်နီးလာပါပြီ"

နောက် သူသည် တိုးတိုးကလေး ရယ်မောလေသည်။ ခင်မေသည် လန့်သွား၏။ ခင်မေသည် မြစ်ကမ်းတစ်ဘက်တစ်ချက်ကို ကြည့်နေ၏။ ဝါးပင်၊ မရန်းပင်၊ ကုက္ကိုပင်များ ချောင်းကို အုပ်ဆိုင်းထားလေရာ မှောင်သည့် နေရာတွင် မှောင်လေ၏။ သူသည် ပြုံး၏။

"ဟုတ်တယ် ခင်မေ၊ မင်းကို သိပ်ချစ်နေတဲ့လူကိုတော့ မင်း စွန့်ပစ် နိုင်တယ်၊ ဒါပေမဲ့ မင်းရဲ့အပြစ်ဒဏ်ကိုတော့ စွန့်လို့မရဘူး။ ကြောက်သလား ခင်မေ"

mgyoe.com

mgyoe.com

သူသည် လေးလေးကြီး ပြော၏။ မြစ်ကမ်းပါးများသည် စောက်မတ်၍ နေသည်။ ရေသည် နက်ရှိုင်းသောကြောင့် နက်နေ၏။ လသည် အောက်မိုးကုပ်စက်ဝိုင်းဆီသို့ လျှောဆင်းစပြုလေပြီ။ လှိုင်းကလေးတွေကို ခွဲ၍ ရွေ့လျားနေသော လှေသွားသံမှတစ်ပါး ဘာသံမျှမကြားရ။ ငှက်များပင် သီချင်း မဆိုကြ။ ပကတိ တိတ်ဆိတ်နေလေ၏။ အသက်ရှူသံများကို နားစွင့်နိုင်၏။ ခင်မေ၏ ရင်သည် တဒိတ်ဒိတ်ခုန်၏။ တင်အောင်အတွင်းစိတ်၌ကား စစ်ပွဲကြီးကျင်းပနေ၏။

ခင်မေသည် မျက်စိကို စုံမှိတ်ကာ လှေနံကို မြဲမြဲစွာ ဆုပ်ထား၏။ နှင်းတွေ မှုန်နေလေ၏။ လှေသည် သစ်ပင်ရိပ်များအောက်မှ ထွက်ကာ အလင်းပိုင်းသို့ရောက်လာပြန်၏။ သူ၏မျက်လုံးများသည် တောက်ပြောင်၍ လာ၏။ သူ၏မျက်နှာသည် ခက်ထန်၍လာ၏။ တိတ်ဆိတ်ခြင်းသည် သူ့အား ရဲရင့်စေ၏။ လှေသည် ညွတ်နေသော ဝါးပင်များအောက်သို့ ရောက်သွားပြန်၏။ လှေသည် ကျူရိုးများနှင့် တိုက်မိလေ၏။ လှိုင်းလုံးကလေးများသည် ခုန်ပွက်ကာ ရေအယဉ်ဝယ် အတွန့်အတက် အညွန့်အဆက်တွေ ဖြစ်လေ၏။

"ဒါ နောက်ဆုံးအချိန်လို့ မှတ်ပေတော့ ခင်မေ၊ မင်းသွားချင်တဲ့ဆီလည်း ရောက်အောင် ပို့ပါ့မယ်။ ဒီချောင်းဟာ မင်းလင်ငယ် ရွာကို စီးတယ်။ ချစ်ဦး အိမ်ရှေ့ရောက်မှ သူ့ကိုခေါ်ပြီး အားရအောင် ချစ်ပေတော့"

သူသည် လှော်တက်ကို လွှတ်ချကာ လွယ်အိတ်ထဲမှ လက်ကိုင်ပဝါတစ်ထည်ကို ထုတ်လေသည်။ လှေသည် လှိုင်းလုံးကလေးကြားထဲတွင် မျောနေရာမှ ရပ်သွား၏။ ခင်မေတွင် ကျားခံတွင်းရောက်နေသော သမင်မကဲ့သို့ မျက်စိသူငယ်နှင့် သူ့အား ကြည့်လေသည်။

"ကိုတင်အောင် ကျွန်မကို မသတ်ပါနဲ့" နောက် အသံတိတ်သွား၏။ တင်အောင်သည် ခင်မေ့အား ချုပ်ထား၏။ ခင်မေသည် ရုန်း၏။ သို့ရာတွင် မကြာမီ သန်မာသော သူ၏လက်မောင်းကြားဝယ် ကပ်နေလေ၏။ သူသည် လက်ကိုင်ပဝါနှင့် ခင်မေ၏လည်ပင်းကို အတင်းချည်နှောင်လေသည်။

"ရက်စက်လှချည့်လား ကိုတင်အောင်ရယ်၊ ခင်မေ့ကို မသနားတော့ဘူးလား"

mgyoe.com

mgyoe.com


အသံပျောက်သွား၏။ သူသည် ခင်မေ၏ကိုယ်ကို ပွေ့လိုက်၏။ တစ်ချက်နှစ်ချက် ဟန်လွှဲကာ ရေထဲသို့ လွှင့်ပစ်လိုက်သည်။ ဝုန်းခနဲ အသံမြည်ကာ မြုပ်သွား၏။ ရေပလုံစီများ ကျန်ရစ်ခဲ့၏။ လက်တစ်ဖက် ပေါ်လာကာ တစ်ဖန် ပြန်မြုပ်သွား၏။ သူသည် ကျလာသော ချွေးများကို လက်နှင့် သပ်လေ၏။ လှော်တက်ကို ကိုင်၏။ လှေကလေးသည် ချောင်းထဲမှ ပြန်ထွက်လာကာ မြစ်မကြီးထဲတွင် ရောက်နေပြန်၏။

လှေသည် အရှင်တစ်ယောက်သာ သယ်ပိုးရသောကြောင့် ယခင်ကထက် လျင်မြန်စွာ ရွေ့လျားနေ၏။ အရှေ့ရေလျင် အနားဘက်မှ ရောင်နီပျို့လာလေပြီ။ ညဉ့်ငှက်လည်း ယခင်ကထက် သာယာစွာ တေးဆိုလေပြီ။ နှင်းစဲစပြုလေပြီ။ ပန်းနုသွေး ကောင်းကင်နှင့် ဝါလဲ့လဲ့ ရောင်ရေလျင်အစပ် မှုန်ဝါးဝါး မြစ်ပြင်မှ ရိုက်သံတစ်သံသည် သဲ့သဲ့မျှ ပျံ့လွင့်လာလေသည်။

[ဂန္ထလောက၊ အတွဲ ၂၆၊ အမှတ် ၁၈၇၊ ဩဂုတ် ၁၉၄၀]

❒

mgyoe.com

mgyoe.com

# မိန်းမပိုက်

ဇဝန

ကျွန်ုပ်၏တစ်သက်တွင် ဤမျှလောက် ညံ့ဖျင်းသော ကော်ဖီကို တစ်ခါမျှ မသောက်ခဲ့ရဖူးချေ။ ကော်ဖီဖျော်ထားသည်မှာ အလွန်ညံ့ဖျင်းသလောက် ထည့်ထားသည့် ပန်းကန်လုံးမှာလည်း ကြေးလက်လေးသစ်တင်လျက် ရှိသည့်ပြင် ဆိုင်၏ဆင်ပြင်ခင်းကျင်းထားပုံမှာလည်း လွန်စွာ ညံ့ဖျင်းလျက် အလင်းရောင်ကောင်းစွာ မရဘဲ မှောင်ကုပ်ကုပ်နှင့်ရှိသည်ကို တွေ့ရလေ၏။

ကျွန်ုပ်သည် ကိစ္စတစ်ခုနှင့် ကျောက်မြောင်းအရပ်သို့ ရောက်ရှိခဲ့ရာ ကိစ္စပြီး၍ ပြန်လည်လာရာတွင် ဝမ်းထဲ၌ မည်သည့်အစာမျှမရှိသဖြင့် ဆာလောင်မွတ်သိပ်လှသောကြောင့် အိမ်သို့ပြန်၍ရောက်သည့်တိုင်အောင် အဆာခံ၍ မနေနိုင်တော့ဘဲ ပထမဦးဆုံး တွေ့ရသော လက်ဖက်ရည်ဆိုင် တစ်ဆိုင်ရှေ့တွင် မော်တော်ကားကို ထိုး၍ရပ်ကာ ဆိုင်ထဲသို့ ဝင်ခဲ့မိလေ၏။

ဆိုင်တွင်းသို့ရောက်သောအခါမှ စားပွဲများမှာ အခင်းအဝတ် တစ်စုံတစ်ရာ ဖုံးလွှမ်းထားခြင်း ဘာမျှမရှိဘဲ လက်ဖက်ရည်ကွက်များ အထပ်ထပ် ပေနေခြင်းကြောင့် ထင်းရှူးပျဉ်ပြားများမှာ ကြေးများဖြင့် ထူပွစိုထိုင်းလျက် သံကုလားထိုင်များမှာလည်း မခိုင်မမြဲ ယိမ်းထိုးနေသည်ကို တွေ့ရသော်လည်း ဆိုင်ထဲသို့ ဝင်မိပြီဖြစ်၍ ပြန်၍ မထွက်လိုသောကြောင့် ကော်ဖီကို မှာလိုက်ရလေ၏။

mgyoe.com

mgyoe.com


ကျွန်ုပ်သည် အရသာကင်းမဲ့ ညံ့ဖျင်းသော ကော်ဖီကို တစ်ကျိုက်ပြီး တစ်ကျိုက် မနည်းမျိုချနေစဉ် ကျွန်ုပ်ကဲ့သို့ ဆာလောင်မွတ်သိပ်ခြင်းကို မခံမရပ်နိုင်ပုံရသော လူတစ်ယောက်လည်း ဆိုင်ထဲသို့ဝင်လာသည်ကို တွေ့ရလေ၏။ ထိုသူသည် ကျွန်ုပ်ထိုင်၍ စားသောက်နေသော စားပွဲရှည်ကြီး၏ တစ်ဖက်သောအစွန်းတွင် ဝင်၍ထိုင်ကာ လက်ဖက်ရည်တစ်ခွက်နှင့် မုန့်ကြွတ် ၂ ခု မှာလိုက်လေ၏။ ကျွန်ုပ်သည် ထိုသူအား အမှတ်မဲ့ အကဲခတ်၍ ကြည့်လိုက်ရာတွင် အရပ်အမောင်းကောင်းလျက် အလုပ်ကြမ်းလုပ်သူတို့၏ ကိုယ်လုံးကိုယ်ထည်မျိုးရှိပြီးလျှင် ပါးသွယ်နားသွယ် လျောကျ ပိန်ခွက်၍ နေသည်ကို မြင်ရလေ၏။ ထိုသို့ ကြည့်နေစဉ် ၎င်းကလည်း ကျွန်တော့်အား ကြည့်လိုက်သည်နှင့် မျက်နှာချင်းဆုံမိရာ ကျွန်ုပ်သည် ရုတ်တရက် မျက်နှာကို လွှဲလိုက်သော်လည်း ကျွန်ုပ်မြင်လိုက်ရသော ၎င်း၏ နီရဲပြူးကြောင် မီးတောက်လောင်နေသကဲ့သို့သော မျက်လုံးများကို ကျွန်တော်၏ မျက်စိထဲမှ ဖျောက်ဖျက်၍ မရနိုင်သကဲ့သို့ ရှိပေ၏။

မကြာမီ ကုလားထိုင်ရွှေ့သံကဲ့သို့ကြားရသဖြင့် ကျွန်ုပ်သည် ထိုလူအား ပြန်လည်၍ လှည့်ကြည့်လိုက်ရာ ထိုသူသည် ကျွန်ုပ်၏အနီးသို့ ရွှေ့၍ လာသည်ကို တွေ့ရသည်ပြင် "စကားတစ်ခွန်း ပြောပါရစေဗျာ" ဟူ၍ ပြောလိုက်သည်ကို ကြားရပေ၏။

ကျွန်ုပ်သည် ထိုသူအား မြင်စဉ်က ကြည့်ရတာ အတော်ထူးဆန်းတဲ့ လူတစ်ယောက်ပဲဟု စိတ်ထဲ၌ထင်မြင်ခဲ့မိသော်လည်း ထိုသို့ပြောလာသည်ကို ကြားရသောအခါ ကျွန်ုပ်၏ထင်မြင်ချက်သည် တစ်မျိုးတစ်မည် ပြောင်းလဲ၍ သွားလေ၏။ အကြောင်းမူကား ရန်ကုန်မြို့ရှိ လက်ဖက်ရည်ဆိုင်များတွင် ထိုသို့ဝတ်စားထားလေ့ရှိသော သူများသည် အခြားလက်ဖက်ရည် သောက်နေသော သူများအနီးသို့ကပ်ရောက်ကာ မိမိတို့၏ဒုက္ခကြီးငယ်တို့ကို ရာဇဝင်ချီ၍ ပြောဆိုပြီး နောက်ဆုံးတွင် ပိုက်ဆံလိမ်၍ တောင်းလေ့ရှိသည်ကို တွေ့ရဖူးပေါင်းများလှပြီဖြစ်သော ကျွန်ုပ်မှာ ထိုသူအား လူလိမ်တစ်ယောက်ပေပဲဟု ထင်မြင်မိကာ ၎င်းအား ဘာမျှစကားပြန်၍ မပြောဘဲ ၎င်း၏စကားအလာကိုသာ နားစိုက်ကာ အကဲခတ်သည့် မျက်လုံးများဖြင့် စူးစိုက်၍ ကြည့်နေမိလေ၏။

mgyoe.com

mgyoe.com

"ကျွန်တော် စကားတစ်ခွန်းပြောချင်လို့ပါဗျာ၊ ဒီစကားကို တစ်ယောက်ယောက်ကိုမှ ပြောမပြရရင် ကျွန်တော် ရူးသွားလိမ့်မယ် ထင်တာပဲ" ဟု ဆက်လက်၍ ပြောလိုက်သည်ကို ကြားရသောအခါ ကျွန်ုပ်သည် ထိုသူအား လူလိမ်တစ်ယောက်ဟု ထင်မြင်ခဲ့ခြင်းသည် ပပျောက်၍ သွားပြန်ကာ အံ့သြခြင်းဖြစ်မိလျက် "ဘာကြောင့်တုန်းဗျာ" ဟု မေးလိုက်မိလေ၏။

ထိုသူသည် ကျွန်ုပ်အား အတန်ကြာ ငြိမ်သက်စွာ စူးစိုက်၍ ကြည့်နေပြီးနောက် "ခင်ဗျားဟာ ပြောချင်တဲ့ စကားတစ်ခွန်းရှိနေတဲ့အခါ ဘယ်လူမျိုးပဲဖြစ်ဖြစ် တစ်ယောက်ယောက်ကိုမှ ပြောမပြလိုက်ရရင် ရင်ထဲမှာ လေးနေပြီး ရူးချင်သလိုလို စိတ်မျိုး တစ်ခါမှ မဖြစ်ခဲ့မိဘူးလား" ဟု မေးလေ၏။

"ပြောပါ ပြောပါ၊ ခင်ဗျားဆိုလိုချင်တဲ့ အဓိပ္ပာယ်နားလည်ပါပြီ"

"ကျွန်တော် ဒီအကြောင်းကို ခင်ဗျားကိုမှ ပြောမပြရရင် ပုလိပ်ကို ပြောပြရမှာပဲ" ဟု ဆိုပြီးနောက် ခေတ္တငြိမ်သက်နေပြီးမှ "ကျွန်တော့်နာမည်ကတော့ မောင်ဘိုးဒေါင်းတဲ့" ဟု ပြောပြလေ၏။

ကျွန်ုပ်သည် ထိုနာမည်ကို ကြားဖူးသလိုလို ရှိပေ၏။ သို့ရာတွင် မည်သည့်နေရာ မည်သည့်အရပ်တွင် ကြားမိဖူးသည်ကို စဉ်းစားဝေခွဲ၍ မရနိုင်သဖြင့် ပြန်လှန်စဉ်းစားနေသည့် အမူအရာဖြင့် တွေဝေငြိမ်သက်နေစဉ် "သီတာလမ်းမှာ အသတ်ခံရတဲ့ မနှင်းညွန့်ရဲ့ ယောကျ်ားဟာ ကျွန်တော်ပဲ၊ နည်းနည်း ရှင်းလင်းပြီလား" ဟု မေးလေ၏။

ထိုအခါမှ ကျွန်ုပ်သည် နံနက်သတင်းစာတွင် ဖတ်လိုက်မိသည့် ယမန်နေ့ည ၁၀ နာရီအချိန်လောက်တွင် ကျောက်မြောင်းရပ်၌ ထိုနာမည်မျိုးနှင့် မိန်းမတစ်ယောက်အိမ်ထဲတွင် သေ၍နေသည်ကို အိမ်နီးချင်းတစ်ယောက်က တွေ့၍ ပုလိပ်ကို တိုင်လိုက်ရသည်ဆိုသော သတင်းတစ်ခုကို ပြန်၍ သတိရမိလေ၏။ ထိုသတင်း အဆိုအားဖြင့် ထိုမိန်းမ၌ ဓားလက်နက် ဒဏ်ရာတစ်စုံတစ်ရာမတွေ့ရသော်လည်း လူသတ်ခံရသည်ဟု မသင်္ကာဖွယ်ရှိသကဲ့သို့ ရေးသားထားသည့်ပြင် ထိုအချိန်၌ ၎င်း၏ လင်ယောကျ်ားဖြစ်သူ မောင်ဘိုးဒေါင်းဆိုသူမှာ ညဉ့်ဦးကပင် ပျောက်၍နေသဖြင့် မည်သို့ အဆက်အသွယ်ရှိသည်ကို ထိုသူအား ပုလိပ်တို့လိုက်လံစုံစမ်းနေသည်ဟု ဖတ်ရှုသိရှိရပေ၏။

'အဲဒီ မနှင်းညွန့်ယောကျ်ား မောင်ဘိုးဒေါင်းဆိုသူဟာ ကျွန်တော်ပဲ။

mgyoe.com

mgyoe.com

မနေ့ညက ၁၀ နာရီ အချိန်လောက်မှာ ကျွန်တော့်မိန်းမ ကျွန်တော်သတ်ပစ်တာပဲ၊ အို ထိုင်လေ ထိုင်ပါ ဘာဖြစ်လို့လဲ'

ကျွန်ုပ်သည် လူသတ်မှုနှင့်ပတ်သက်သည့်စကားကို ကြားရ၍ စိတ်ထဲ၌ ရုတ်တရက် လှုပ်ရှားသွားခြင်းဖြစ်မိကာ ထိုင်ရာမှထတော့မည်ကဲ့သို့ ပြုမိပြီးမှ ထိုသူ၏ ပြန်၍ထိုင်ခိုင်းလိုက်သည့် စကားအတိုင်း လိုက်နာမိလေ၏။

"ကျွန်တော် ဒီမိန်းမနဲ့ပေါင်းလာတာ ငါးနှစ်ရှိပြီ၊ ပေါင်းပြီး လေးငါး ခြောက်လလောက်ကတည်းကစပြီး ဒီမိန်းမကို သတ်ချင်လာတာ ငါးနှစ်လုံးလုံး တောင့်တချက်ကို မနေ့ကမှပဲ လက်တွေ့လုပ်ဖြစ်တော့တယ်။ အင်း လောကမှာ မုန်းတယ်၊ ချစ်တယ်ဆိုတဲ့အဖြစ်မျိုးကို လူတိုင်း တွေ့ဖူးကြမှာပဲ။ မိတ်ဆွေလည်း တွေ့ဖူးမှာပဲ။ ဒါပေမဲ့ မုန်းတယ်၊ ချစ်တယ်လို့ လူများတွေ ပြောကြတာဟာ စိတ်ထဲမှာ အပရိကဖြစ်တာကလေးလောက်ပဲ ရှိကြလိမ့်မယ်။ တကယ်မုန်းလာပြီဆိုတော့ ဘာနဲ့တူတယ်ဆိုတာ ခင်ဗျားသိနိုင်ဖို့ အတော်ခဲယဉ်းတယ်။ တကယ့် တကယ် မုန်းလာတဲ့အခါ လူ့စိတ်ဟာ ဒီရှေ့ တစ်ထစ်တိုးရင် ရူးသွားတဲ့အခြေအနေမျိုးကို ရောက်သွားရုံရှိတော့တာပဲ"

"နောက်ပြီးတော့ အချစ်ကြီး အမုန်းကြီးဆိုတာကလည်း တယ်ပြီးမှန်တယ်။ အရင်က သိပ်ပြီးချစ်ထားခဲ့တဲ့ အချစ်တုံး အချစ်ခဲကြီးဟာ နေပူပူမှာချထားတဲ့ ရေခဲတုံးကြီးလို ဗြုန်းခနဲ အရည်ပျော်သွားတာကို မြင်လိုက်ရရင် မိတ်ဆွေစိတ်ထဲ ဘယ်လိုဖြစ်သွားမလဲ။ ဒီအချစ်တုံး အချစ်ခဲကြီးဟာ အရည်ပျော်သွားပြီး ဒီနေရာမှာ သူ့အစား အမုန်းစိတ်ကြီးရောက်လာတာ တွေ့လိုက်ရရင် ဘယ်လိုနေမလဲ" ကျွန်ုပ်သည် ထိုသူ၏ပြောစကားကို ကြားရခြင်းအားဖြင့် လူများသည် စိတ်ပါလက်ပါရှိကြသည့်အခါ ၎င်းတို့၏စကားများသည် ကြားရသူတို့အဖို့ လွန်စွာထိခိုက်တတ်ပေသည်ဟု အတွေးပေါ်ပေါက်မိလေ၏။

"ကျွန်တော် ဒီမိန်းမနဲ့ပေါင်းလာတာ ငါးနှစ်ကျော် ခြောက်နှစ်လောက်ရှိခဲ့ပြီ၊ ညားခါစတုန်းကတော့ ကျွန်တော်တို့ လင်မယားလောက်ပျော်တဲ့ စုံတွဲဟာ ကမ္ဘာပေါ်မှာ မရှိတော့ဘူးလို့ ကျွန်တော့်စိတ်ထဲမှာ ထင်မိတာပဲ၊ ပျော်လည်းပျော်စရာပေပေါ့ဗျာ။ ကျွန်တော်တို့ဟာ မိဘပေးစားလို့ရကြတာ မဟုတ်ဘဲ။ ၁၄ နှစ် ၁၆ နှစ်အရွယ်လောက်ကတည်းက တစ်ယောက်နဲ့တစ်ယောက် ချစ်လာကြတဲ့ သမီးရည်းစားတွေဆိုတော့ ဒီလိုညားကြတယ်ဆိုတဲ့အခါမှာ

mgyoe.com

mgyoe.com

နှစ်ယောက်စလုံးရဲ့စိတ်ထဲမှာ နေ့စဉ်နဲ့အမျှ တောင့်တလာခဲ့တဲ့ လိုလားချက်ဟာ ပြည့်ဝကြတဲ့အပြင် အခြားယောကျ်ားနဲ့ပဲ ရသွားမလား၊ တခြားမိန်းမကိုပဲ ယူသွားမလေးဆိုတဲ့ သမီးရည်းစားတို့အဖို့ အရေးအကြီးဆုံး ပူပင်ရတဲ့ အပူဟာလည်း အေးသွားတော့ သိပ်ပျော်ကြတာပေါ့ဗျာ"

ထိုသို့ ပြောရင်းမှာပင် ကိုဘိုးခေါင်းသည် မိမိတို့ ချစ်မ ၊င်စ ကြင်နာစဘဝက ပျော်ခဲ့ရသည်တို့ကို ပြန်လည်တွေးတော လွမ်းဆွတ်မိသကဲ့သို့ ၎င်း၏ခက်ထရော်သော မျက်နှာတွင် အလင်းရောင်ကလေးများ ပွင့်လင်းလာသည်ကို မြင်ရပေ၏။ ချက်ချင်းပင် ၎င်း၏မျက်နှာမှာ ညှိုးငယ်၍ သွားပြန်လေ၏။ "သို့ပေမဲ့ဗျာ ဒီလို ပျော်ပျော်နေရတဲ့စည်းစိမ်ကို ကြာကြာကြီး မခံစားကြရပါဘူး။ ညားခါစ ၂ လ ၃ လလောက်မှာတော့ ဟိုဘက် ဒီဘက်က လက်ဖွဲ့ထားတဲ့ပစ္စည်းကလေးတွေနဲ့ စားလိုက်သောက်လိုက် သွားလိုက်လာလိုက်ကြနဲ့ အလုပ်လည်းမလုပ်သေးဘဲနေတုန်းတော့ သိပ်ပျော်သပေါ့ဗျာ။ နားတဲ့ ရက်ကလေးတွေ ကုန်ပြီး အလုပ်ဝင်လုပ်တော့မှ တဖြည်းဖြည်း စိတ်ညစ်စရာတွေဟာ ပေါ်လာတော့တာပဲ"

"ကျွန်တော့်အလုပ်ကတော့ ပန်းထိမ်အလုပ်ပဲ၊ ပန်းထိမ်ဆရာဆိုတော့ဗျာ "ပန်းထိမ်တောက်တောက် မစားလောက်" ဆိုတဲ့စကားလို အလုပ်ကလေးရှိတဲ့အခါမှ လက်ခကလေးရတာကိုဗျ၊ အလုပ်မရတဲ့အခါ ငတ်တာပဲ။ နို့ပြီး လက်ထပ်ကြစဉ်တုန်းကလည်း ကိုယ့်မှာစုပုံဆောင်းမိရှိကြလို့ မဟုတ်ဘူး။ တောင်းပါတော့ ရမ်းပါတော့နဲ့ အတန်တန်ပူဆာတော့ ဟိုက ဒီက ချေးငှားဆွဲလွဲပြီး တင့်တင့်တယ်တယ်ရှိအောင် လုပ်လိုက်ရတာပေါ့ဗျာ။ ဒီအကြွေးတွေဟာက အလုပ်ဝင်တဲ့အခါကျတော့မှ ပေးဖို့ဟာပေါ်လာတော့ ရတာကလေးက နည်းနည်းမှာ ဟိုဖဲ့ဆပ် ဒီဖဲ့ဆပ်နဲ့ တစ်နေ့တခြား ကျပ်ကျပ်တည်းတည်းဖြစ်လာကြတာပေါ့" "မိန်းမဆိုတာမျိုးဟာ အဆန်းသားပဲ။ မရခင်တုန်းကသာ ထမင်းရည် အတူလျက်ရလျက်ရ၊ တဲပျက်မှာပဲနေရနေရ ပြောကြတာပေါ့ဗျာ။ တကယ် လျက်မယ့်အခါရောက်လာတော့ မလွဲသာလို့ ထမင်းရေလျက်ရတောင် ဆားကလေးနည်းနည်းခတ်လိုက်ချင်သေးတာပဲ၊ နောက်ပြီး ရှာရဖွေရတဲ့ လင်သားမှာ ဘယ်လောက်ပင်ပင်ပန်းပန်း ရှာတယ်၊ စိတ်ညစ်ရတယ်ဆိုတာ ကိုယ်ချင်းစာတတ်တဲ့မိန်းမမျိုးဟာ အင်မတန်

mgyoe.com

ရှားတယ်။ ငါ့လင်ဟာ တတ်တဲ့ပညာနဲ့ရှာပြီး ကျွေးရှာတယ်၊ အခန့်မသင့်လို့ ရှာဖွေမရတဲ့အခါ အိမ်မှာ ဆန်မရှိတာ လင် မသိစေရဘူး။ ရှာပေးတဲ့ လင်ဖြစ်သူ ထမင်းနပ်ဆွေ စားရအောင် ချေးလို့ပဲဖြစ်ဖြစ်၊ ငှားလို့ပဲဖြစ်ဖြစ် တစ်နည်းနည်းနဲ့ အိမ်က ကြံဖန်ပြီးချက်ထားမယ်ဆိုတဲ့ မိန်းမများ အရှားသားပဲဗျ။ ခင်ဗျား မိန်းမနဲ့လူဖြစ်ရင် ပိုပြီး သိမှာပဲ။

"ကျွန်တော့် မိန်းမကတော့ဗျာ ဒီလိုမဟုတ်ဘူး။ လက်ထဲမှာ ပိုက်ဆံမရှိမှဖြင့် တပူပူ တဆာဆာနဲ့ မနက်ဖြန် သုံးစရာမရှိဘူး၊ အလုပ်ရအောင် ရှာပြီး လုပ်ပါဦး၊ ဘာဦး ညာဦးနဲ့။ ညအိပ်ရာဝင်တာတောင် စိတ်ချမ်းချမ်း သာသာနဲ့ မအိပ်ရဘဲ ဒီပူစရာတွေ၊ စိတ်ညစ်စရာတွေပဲ ပြောတော့တာပဲ။ လင်လုပ်တဲ့လူမှာ စာရေးကြီး၊ မြို့အုပ်ကြီး၊ ရာထူးကြီး ရာခံကြီးနဲ့ လခစား ကလည်း မဟုတ်။ အလုပ်ရမှ လုပ်ခစားရတော့ အလုပ်မရတဲ့အခါ ဓားပြ တိုက်ကျွေးရတော့ မလောက်ဖြစ်နေတာပေါ့"

"ဒါနဲ့ ကျွန်တော်လည်း ကြိုးစားပြီး အလုပ်ရအောင်ရှာ၊ ကြိုးစားလုပ် လို့ ကြွေးမြေကလေး အတော်အတန်ရှင်းပြီး အသက်ရှူကလေး ချောင်လည် မယ်မှ မကြံသေးဘူး၊ မိန်းမလုပ်တဲ့ဟာက အိမ်နားချင်း စာရေးကြီးကတော်၊ ဘာကဲတော်၊ ညာကတော်တွေနဲ့ ဂုဏ်တု ဂုဏ်ပြိုင် ဝတ်ချင်စားချင်လာပြန် သဗျ။ မြန်မာများဟာ အဲဒါတစ်ခု အင်မတန်ဆိုးတာပဲဗျာ။ ကျွန်တော့်မိန်းမ ကအစက ဒါလောက်ဝတ်ချင်လှတာ မဟုတ်ဘူးဗျ။ သူတို့တစ်တွေက ရွှေတွဲလွဲ ငွေတွဲလွဲနဲ့ လုပ်နေကြပြီး ပွဲကလေး လမ်းကလေး အရေးကိစ္စရှိရင် ရွှေမရှိတဲ့ ကျွန်တော့်မိန်းမကို အဖက်လုပ်မခေါ်ကြဲဘဲ သူတို့ချင်းမှ အဖက်တန်သလို ခေါ်ဟယ် ငင်ဟယ် သွားကြဟယ် လာကြဟယ်နဲ့ လုပ်တော့ ကျွန်တော့်မိန်းမလည်း ဝမ်းနည်းစိတ်ငယ်လာတာပေါ့ဗျာ။ ဒါတွင်မက သေးဘဲ ညည်းလင်ဟာ ဒါကလေးတွေမှ မဆင်နိုင်ဘူးလား။ လူဆိုတာ ဒါရှိမှ ရှိသေတာ၊ ညည်းလင်ဟာ ပိုက်ဆံ အတော်ဝင်တယ်လို့ ကြားပါ ကလား၊ ညည်းကို မအပ်ဘူးထင်တယ်။ အငယ်အနှောင်းထားပြီး ကုန်နေ သလား မသိဘူး၊ ဘာဘူး ညာဘူးနဲ့ ပြောကြတော့ မိန်းမလုပ်တဲ့လူကလည်း ကိုယ့်လင် ဝင်ငွေနည်းတယ်ဆိုတာကို ပြောရမှာ ဂုဏ်ငယ်တယ်ထင်ပြီး ဟိုဟာပြော ဒီဟာပြောပြောရော။ ဒီလိုပြောတော့ သူတို့တစ်တွေကလည်း

mgyoe.com

mgyoe.com
ဖိပြီးတွန်းကြတော့ မိန်းမလည်း ဟုတ်နိုးနိုး ယောင်ကန်းကန်း ဖြစ်လာတာ ပေါ့။

"အဲဒီအထဲမှာ တချို့မိန်းမတွေကလည်း သူများလင်မယား သင့်မြတ်တာကို တယ်ပြီး မနာလိုချင်ကြဘူး။ ညနေတိုင်း ဝိုင်းဖွဲ့ပြီး တွေ့ကရာ ရှစ်သောင်းပြောဆိုနေကြရာက နာရီလှမ်းကြည့်ပြီး အလို ၆ နာရီတောင် ထိုးပြီ။ ကိုဘိုးဒေါင်း မလာသေးပါကလား၊ အလုပ်များနေတယ် ထင်တယ်လို့ ပထမ တစ်နေ့က ပြောသွားရော။ နောက်တစ်နေ့ ဒီအချိန်ကျပြန်တော့ တစ်ခါ အမှတ်တမဲ့နဲ့ နာရီကြည့်မိသလိုလိုနဲ့ အမယ် ၆ နာရီရှိပြီ၊ အိမ်က ကိုယ်တော်မြတ်တော့ ရောက်နေရော့မယ်။ ဒါထက် ကိုဘိုးဒေါင်း အခုရော၊ နောက်တစ်နေ့ကျလာပြန်ရော။ ကိုဘိုးဒေါင်း အရင် ဒီလိုမဟုတ်ပါဘူး။ စောစောပြန်တတ်ပါတယ်။ အခုတစ်လော နေတိုင်းလိုပဲ နောက်ကျနေပါတယ်။ အလုပ်များလို့ဆိုပြန်ရင်လည်း တစ်ရက်တလေပဲ များတော့မပေါ့။ မနှင်းညွန့်တော့ မပြောတတ်ဘူး၊ ကျွန်မယောကျ်ားတော့ဖြင့် ဒီလို နောက်ကျရင် ကျွန်မစိတ်ထဲမှာ တယ်မသင်္ကာဘူးနဲ့ နေ့စဉ်နဲ့အမျှ အရှုံးမှော်သွင်းနေတော့ မိန်းမဆိုတာ နဂိုကမှ အူတိုမျိုးမှာ အခုလိုတိုက်တဲ့လူက တိုက်တော့ တကယ်ထင်ပါရော။

"ဒါတွေတော့ဗျာ ပြောလို့ ကုန်နိုင်တော့မယ် မထင်ပါဘူး။ အဲဒီလိုနဲ့ ပိုက်ဆံမရှိလို့ စိတ်ညစ်ရ၊ အထင်လွဲပြီးစကားများရနဲ့ အရင်တုန်းက ရန်မဖြစ်ဖူးတဲ့ လင်မယားဟာ တကျက်ကျက်ဖြစ်ပါရော။ လင်မယားရန်ဖြစ်တယ်ဆိုတာ အစမလုပ်တာ အကောင်းဆုံးပဲ။ တစ်ခါအစလုပ်မိရင် ရန်ဖြစ်ရတာဟာ တယ်ပြီး ခဲယဉ်းတဲ့အလုပ် မဟုတ်မှန်းသိတော့ အလကားနေရင်းပေမဲ့ ရန်ဖြစ်နေချင်တာမျိုးဗျ"

"ဒီလို ခဏခဏဖြစ်နေတော့ ယောကျ်ားဆိုတာ စိတ်ညစ်ပြီး သူငယ်ချင်းအပေါင်းအဖော်နဲ့ စိတ်ပြေလက်ပျောက် သောက်တတ် စားတတ်လာတာပေါ့ဗျ။ ကျွန်တော်ကလည်း နဂိုက အသောက်အစားက မကင်းခဲ့လေတော့ လက်ထပ်ပြီးတဲ့နောက် ဖြတ်ထားခဲ့တာဟာ ပြန်ပြီး ပေါ်လာပြန်တာပေါ့ဗျာ။ ဒီတော့ စကားများ ရန်ဖြစ် စိတ်ညစ်တယ်ဆိုရင် ဆိုင်ကိုပဲ ခြေဦးလှည့်မိတော့တာပဲ။ "တစ်နေ့ ကျွန်တော်ကလည်း သောက်ပြီးပြန်လာ၊ တစ်နေ့ဆိုတာ
mgyoe.com

mgyoe.com
မနေ့ညကအဖြစ်ကို ပြောတာပါပဲ။ အဲဒီလို ကျွန်တော်ပြန်အလာမှာ သူက ဆီးတဲ့ပြီး "ရှင်အိမ်မှာပဲ မနေနိုင်ဘူးလား၊ ပိုက်ဆံရအောင် အလုပ်အကိုင်အတွက် ကြံစည်မယ် စိတ်ကူးထုတ်မယ်လို့များ မအောက်မေ့ဘူး၊ အားအားရှိ ဒီသောက်ရေတွေပဲ သောက်သောက်ပြီး နေဖို့စိတ်ကူးနေတာပဲ" လို့ဆိုလိုက်တာကိုးဗျ။ ကျွန်တော့်ကို စောက်နဲ့တိုင်းပြီး ပြောတော့ နဂိုက ခပ်မူးမူးမှာ ဒေါသထွက်လာပြီး ဟော့ မင်းငါ့ကို စောက်နဲ့မတိုင်းနဲ့လို့ဆိုရင်ပဲ သူက ကဲတဲ့ပြီး တိုင်းတယ်။ ဘာဖြစ်သလဲ၊ နင့်လို ကစော်သမား၊ အရက်သမား သူ့စကားပဲ မဆုံးသေးပါဘူးဗျာ၊ ကျွန်တော့်ကို တိုင်းထွာပြီး နင်လုံး ငါလုံးတွေနဲ့ ပြောတော့ ဒေါသထွက်ပြီး လက်သီးနဲ့ တစ်ချက်တည်း ထိုးလိုက်တာ မေ့ကြောထိုးမိသလား မသိဘူး။ ခေါက်ခနဲဖြစ်သွားပြီး ခေါင်းလန်ပြီး ရှေ့ကိုစိုက်အကျမှာ ဒေါသကထွက်နေတော့ မကျေနိုင် မချမ်းနိုင် လုပ်မိလုပ်ရာဆိုသလို လဲကျလာတဲ့ လူကို ရင်ဝဒူးနဲ့ ဝင်တိုက်လိုက်တာ အွတ်ခနဲတစ်ချက်တည်းပဲ အသံကြားလိုက်ရတယ်။ ပုံလျက်သားကလေးကျပြီး တစ်ခါတည်း မလှုပ်နိုင်ဖြစ်သွားတာပဲ။

ဒီလိုဖြစ်တာ တွေ့ရတော့ ကျွန်တော် စိတ်ထဲမှာ အားရပြီး ဝမ်းသာသွားမိတယ်။ နောက်တော့မှ တစ်ခါတည်း မထတော့တာ တွေ့ရလို့ ဆွဲကြည့်လိုက်တော့ အသက်မရှိတော့ဘူးဆိုတာ သိရပြီး မျက်လုံးပြူးသွားတော့တာပဲ။ သောက်လာခဲ့တဲ့ မူးတဲ့အရှိန်ကလေးကလည်း ဘယ်ပျောက်သွားတယ် မသိတော့ပါဘူး။ လူလည်း နဖူးကချွေးတွေ စီးလာတာပဲ။

ကိုဘိုးခေါင်း၏မျက်နှာကို ကြည့်လိုက်ရာတွင် လူရူးတစ်ယောက်ကဲ့သို့ ကြောင်စီစီဖြစ်နေသည်ကို တွေ့ရလေ၏။ နှစ်ပေါင်းများစွာ ချစ်၍လာခဲ့ကြပြီးမှ အမုန်းစိတ်ဝင်ပြီး ချစ်လှစွာသော ဇနီးအား သတ်ပစ်လိုက်မိခြင်းကို နောင်တရသကဲ့သို့လည်းကောင်း၊ နှမြောနေဘိသကဲ့သို့လည်းကောင်း မသက်သာသောမျက်နှာကို တွေ့ရလေ၏။

ထိုနောက်မှ ကိုဘိုးခေါင်းသည် သက်မကြီးချလိုက်ပြီးလျှင် ကျွန်တော်လည်း လိုချင်တာကလေးတစ်ခု နှစ်ခုယူပြီး ဒီအချိန်ကတည်းကပဲ ထွက်လာတာ စိတ်ထဲမှာတွေးပြီး ဘာဖြစ်လို့ဖြစ်လာတယ်ရယ်လို့တောင် မသိဘူး၊ အချိန်ရှိသရွေ့ဟာလည်း လမ်းပဲလျှောက်နေတာပဲ၊ အခုတင်ကလေးမှ
mgyoe.com

mgyoe.com

ဆာဆာနဲ့ ဒီကိုဝင်လာခဲ့တာပဲဟု ဆိုပြီးနောက် ဆက်လက်၍ ဒီအကြောင်းကို တစ်ယောက်ယောက်ကိုမှ ဖွင့်မပြောလိုက်ရရင် ကျွန်တော် ရူးသွားမလား မသိဘူး။ ခင်ဗျားကို မြင်တော့ ဒီလူဟာ ကြောက်တတ်လန့်တတ်မယ့်လူ မဟုတ်ဘူးလို့ အောက်မေ့ပြီး ပြောမိတာပဲ။ ဒါပေမဲ့ ခင်ဗျားစိတ်ထဲမှာ ကျွန်တော့်ကို ကိုယ်ချင်းစာ သနားမယ့် စိတ်မျိုးထက် ပုလိပ်ကိုတိုင်ဖို့အရေး စိတ်ကူးနေတယ် မဟုတ်လားဟု မေးလေ၏။ ကျွန်ုပ်သည် ၎င်း၏အမေးကို ဖြေ၍ အကျိုးရှိမည်မဟုတ်သဖြင့် ခင်ဗျား အခုဘာလုပ်မယ်ကြံသလဲဟု မေးလိုက်လေ၏။

"ကျွန်တော် အခုနေတော့ တခြားကို ပြေးလို့ မဖြစ်သေးဘူး။ မီးရထား၊ သင်္ဘောဆိပ် ပုလိပ်တွေ စောင့်နေမှာပဲ။ အခုနေတော့ မနှင်းညွန့် မသိအောင် စုထားတဲ့ငွေကလေးနဲ့ ချောင်ခိုပြီး စားနေဦးမှပဲ။ ဒီကိစ္စကို သတိမေ့လောက် ကျမှ တခြားကို ပြေးရမှာပဲ။ ဒါပေမဲ့ တစ်ခုတော့ ကျွန်တော်ပြောမယ်၊ ကျွန်တော်ပုလိပ်အဖမ်းတော့ မခံဘူး။ ပုလိပ်ဖမ်းရင် ထောင်ထဲမှာ နေဦး၊ ရုံးတင် စစ်ဦးနဲ့ စိတ်ညစ်စရာအကြောင်းကို ထပ်ထပ်ပြီး သတိရနေရတော့ မှာပဲ။ သေစား သေရတော့မယ်ဆိုတာကိုလည်း မသေမချင်း စိတ်ထဲမှာ စွဲလမ်း နေရမှာပဲ။ ပုလိပ် ကျွန်တော့်ကို ဖမ်းလို့မိရင် အရှင်တော့ မမိဘူးပဲ၊ ကျွန်တော် စိတ်ပိုင်းဖြတ်ပြီးပြီ"

ကျွန်ုပ်သည် ထိုသူအား တစ်စုံတစ်ရာ နောက်ထပ်မေးမည်အပြုတွင် ၎င်း၏မျက်လုံးများသည် တစ်ဖက်သို့ကြည့်၍ ပြူးကျယ်သွားရာ ဆတ်ခနဲ ထလိုက်သည်ကို တွေ့ရလေ၏။ ကျွန်ုပ်သည် ၎င်းကြည့်ရာဘက်သို့ လှည့်ကြည့်လိုက်သောအခါ ဆိုင်တွင်းသို့ ပုလိပ်တစ်ယောက်ဝင်လာသည် ကို တွေ့ရလေ၏။

ရှေ့တွင် မည်သို့မည်ပုံ ဖြစ်ပျက်သွားသည်များမှာ လျှင်မြန်လွန်းရကား ကျွန်ုပ်မှာ ထိုအကြောင်းတို့ကို ယခုတိုင် အိပ်မက်ကဲ့သို့ ထင်မြင်နေမိပေ တော့၏။ ကျွန်ုပ်သည် ကိုဘိုးဒေါင်းအား ပြန်၍ လှည့်ကြည့်လိုက်သည့် အခါ အိတ်ထဲမှ တစ်စုံတစ်ခုကို ထုတ်ကာ ပါးစပ်ထဲသို့ ဖွင့်၍ ထည့်လိုက် သည်ကို တွေ့ရပြီး ကုလားထိုင်ပေါ်သို့ ပျော့ခွေ၍ ပြန်ပြီး ကျသွားသည်ကို တွေ့ရလေ၏။

mgyoe.com

mgyoe.com

ထိုသို့အကျတွင် စကားပြောနေသည့် အချိန်တွင် အေး၍ သွားပြီဖြစ်သော အကြမ်းအိုးကို ၎င်း၏လက်နှင့်ထိမိရာ ကြက်သေးနွေးလောက်နွေးသော လက်ဖက်ရည်ကြမ်းများသည် စားပွဲမှအောက်သို့ ဖိတ်ကျကာ ကိုဘိုးဒေါင်း၏ ခြေရင်းတွင် အိုင်၍ သွားလေ၏။ မကြာမီ ထိုအိုင်ထွန်းသည့် ရေကွက်ထဲသို့ ကိုဘိုးဒေါင်း၏တွဲလောင်းကျလျက်ရှိသော လက်ထဲမှ ဖန်ဘူးကလေးတစ်ခု လွတ်၍ကျလာ၏။

ရှေ့ ဖြစ်ပျက်သည်များကား အကျယ်ရေးရန် မလိုချေ။ ထိုအချိန်တွင် ကျွန်ုပ်၏ ဦးနှောက်တွင်း၌ မိန်းမအော်သံများ၊ ပုလိပ်မေးခွန်းများ၊ ဒိုင်ယာရီစာအုပ်များ၊ လူနာတင်ကားသံများတို့သည် ရောထွေးကာ ဦးစောက်ကျွမ်းပြန်ချလပတ်လည်၍ နေသကဲ့သို့ ရှိသွားလေတော့၏။

ဝင်လာသော ပုလိပ်အား ကျွန်ုပ်သည် ကိုဘိုးဒေါင်း ပြောသွားသည့်စကားများကို ပြောပြမည်အပြုတွင် ၎င်းက "ဒါတွေ ဒီမှာ မပြောနဲ့၊ ဌာနကျတော့မှ ပြော" ဟု သတိပေးလေ၏။

ကျွန်ုပ်၏စိတ်တွင် ဂါတ်သို့မသွားမီ ထိုဆိုင်ထဲမှာ မိနစ် ၂၀ ခန့်မှ မနှစ်မြို့ဖွယ် အခင်းကို မြင်နေရသည်ဟု ထင်မိပေ၏။

ထိုနောက် ဂါတ်သို့သွားရန် ထွက်၍လာကြရာ ဆိုင်ရှေ့သို့ရောက်သည်တွင် ပုလိပ်က ကျွန်ုပ်အား "ဒါ ခင်ဗျားကားလား" ဟု မေးလေ၏။

"ဟုတ်တယ် ဘာပြုလို့လဲ"

"ခင်ဗျားကား လမ်းဘေးမှာ ပစ်ထားတာကို ပြောရအောင် ဆိုင်ထဲကို ကျုပ်လာတာ၊ ဆိုင်ထဲလည်း ရောက်ရော မမျှော်လင့်တဲ့အဖြစ်မျိုး တွေ့တာပဲ" ကျွန်ုပ်မှာ အတော်ပင် အံ့အားသင့်၍ သွားလေတော့၏။ ထိုပုလိပ်သည် ကိုဘိုးဒေါင်းအား မသိ၊ ၎င်းအား ဖမ်းဖို့လည်း လာသည်မဟုတ်။ ကျွန်ုပ်၏ မော်တော်ကားအတွက် ပြောရအောင် လာခြင်းဖြစ်ရာ အပြစ်မကင်းသောသူမှ သူ့တရားနှင့်သူ စီရင်သွားချေပြီတကားဟု စိတ်ထဲမှာ စဉ်းစားမိလေတော့သတည်း။

[သူရိယမဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၁၉၃၉]

▢

mgyoe.com

m.gyoe.com

# ထူးဆန်းသော ကိုရွှေအုပ်၏ အတ္ထုပ္ပတ္တိ

ဦးသန့်

ဤအတ္ထုပ္ပတ္တိကလေးကို ကျွန်တော့်အား မိတ်ဆွေအငြိမ်းစား မြို့အုပ်တစ်ဦးက ပြောပြခဲ့လေသည်။ ကျွန်တော့်မိတ်ဆွေ ရုံးစိုက်သောနေရာမှာ အောက်မြန်မာပြည်ဆန်စပါးစိုက်ပျိုးရာ ခရိုင်တစ်ခုအတွင်း မြစ်၏ကမ်းနဖူးဖုန်ထူသော မြို့ကလေးတစ်မြို့ ဖြစ်၏။

ကျွန်တော့် မိတ်ဆွေသည် သူရုံးစိုက်ရာ မြို့နယ်အတွင်း ခရီးလှည့်လည်သွားရောက်စဉ် ကိုရွှေအုပ်၏အဖြစ်အပျက်ကလေးကို ကြားသိတွေ့ကြုံခဲ့ရခြင်းဖြစ်၏။ ကိုရွှေအုပ်သည် စပါးပွဲစားတစ်ယောက်ဖြစ်၏။ ငွေကြေးပြည့်စုံ၏။ လူချစ်လူခင်ပေါ၏။ တောရောမြို့ပါ သူ့ကိုလေးစားကြ၏။ လူပုံမှာ သေးသေးသွယ်သွယ်၊ အသားညိုညို၊ နှာတံပြားပြား ဖြစ်၏။ နှစ်စဉ်သူသည် ရန်ကုန်မှ ဆန်လုပ်ငန်းရှင်ကြီးများပိုင်သော တုန်ကင်းသုံးစင်းနှင့်အတူ ဤမြို့ကလေးသို့စပါးဝယ်ရန် ရောက်လာတတ်၏။ ဆန်လုပ်ငန်းရှင်ကြီးများကလည်း သူ့ကို ကောင်းစွာ သိကျွမ်းခင်မင်၍ ယုံကြည်စိတ်ချသည့်အလျောက် ဤသို့စပါးများ လှည့်လည်ဝယ်ယူရန်အတွက် ငွေကြေးအမြောက်အမြား ထုတ်ပေးထားတတ်ကြ၏။

ဤမြို့နယ်သို့ ကိုရွှေအုပ်ရောက်လာလျှင် ပထမဆုံး စခန်းချလေ့ရှိသည့်နေရာမှာ မြစ်ကမ်းအပါး တောရှင်းထားသော ကိုင်းမြေကွက်လွတ်

m.gyoe.com

mgyoe.com
ကလေးတစ်ခုဖြစ်၏။ ဤနေရာတွင် မြစ်ကမ်းသည် ရေထဲသို့ မြေငူစွန်းသဖွယ် စွယ်ထိုးထွက်ပေါ်နေလေရာ အောက်ဘက်ကွေ့ထဲတွင် သဘာဝအားဖြင့် ကောင်းမွန်လုံခြုံသော လှေဆိပ်ကလေးတစ်ခု ဖြစ်နေသည်။ အုန်းပင်၊ ဓနိပင်များမှာ ရေစပ်အထိ ပေါက်ရောက်နေသည်။ မြစ်သို့ ရေသောက်လာသော ကျွဲနွားတို့၏ အတက်အဆင်းခြေနင်းကွက်များကြောင့် ကမ်းပါးသည် နိမ့်ကျပြီး ခပ်ပြေပြေ ဆင်ခြေလျှောဖြစ်နေသည်။ ဤနေရာမှ အတွင်းဘက် နှစ်မိုင်ခန့်တွင် ကိုရွှေအုပ် စပါးဝယ်နေကျ အဝယ်ဒိုင်စခန်းကလေးတစ်ခု ရှိလေသည်။

သို့သော် ဤတစ်ခေါက်တွင်တော့ ကိုရွှေအုပ်သည် အဝယ်ဒိုင်သို့ လုံးဝရောက်မလာခဲ့ချေ။

ဤကိစ္စမှာ မြန်မာ့တောပိုင်းဒေသမှ ဖြေရှင်း၍မရသော လျှို့ဝှက်ဆန်းကျယ်သည့် အမှုအခင်းပေါင်း များစွာအနက်တစ်ခုသော အရေးအခင်းကလေးတစ်ခုဖြစ်၏။ နံနက်မိုးလင်းချိန်ရောက်သောအခါ မြစ်ကမ်းစပ်တွင် လူတစ်ယောက်မျှမရှိသော တုန်ကင်းများကိုသာ တွေ့ရသည်။ ကိုရွှေအုပ်နှင့် သူ၏အဖော်တစ်ယောက်၊ ထို့နောက် စပါးထမ်းအလုပ်သမားများ၊ အားလုံးပျောက်ကွယ်နေသည်။ ကိုရွှေအုပ်၏တုန်ကင်းပေါ်တွင် ရေနံဆီမီးအိမ်တစ်လုံးမှာ ကွဲ၍ကျနေပြီး ကြမ်းပြင်တွင် ရေနံဆီများ ယိုစီးနေသည်။ ရှေးဦးစွာ ကြည့်ရှုရှာဖွေသောအခါ လူများနှင့်အတူ ငွေများပါ ပျောက်ဆုံးနေဟန်တူသည်။ သို့သော် ပုလိပ်များက စေ့စေ့စပ်စပ်ရှာဖွေသောအခါ ကြမ်းပြင်တွင် အနည်းငယ်ကွာနေသော ပျဉ်တစ်ချပ်ကို တွေ့ရပြီး ၎င်းကို ခွာလိုက်သောအခါ အောက်တွင် အိတ်တစ်ခုထဲ၌ ငွေသားအတော်များများ ထောင်နှင့်ချီ၍ တွေ့ရ လေသည်။ ဤငွေများနှင့် ရေနံဆီမီးအိမ်ကွဲကလေးတစ်ခုသာလျှင် ပုလိပ်များ အတွက် သဲလွန်စ ကျန်ရစ်ခဲ့သည်။ ဤသဲလွန်စမျှဖြင့် အခြေခံ၍ အမှုကို စုံစမ်းရန် မလွယ်ကူချေ။ ကိုရွှေအုပ်၏အကြောင်းကိုလည်း ဘာမျှနောက်ထပ်၍ မကြားရတော့ချေ။ လူအများက ယူဆကြသည်မှာ ကိုရွှေအုပ်သည် ငွေများကိုယူ၍ ထွက်ပြေးတိမ်းရှောင်သွားသည်။ ထို့နောက် မြန်မာပြည်တစ်နေရာတွင် နာမည်တစ်မျိုးဖြင့် ဇာတ်မြှုပ်ပြီး ချမ်းချမ်းသာသာ နေထိုင်လျက်ရှိသည်ဟူ၍ ဖြစ်၏။ ဤအယူအဆကို အစိုးရအရာရှိပိုင်းကပါ လက်ခံရတော့မလိုဖြစ်လာသည်။ မြန်မာပြည်တွင် ဤသို့သော အလားတူကိစ္စများ
mgyoe.com

mgyoe.com

လည်း အတော်ကလေး များများရှိနေခဲ့လေသည်။ သို့သော် ကိုရွှေအုပ်၏ကိစ္စကို ထိုကဲ့သို့ ထင်မြင်ယူဆကောက်ချက်ချမည့် ကြံတိုင်း အစိုးရပိုင်းဆိုင်ရာများသည် တုန်ကင်း ကြမ်းပြင်အောက်မှ တွေ့ထားသည့် ငွေအိတ်ကိုပြေး၍ သတိရကာ မဝေမခွဲနိုင်ဖြစ်ကြလေသည်။ ထောင်နှင့်ချီသော ထိုငွေများမှာ နည်းလှသည်မဟုတ်၊ အဘယ့်ကြောင့် ကိုရွှေအုပ်သည် ထိုငွေများကို ယူမသွားခဲ့လေသနည်း။ သက်ဆိုင်ရာမှုထမ်းရာထမ်းများသည် လူသတ်မှုအရိပ်အရောင် သဲလွန်စ တစ်ခုခုတွေ့လို့တွေ့ငြား လပေါင်း အတန်ကြာ စုံစမ်းထောက်လှမ်းကြသေး၏။ ကိုရွှေအုပ်၏ ရွာမှ သူကြီး ဦးစံချိန်တစ်ယောက်ဆိုလျှင် ပုလိပ်ဘက်ဆိုင်ရာများနှင့်အတူ မမောနိုင် မပန်းနိုင်လိုက်ကာ အစွမ်းကုန်အကူအညီပေး မေးမြန်းစုံစမ်းသည်။ သို့သော် နောက်ဆုံးတွင် သူကိုယ်တိုင် လက်လျှော့ပြီး ခေါင်းကို စိတ်မချမ်းမသာ ယမ်းခါရင်း ကိုရွှေအုပ်သည် ပစ္စည်းဥစ္စာကို မက်မောသော လောဘတဏှာ၏ ဆွဲဆောင်ရာသို့ မခံနိုင်ဘဲ ဤသို့ မှားယွင်းလိုက်ပါရဟန်တူကြောင်း ပြောပြလေသည်။

"တကယ်လို့ သူ အသတ်ခံရတယ်ဆိုရင်လည်း သူ့အလောင်းကို သဲလွန်စကလေးပဲဖြစ်ဖြစ် ကျွန်တော်တို့ တွေ့ရမှာပေါ့ ဆရာတို့ရယ်" ဟု သူဆို၏။ ထိုနောက် ရှစ်နှစ်ခန့် ကြာသွား၏။ အချိန်မှာ ဆောင်းဦး ဖြစ်၏။ လှေတစ်စင်းသည် မြစ်ကို ဖြည်းညင်းစွာ စုန်ဆင်းရင်း မြို့ကလေးဆီသို့ ဦးတည်ချဉ်းကပ်လျက် ရှိသည်။ လှေပေါ်တွင် ဖျာရောင်းသော ဆင်းဆ ရဲရဲ ရွာသားတစ်ယောက်၊ သူ၏ဇနီးနှင့် သားငယ်ကလေးတစ်ယောက် လိုက်ပါလာ၏။ သူတို့သည် မြို့ကလေးတွင် ဖျာများရောင်းပြီး စားစရာဟင်းလျာသီးနှံစသည်များ ဝယ်ယူကြမည်ဖြစ်၏။ ယောကျ်ားလုပ်သူက လှေပဲ့မှာ ထိုင်သည်။ ဇနီးက လှေဦးမှာ ထိုင်သည်။ လှေဝမ်းထဲတွင် အင်္ကျီမပါ၊ ဗလာကိုယ်ထီးနှင့် သားငယ်ကလေးက ထိုင်သည်။ သားငယ်က သူတကာကလေးတွေနှင့် မတူချေ။ အရွယ်မရောက်သေးဘဲနှင့်ပင် လူကြီးဆန်ဆန်ဟန်ပန်အမူအရာမျိုးရှိသည်။ ထိုအတွက် မိဘများက သားကလေးအပေါ် အားကိုးတကြီး မျှော်လင့်ချက်ထားကြသည်။ ဖခင်ဖြစ်သူ၏ ထင်မြင်ချက်မှာ သူ့သားသည် ယခင်ဘဝမှ အထက်တန်းစားပုဂ္ဂိုလ်တစ်ဦးဦး၏ လူဝင်စားဖြစ်ပြီး ယခုဘဝတွင် သားငယ်သည် အရွယ်ရောက်လျှင် ဘုန်းကြီး၍ စာတတ်

mgyoe.com

mgyoe.com
ပေတတ်၊ ကျမ်းဂန်တတ် ပုဂ္ဂိုလ်အကျော်အမော်တစ်ယောက်ဖြစ်လာလိမ့်မည်ဟု မျှော်မှန်းလျက် ရှိ၏။

သူတို့သည် နေရောင်ဝင်းပသော မြစ်ပြင်အတိုင်း လှေကို လှော်ခတ်စုန်ဆင်းလာကြရာ ဖခင်က တစ်ခါတစ်ရံ တေးသီချင်းကလေး တစ်ပိုင်းတစ်စ ညည်း၏။ ဇနီးကလည်း စိတ်လက်ကြည်ရွှင်ဟန်ဖြင့် အသံကလေး တစာစာ သံပြိုင်ဝင်၍ ဆိုရာ၏။ မကြာမီပင် သူတို့လှေသည် တောရှင်းထားသော မြစ်ကမ်းပါး ကိုင်းမြေကွက်လွတ် နေရာကလေးသို့ရောက်လာ၏။

ဤနေရာတွင် မြစ်ကမ်းပါးသည် မြစ်ပြင်ထဲသို့ စွယ်ထိုးပြီး အငူထွက်လျက်ရှိရာ သဘာဝလှေဆိပ်ကလေးတစ်ခုလို ဖြစ်နေသည်။ အုန်းပင်၊ ဓနိပင်များကလည်း ရေစပ်အထိ ပေါက်နေသည်။ ကမ်းပါးစောင်း ဆင်ခြေလျှောမှာလည်း ရေသောက်ဆင်းသော ကျွဲနွားတို့၏ ခြေရာကွက်များဖြင့် ရှုပ်ထွေးလျက် ရှိ၏။ ဤတွင် လှေဝမ်းထဲမှ သားငယ်က ရုတ်တရက် ကောက်ကာငင်ကာ စကားပြောလေသည်။

"အဲဒီညက ကျုပ်တို့တုန်ကင်းတွေ ဆိုက်ထားတာ ဒီနေရာပေါ့" ဟု သူက ဆို၏။

သားငယ်သည် မွေးကတည်းက တစ်ကြိမ်မျှ ရွာမှ ဝေးဝေး ရောက်ဖူးသူမဟုတ်သည့်အတွက် မိဘများမှာ သား၏စကားကြောင့် ထူးဆန်းအံ့သြသလိုဖြစ်သွား၏။ ထို့ကြောင့် မိခင်ဖြစ်သူက မေး၏။

"ရောက်တတ်ရာရာ ဘာတွေလျှောက်ပြောနေတာလဲ လူကလေးရယ်"

"ကျုပ်တို့ အဲဒီနေ့က နေဝင်ချိန်လောက်မှာ ရောက်ပြီး ဒီနေရာမှာ တုန်ကင်းတွေကို ကပ်ထားတယ်။ ဟောဟိုရွှံ့ထဲက နွားခြေရာကွက်တွေကို ကျုပ်ကောင်းကောင်း မှတ်မိတာပေါ့။ အဲဒီညမှာ အေးလည်း သိပ်အေးတာပဲ" ဟု သားငယ်က ဆက်ပြောနေပြန်၏။

ထိုအခါ မိခင်က သားကို စိတ်ကျေနပ်အောင် စလိုက်စလျောပြောဟန်ဖြင့် "ကဲ ဆိုစမ်းပါဦး၊ အမေတို့အိမ်က အဝေးကြီးလာပြီး ဒီနေရာမှာ လူကလေးတစ်ယောက်တည်း ချမ်းချမ်းစီးစီး ဘာလုပ်နေသလဲ"

"ကျုပ်က ဒီမှာ စပါးဝယ်ဖို့လာတာ။ ဟိုမြစ်ဝဆီက ဆန်ကုန်သည်သူဌေးတွေအတွက် စပါးဝယ်ထွက်လာတာ" ဟု သားက ဖြေ၏။
mgyoe.com

မိခင်က သားပြောပုံကို သဘောကျပြီး ရယ်လိုက်တော့မည်ဟန်ဖြစ်နေရာတွင် ဖခင်က ဝင်၍ ဇနီးအား ဟန့်လိုက်၏။ ထို့နောက် အဖေက သားအား သေွးတိုးစမ်းသလို ညင်ညင်သာသာ မေးခွန်းများ ဆက်မေးလေတော့၏။

သားငယ်က ဖြေ၏။

"ညကလည်း သိပ်ချမ်းသိပ်အေးတာပဲ။ ညဥ့်လည်း နက်လာရော ကျုပ်တို့ကင်းသမားက တခေါခေါ အိပ်မောကျပါလေရော။ အဲဒီအချိန် လူသုံးယောက် တုန်ကင်းပေါ်တက်လာတယ်။ ကုန်းပေါင်ပျဉ်ပြားပေါ်မှာ ဝပ်ပြီး တက်လာကြတယ်။ ပြီးတော့ သူတို့က ကင်းသမားရဲ့ ဝါးရင်းတုတ်ကို ယူတယ်။ ပြီးတော့ ရေနံဆီမီးအိမ်ကို ခြေထောက်နဲ့ကန်ပစ်လိုက်တယ်။ နောက် ကျုပ်အိပ်နေတဲ့နေရာကို သူတို့ရောက်လာကြတယ်။ သူတို့က ကျုပ်ငွေတွေကို ယူတယ်။ ကျုပ်က ငွေတချို့ကို ကျုပ်ခေါင်းအုံးအောက်မှာ ထားတယ်။ တချို့ကို ကျုပ်ခါးထဲမှာ ထားတယ်" ဤတွင် သားငယ်ကရပ်ပြီး ရုတ်တရက် အသံထွက်အောင် ရယ်မောလိုက်သေး၏။ နောက်ဆက်၍

"တချို့ငွေတွေကိုတော့ ကျုပ်က ဂုံနီအိတ်နဲ့ထည့်ပြီး ကြမ်းခင်းပျဉ်ချပ်အောက်မှာ ဖွက်ထားတာ၊ အဲဒါကို သူတို့ လုံးလုံးတွေ့မသွားကြဘူးဗျ။ ကျုပ်ကလည်း ဘယ်နေရာမှာ ထားတယ်ဆိုတာ ဖွင့်မပြောဘူး။ ကျုပ်က အော်တယ်။ အော်တော့ ကင်းသမားနိုးပြီး ပြေးလာတယ်။ ကင်းသမားကို သူတို့ သတ်ပစ်လိုက်တယ်။ သူ့ကို ခုတ်ထစ်ပြီး မြစ်ထဲ ပစ်ချလိုက်တာပဲ"

"ဒီတော့ လူကလေးကကော ဘာလုပ်သေးသလဲ" ဟု ဖခင်ကဝင်၍ မေး၏။

သားငယ်က တစ်ကြိမ်ထပ်ရယ်ပြီးပြော၏။ "ကျုပ်က ဘာလုပ်နိုင်မှာလဲ၊ ကျုပ်ကိုလည်း သူတို့က ဘယ်သူမှ မမှတ်မိအောင် ခုတ်ထစ်ပြီး မြစ်ထဲကိုပဲ ပစ်ချလိုက်တာပေါ့၊ အဲဒီညက တော်တော်အေးတဲ့ညပါပဲ" ဟုဆိုကာ သားငယ်မှာ ပြောရင်း ချမ်းစိမ့်သလို ဖြစ်လာ၏။

ဖခင်ဖြစ်သူမှာ ကိုရွှေအုပ်နှင့် တစ်ရွာတည်းသားချင်း ဖြစ်လေရာ ကိုရွှေအုပ်၏အဖြစ်အပျက်ကို ကောင်းစွာသိ၏။ တုန်ကင်း ကြမ်းပြင်ပျဉ်ချပ်အောက်မှ ငွေအိတ်အကြောင်းကိုလည်း သိ၏။ ထို့ပြင် ယခု သူတို့လှေ

mgyoe.com

mgyoe.com
ရောက်နေသော နေရာမှာ ဂိုရွှေအုပ် စပါးဝယ်လာစဉ် ထိုနေ့ညက တန်ကင်း သုံးစင်းဆိုက်ကပ်၍ ညအိပ်သော နေရာဖြစ်ကြောင်းကိုလည်း သိရှိ၏။

ထို့ကြောင့် သူက သားငယ်အား မေး၏။

"အဲဒီလိုလုပ်တာ ဘယ်သူတွေလဲ လူကလေး"

"ကျုပ်ကို ဓားနဲ့ ခုတ်တဲ့လူကိုတော့ ကျုပ် မသိဘူး။ သူ့မျက်နှာက မှောင်ရိပ်ထဲမှာ ရောက်နေတယ်။ ဒါပေမဲ့ အဲဒီလူ အနားမှာရပ်နေပြီး စောစောက ကင်းသမားကို ဓားနဲ့ခုတ်တဲ့လူကတော့ သူကြီးကိုစံချိန်ပေါ့။ ကျုပ် သူ့ကို ကောင်းကောင်းသိတာပေါ့"

ထိုအခါ မိခင်ဖြစ်သူမှာ ထိတ်လန့်တကြား လှုပ်ရှားလာပြီး ခင်ပွန်းအား စိတ်ဆိုးမာန်ဆိုး အမူအရာမျိုးဖြင့် ကြည့်လျက် "ကလေးကို ဒီလိုစကားတွေ မပြောပါစေနဲ့၊ တော်တော်ကြာ ကျုပ်တို့အားလုံး ဒုက္ခရောက်ကုန်ကြလိမ့်မယ်" ဟုဆို၏။ အဘယ်ကြောင့်ဟူမူ ဦးစံချိန်မှာ ယခုအချိန်တွင် ရွာက လေးစားသော ကြေးရတတ် လူချမ်းသာ လူကြီးလူကောင်းတစ်ဦးဖြစ်နေသည်သာမက ရွာနီးချုပ်စပ် ဆရာဘုန်းတော်ကြီးများ၊ ရဟန်းသံဃာများအား ပစ္စည်းလေးပါး ဒါယကာအဖြစ် ခံယူလှူဒါန်းနေသူဖြစ်သောကြောင့်တည်း။

[ဂန္ထလောကမဂ္ဂဇင်း၊ ၁၉၃၂ ခုနှစ်၊ ဧပြီလ၊ အတွဲ ၁၅၊ အမှတ် ၈၇၊ စာမျက်နှာ ၁၆၇–၁၆၈ တွင်ဆက်၍]

သို့သော် ဖခင်ဖြစ်သူမှာ သားငယ်ပြောသော အဖြစ်အပျက်ကို မေ့ဖျောက်မရဘဲ တွေးနေမိ၏။ တဖြည်းဖြည်းနှင့် ဤအတွေးသည် စိတ်ထဲတွင် ဝန်ထုပ်ကြီးတစ်ခုပမာ လေးလံလာ၏။ နောက်ဆုံးတွင် ဤဝန်ထုပ်ကြီးကို သယ်ပိုးမထားနိုင်တော့သလို ဖြစ်လာ၏။

တစ်နေ့တွင် ကျွန်ုပ်၏မိတ်ဆွေမြို့အုပ်သည် ခရီးလှည့်ရင်း ထိုရွာကလေးသို့ရောက်ရှိလာပြီး ကလေးငယ်၏ဖခင်ထံမှ အဆိုပါအဖြစ်အပျက်တစ်ခုလုံးကို ကြားသိရလေသည်။ မြို့အုပ်သည် တောရွာကလေးများတွင် ဤသို့ မကြာခဏ တွေ့ရတတ်သော လူဝင်စားများအကြောင်း၊ နတ်ပူးစုန်းပူးများအကြောင်း၊ အခြားထူးထူးဆန်းဆန်းကိစ္စများအကြောင်းကို ယုံကြည်သူမဟုတ်ချေ။ သို့သော် ဤကလေးငယ်က သူ့အကြောင်း၊ သူ့အတ္ထုပ္ပတ္တိကို ပြောပုံဆိုပုံ အမူအရာမှာကား လွန်စွာ ပိုင်နိုင်တိကျလှပေသည်။
mgyoe.com

အယူသည်းသော ပုံကြည်မှုများကို လွယ်လွယ်နှင့် လက်ခံလိုသူ တစ်ယောက်မဟုတ်စေကာမူ မြို့အုပ်သည် ဤတစ်ကြိမ်တွင်တော့ ယုံကြည် လက်ခံရတော့မလို အတော်စိတ်ပါဝင်စားလာလေသည်။ သို့သော် အခြေအနေ မှာ စဉ်းစဉ်းစားစား သုံးသပ်ကိုင်တွယ်ရန် အထူးလိုအပ်ပေသည်။ သူကြီး ဦးစံချိန်တွင် လူအများသိသလောက် အကျင့်စာရိတ္တ ချွတ်ယွင်းမှုဟူ၍ ယခု အထိ တစ်စွန်းတစ်ကွက်မျှပင် မရှိသေးချေ။ သံသယဖြစ်နိုင်စရာ တစ်ခုတည်း သောကိစ္စမှာ ဦးစံချိန်သည် ဘယ်ကငွေတွေ ဘယ်လိုရ၍ ဘယ်လို ချမ်းသာ လာသည်ဟူသောအချက်သာလျှင် ဖြစ်၏။ စဉ်းစဉ်းစားစား စီစဉ်လုပ်ဆောင် ရန် လိုအပ်သည့်အတိုင်း မြို့အုပ်သည် အချိန်ယူ၍ စဉ်းစား၏။ အကယ်၍ သူငယ်ကလေး၏အတ္ထုပ္ပတ္တိကို တကယ်ဖြစ်ပျက်ခဲ့သည့်နေရာတွင် ပြန်ပြောင်း ထုတ်ဖော်ပြောဆိုနိုင်အောင် အခြေအနေများ ဖန်တီးစီစဉ်ပေးမည်ဆိုပါက သူကြီးဦးစံချိန်ကိုယ်တိုင် မည်သည့်နည်းနှင့်မျှ စိတ်မလှုပ်ရှား ဣန္ဒြေမပျက်ဘဲ နေနိုင်မည်မဟုတ်ဟု မြို့အုပ်က တွေးမိ၏။ ယင်းသို့ တွေးပြီး သူသည် ပျော်ပွဲစား မြစ်ကြောင်းခရီးတစ်ခုကို စီစဉ်လိုက်၏။ ထိုခရီးတွင် အခြားလူများနှင့်အတူ ဦးစံချိန်နှင့် ဖျာရောင်းသူ ရွာသား သားအဖကိုပါ ခေါ်ဆောင်လာခဲ့၏။

မြို့အုပ်၏မော်တော်ကလေးသည် မြစ်ပြင်အတိုင်း ခပ်သွက်သွက် စုန်ဆင်းလာပြီး တောရှင်းထားသော မြစ်ကမ်းစပ် ကိုင်းမြေကွက်လွတ်နေရာ သို့ရောက်လာ၏။ ကမ်းပါးသည် ရေထဲသို့ စွယ်ထိုးထွက်ပေါ်နေရာ အောက်ဘက်၌ သဘာဝလှေဆိပ်ကလေးတစ်ခု ဖြစ်နေသည်။ မြစ်ကမ်းစပ် ခပ်ထပ်ထပ် ခြောက်နေသောရွှံ့ထဲတွင် နွားခြေရာကွက်များကို မြင်သည်။ အုန်းပင်၊ ဓနိပင်များမှာလည်း ရေစပ်အထိ ဆင်း၍ ပေါက်ရောက်နေသည်။

မြို့အုပ်က ဤနေရာတွင် မော်တော်ဆိုက်ကပ်ရန် ကြံရွယ်ကြောင်း သိမြင်သောအခါ ဦးစံချိန်တစ်ယောက်မှာ အမူအရာပြောင်းလာသည်။ သူသည် စိတ်ထဲ၌ ပြင်းထန်စွာ လှုပ်ရှားနေသလို မျက်နှာများပျက်လာသည်။ ဤနေရာမှာ မော်တော်ဆိုက်ရန် နေရာကောင်းတစ်ခုမဟုတ်ကြောင်း သူက ပြောလေသည်။ ထိုအခါ သူငယ်ကလေးက ပြော၏။

'ကျုပ်တို့ ဟိုညက တုန်ကင်းတွေ ကမ်းမှာကပ်ပြီး ညအိပ်တာ ဒီနေရာ ပဲပေါ့'

mgyoe.com